လွှတ်တော်ကိုယ်စားလှယ်များ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကျင်းပပြုလုပ်ခြင်း








တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် **" လွှတ်တော်ကိုယ်စားလှယ်များ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း "** ကို(၄–၆–၂၀၂၆) မှ (၂၂–၆–၂၀၂၆) ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သဘင်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါသင်တန်းတွင် မုံရွာတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများမှ လွှတ်တော်ကိုယ်စားလှယ်များအတွက် အမှန်တကယ်အထောက်အကူပြု၊ အကျိုးရှိနိုင်မည့် ဘာသာရပ်များကို ရွေးချယ်ပြီး သင်ကြားပို့ချခဲ့ကြပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

လွှတ်တော်သတင်းလွှာ



၁၃ဝဂ ဥုန္နစ်၊ ပထမဝါဆိုလပြည့်ကျော် (၁၄)ရက် ၁၃ – ၇ – ၂၀၂၆ (တနလာနေ့) အတွဲ(၁)၊ အမှတ်(၂)

ပြည်သူ့အသံ ... လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ ... လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် ... လွှတ်တော်ကဖော်ဆောင်ရွက်

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ပထမနေ့) ကျင်းပ



တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ပထမနေ့)ကို (၄–၆–၂၀၂၆) ရက်နေ့ နံနက် (၁၀း၀၀)နာရီအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း(၈၃)ဦးတို့ တက်ရောက်ကြပါသည်။

ဓမ္မဇန်းများ ဓမ္မဖြန်းခြင်း၊ ဓမ္မကြားခြင်းကဏ္ဍ



ဦးမြတ်ကို၊ ခန္ဓိ(၁)



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး

ခန္ဓိမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးမြတ်ကိုက ခန္ဓိမြို့၊ မကမ်နောင်ကျေးရွာ-နာဟင်ဖောက်ဆိုင်ကျေးရွာ-လောင်ပကျေးရွာချင်းဆက်လမ်း (၁၅)မိုင်အား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးမှ တင်ပြပါလမ်းပိုင်းနှင့်စပ်လျဉ်းပြီး ခန္ဓိမြို့နယ်၊ နားတိုက်ကျေးရွာနှင့် မကမ်နောင်ကျေးရွာကြားကို (၄)မိုင်လမ်းကို ပြည်ထောင်စုနယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ မြေလမ်း(၄)မိုင်ဖောက်လုပ်ခြင်းနှင့် box curvet ၁၀ ခု တည်ဆောက်ခြင်းလုပ်ငန်းအား SLCK ကုမ္ပဏီမှ ငွေကျပ် ၁၈၃. ၀၁၃ သန်းဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၆. ၉၆၄ သန်းဖြင့် အဆိုပါမြေလမ်းပေါ်မှာ ၄ မိုင် အမာခံခင်းခြင်းလုပ်ငန်းကို SLCK ကုမ္ပဏီမှ တင်ဒါ အောင်မြင်တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ အမာခံခင်းပြီး ၄ မိုင် လမ်းပေါ်မှာ တော်ဝင်ထက်လမ်းကုမ္ပဏီမှ ကွန်ကရစ်ခင်းခြင်း ၄ မိုင် ခွင့်ပြုရန်ပုံငွေကျပ် ၁၄၂. ၅ သန်းဖြင့်လည်းကောင်း၊ သီရိကိုမာ ကုမ္ပဏီမှ ကွန်ကရစ်ခင်းခြင်း၊ ၀/၉ မိုင်အား ခွင့်ပြုရန်ပုံငွေကျပ် ၁၈၂. ၀၉၆ သန်းဖြင့်လည်းကောင်း၊ အောင်ဘုန်းပြည့်ကုမ္ပဏီမှ ကွန်ကရစ်ခင်းခြင်း ၀/၃ မိုင်အား ခွင့်ပြုရန်ပုံငွေကျပ် ၁၈၂. ၀၉၆ သန်းဖြင့်လည်းကောင်း စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၆၀၆. ၆၉၂ သန်းဖြင့် ၁/၂ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊ မကမ်နောင်ကျေးရွာမှတစ်ဆင့် ဝါးအင်ဖောင်းစိန်ကျေးရွာနှင့် လောင်ပကျေးရွာ မြေသားလမ်းဖောက်လုပ်နိုင်ရေး မိုင် အတိအကျသိရှိနိုင်ရန် ကွင်းဆင်းတိုင်းတာစေပြီး သိရှိရပါက ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက်လုပ်ငန်းများ ခွဲခြားလျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးမြင့်လေး၊ မြင်းမူ(၁)



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး

မြင်းမူမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးမြင့်လေးက မြင်းမူမြို့နယ်နေပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် အခက်အခဲများရှိနေသည့်အတွက် စစ်ကိုင်းမြို့တွင် တွဲဖက်ထားသည့် မြင်းမူမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကို မြင်းမူမြို့သို့ ပြန်လည်အခြေပြု၍ လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးမှ မြင်းမူမြို့နယ်ပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းအား ၁၉၉၀ ခုနှစ်မှစပြီး မြို့နယ်ရုံး အစီအစဉ်နှင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံချက်များ ရေးဆွဲဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မြင်းမူမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနရုံးအား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့ ည ၇ နာရီခွဲ အချိန်တွင် အကြမ်းဖက်သောင်းကြမ်းသူများမှ မီးရှို့ဖျက်စီးခဲ့ပြီးနောက် ရုံးအဆောက်အဦ ၁ လုံး၊ ရုံးလုပ်ငန်းသုံးစက်ပစ္စည်း ၄ မျိုး၊ ရုံးသုံးပရိဘောဂ(၆)လုံး တန်ဖိုးငွေကျပ် ၉၄၆၃၆၄၃ ကျပ် ဆုံးရှုံးခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ မြင်းမူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၏ လုပ်ငန်းများအား စစ်ကိုင်းခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးမှာ ရွှေ့ပြောင်းပြီးတော့ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြင်းမူမြို့နယ်အတွက် ယနေ့အထိ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းအား ၁၇၁ ဦး ၊ အသက် ၁၀ ပြည့်မှ ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ထုတ်ပေးခြင်း ၁၈၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီး၊ ဟောင်းနွမ်း မိတ္တူထုတ်ပေးခြင်းအား ၁၈၇ ဦး၊ မွေးစာရင်းမှတ်ပုံတင်သူ ၃၀၂ ဦး၊ သေဆုံးစာရင်းပယ်ဖျက်သူ ၄၈ ဦး၊ အိမ်ထောင်စုပြောင်းဝင်လာသူ ၁၁ ဦး၊ အိမ်ထောင်စုအတွင်းမှ ပြောင်းထွက်သွားသူ ၄၈ ဦး၊ အိမ်ထောင်စုလူဦးရေစာရင်း အသစ်ဖွင့်ပေးခြင်း ၆၀ စုနှင့် အိမ်ထောင်စုလူဦးရေမိတ္တူထုတ်ပေးခြင်းများအား ရုံးပိတ်ရက်များပါ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်

တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့၏ လုပ်ငန်းဆောင်ရွက်ချက်များ



(၃-၆-၂၀၂၆)ရက်နေ့တွင် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်သည် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းကျော်သူနှင့်အတူ "ဒသမအကြိမ်မြောက် သူနာပြု-သားဖွား ဒီပလိုမာအောင်လက်မှတ် အပ်နှင်းပွဲအခမ်းအနား" သို့ တက်ရောက်ခဲ့ပါသည်။



(၁၃-၆-၂၀၂၆)ရက်နေ့တွင် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးဌာန၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား/သူများနှင့်အတူ "စစ်ကိုင်းတိုင်းဒေသကြီးအဆင့် ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနား" သို့ တက်ရောက်ခဲ့ပါသည်။



(၂၄-၆-၂၀၂၆)ရက်နေ့တွင် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရေးရာကော်မတီဥက္ကဋ္ဌများနှင့်အတူ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။



(၂၄-၆-၂၀၂၆)ရက်နေ့တွင် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်သည် မုံရွာမြို့၊ တိုင်းစည်ပင်ရုံး၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များရုံး၊ နန္ဒဝန်ရုပ်ကွက်ရှိ နန္ဒဝန်ဈေးနှင့် သာစည်ဈေးများသို့ သွားရောက်ခဲ့ပြီး ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ပါသည်။

တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့၏ လုပ်ငန်းဆောင်ရွက်မှုများ



(၆–၅–၂၀၂၆)ရက်နေ့တွင် တတိယအကြိမ်မြန်မာနိုင်ငံတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား “ ခရိုင်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနား” သို့ တက်ရောက်ခဲ့ပါသည်။



(၂၆–၅–၂၀၂၆)ရက်နေ့တွင် တတိယအကြိမ်မြန်မာနိုင်ငံတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်သည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မုဆိုခရိုင်/မြို့နယ် ပညာရေးမှူးများနှင့်အတူ ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။





၂၆–၅–၂၀၂၆)ရက်နေ့တွင် တတိယအကြိမ်မြန်မာနိုင်ငံတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်သည် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆန်းတောရပ်ကွက်၊ ရွှေကြာမွေမိမာန်၌ ကျင်းပပြုလုပ်သည့် “ဒေသဖွံ့ဖြိုးရေး ပိုင်းဝန်းကူညီဆောင်ရွက်ပေး” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားပိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။



(၂၉–၅–၂၀၂၆)ရက်နေ့တွင် တတိယအကြိမ်မြန်မာနိုင်ငံတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်သည် လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးနှင့်အတူ “ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး ဝန်ထမ်းသားသမီးများအား ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား” သို့ တက်ရောက်ခဲ့ပါသည်။



(၂–၆–၂၀၂၆)ရက်နေ့တွင် တတိယအကြိမ်မြန်မာနိုင်ငံတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်သည် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းကျော်သူနှင့်အတူ “ အားကစားနှင့်ကာယသိပ္ပံ(မုံရွာ)(၂၀၂၆–၂၀၂၇) ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်အထက်တန်းကျောင်း သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

ပြည်သူ့အင်အားဦးစီးဌာန၏ ရုံးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာများမှ ဖိတ်ခေါ်လာပါက မြင်းမူမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် အခြေပြုပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မီးရှို့ခံထားရသည့် ရုံးအဆောက်အဦဆောက်လုပ်စဉ်ကာလအတွင်း သက်ဆိုင်ရာ မြို့မိမြို့ဖများမှ ယာယီရုံးဖွင့်လှစ်နိုင်ရေး နေရာစီစဉ်ဆောင်ရွက်ပေးပါက အဆိုပါနေရာများမှာ အခြေပြု၍ ရုံးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးအောင်မင်းကျော်သူ၊ ဘုတလင်(၁)



လူမှုရေးရာဝန်ကြီး

ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးအောင်မင်းကျော်သူက ဘုတလင်မြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် မီးလောင်ပျက်စီးသွားသော ပင်မ(E)ပုံသဏ္ဌာန် နံကပ်၊ နှစ်ထပ်၊ သွပ်မိုးကျောင်းဆောင်အား အသစ်အမြန် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်မှ ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်းသစ် ဆောက်လုပ်နိုင်ရေးဒေသ အခြေအနေအရ မြို့နယ်မှ တင်ပြတောင်းခံနိုင်ခြင်း မရှိသေးပါသဖြင့် သင်လျော်မည်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရရှိနိုင်ရေးကို သက်ဆိုင်ရာခရိုင်/မြို့နယ်သို့ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေးအား ဒေသအာဏာပိုင်အဖွဲ့၊ လုံခြုံရေးအဖွဲ့များ၊ မိဘများ၊ ပညာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အလက(ခွဲ) ခုံမင်းကြီးကျောင်းတွင် ပူးတွဲလက်ခံဆောင်ရွက်လျက်ရှိပါကြောင်း ၃၁-၅-၂၀၂၆ ရက်နေ့အထိ အပ်နှံကျောင်းသား မူလတန်းအဆင့်(၂)ဦး၊ အလယ်တန်းအဆင့်(၃)ဦး၊ စုစုပေါင်း(၅)ဦး လက်ခံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသအခြေအနေပိုမိုတည်ငြိမ်အေးချမ်းလာပါက အထက ဘုတလင်ပင်မနေရာတွင် လက်ခံဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးခင်မောင်လွင်၊ တမူး(၁)



လူမှုရေးရာဝန်ကြီး

တမူးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးခင်မောင်လွင်က တမူးမြို့၊ အမက(၇)ကျောင်းအဆောက်အဦများ ပျက်စီးနေမှုအား ပြုပြင်ပေးရန် ကျောင်းများတွင် လိုအပ်နေသည့် ပရိဘောဂများ ဖြည့်တင်းပေးရန်နှင့် ကျောင်းဝင်းခြံစည်းရိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်မှ တမူးမြို့နယ် အမက(ခွဲ)၊ အလက(ခွဲ)၊ အမက(၇) ၏ ကျောင်းအဆောက်အဦ ပျက်စီးနေမှုအား ပြုပြင်ပေးရေး၊ ကျောင်းရှိပရိဘောဂများ ဖြည့်တင်းပေးရေး၊ ကျောင်းဝင်းခြံစည်းရိုးများ ပျက်စီးသဖြင့် ပြုပြင်ရမည့်လုပ်ငန်းများ၏ ကုန်ကျစရိတ်များ တွက်ချက်ပြီး တင်ပြတောင်းခံရေး သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၊ သက်ဆိုင်ရာမြို့နယ် ခရိုင် ပညာရေးမှူးရုံးများသို့ ဆက်သွယ်အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ တင်ပြပေးပို့မှုများ ရောက်ရှိလာပါက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာဦးစီးဌာနရုံးချုပ်သို့ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါ်စန္ဒာသိန်းက မော်လိုက်မြို့နယ်မှ ကျောင်းသား/သူများသည် ၂၀၂၁ ခုနှစ်မှစတင်၍ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် မော်လိုက်မြို့နှင့် လင်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေသည့် ကလေးတက္ကသိုလ်နှင့်မုံရွာတက္ကသိုလ်များသို့ ပြောင်းရွှေ့ပညာသင်ကြားလိုသဖြင့် ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများ



ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်း



ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်း

ဇေးခွန်းများ ဇေးဖြန်းခြင်း၊ ဇေဖြကြားခြင်းကဏ္ဍ



ဒေါ်စန္ဒာသိန်း၊ မော်လိုက်(၁)



လူမှုရေးရာဝန်ကြီး

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်မှ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိသော ဟုမ္မလင်းဒီဂရီကောလိပ်တွင် တက်ရောက်ကြရမည့် မြို့နယ်များမှာ ဟုမ္မလင်းမြို့နယ်၊ မော်လိုက်မြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့ဖြစ်ပါကြောင်း၊ အဆိုပါမြို့နယ်များတွင်ရှိသော ကျောင်းသား/သူများကို ဟုမ္မလင်းဒီဂရီကောလိပ်တွင် တက်ရောက်ရန် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်ချထားပေးခြင်း ဖြစ်ပါကြောင်း၊ မုံရွာတက္ကသိုလ်တွင် နေ့သင်တန်းများမှ အထူးပြုဘာသာ ၁၇ ခု၊ အဝေးသင်သင်တန်းများတွင် အထူးပြုဘာသာရပ် ၁၉ ခုတို့ဖြင့် သင်ကြားပို့ချပေးလျက်ရှိပြီး ကလေးတက္ကသိုလ်တွင် နေ့သင်တန်းများမှ အထူးပြုဘာသာ ၁၄ ခု၊ အဝေးသင်သင်တန်းတွင် အထူးပြုဘာသာရပ် ၁၂ ခုတို့ဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်ကို သိရှိရပါကြောင်း၊ နေ့သင်တန်းတွင် တက်ရောက်နေသော ကျောင်းသား/သူများအနေဖြင့် တက္ကသိုလ်တစ်ခုမှ အခြားတက္ကသိုလ်တစ်ခုသို့ ပြောင်းရွှေ့လိုပါက အောက်ဖော်ပြပါအချက်များကို ဆောင်ရွက်ရမှာဖြစ်ပါကြောင်း (၁) မိဘများရှိရာ တက္ကသိုလ်သို့ ပြောင်းရွှေ့ခြင်း၊ အိမ်ထောင်စုဇယားပြောင်း၊ (၂)မိဘဝန်ထမ်းပြောင်း အခြေအနေတွင် လိုက်ပါပြောင်းရွှေ့ခြင်း၊ (၃)ကန့်သတ်ဘာသာပြောင်းဖြစ်ပါက သက်ဆိုင်ရာတက္ကသိုလ်သို့ပြောင်းရွှေ့ခြင်းတို့ ဆောင်ရွက်လို့ရပါကြောင်း၊ ထို့အတူ အဝေးသင်သင်တန်းများတွင် တက်ရောက်နေသော ကျောင်းသား/သူများအနေဖြင့် တက္ကသိုလ်တစ်ခုမှ အခြားတက္ကသိုလ်တစ်ခုသို့ ပြောင်းရွှေ့လိုပါက အောက်ဖော်ပြပါအချက်များကို ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ (၁) မိဘများရှိရာမြို့ရွာရှိတက္ကသိုလ်သို့ ပြောင်းရွှေ့ခြင်း၊ အိမ်ထောင်စုဇယားပြောင်း၊ (၂)မိဘဝန်ထမ်းပြောင်းအခြေအနေတွင် လိုက်ပါပြောင်းရွှေ့ခြင်း၊ (၃)ကျောင်းသား/သူကိုယ်တိုင် နိုင်ငံဝန်ထမ်းဖြစ်ပါက ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်း(၄)ကန့်သတ်ဘာသာပြောင်းဖြစ်ပါက သက်ဆိုင်ရာတက္ကသိုလ်သို့ပြောင်းရွှေ့ခြင်းတို့ ဆောင်ရွက်လို့ရပါကြောင်း၊ အထက်ပါသတ်မှတ်ချက်တို့အပြင် အကြောင်းအမျိုးမျိုးကြောင့် မုံရွာမြို့နယ်၊ ကလေးမြို့နယ်နှင့် အဝေးမြေတွင်ရောက်ရှိနေကြသည့် အဝေးသင်သင်တန်းသား ကျောင်းသူ/သားများကို အနီးကပ် သင်တန်းတက်ရောက်ခွင့် ယာယီစာမေးပွဲခန်းများ ထားရှိ၍ စာမေးပွဲဖြေဆိုခွင့်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မော်လိုက်မြို့နယ်တွင်နေထိုင်သော ကျောင်းသား/သူများမှာ သွားလာရေး အခက်အခဲကြောင့် ဟုမ္မလင်းဒီဂရီကောလိပ်မှ မုံရွာတက္ကသိုလ် သို့မဟုတ် ကလေးတက္ကသိုလ်သို့ ပြောင်းရွှေ့တက်ရောက်လိုပါက အထက်ဖော်ပြပါ သတ်မှတ်ချက်များဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးမြင့်ကျော်၊ မင်းကင်း(၂)



လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

မင်းကင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးမြင့်ကျော်က မင်းကင်းမြို့နယ်တွင် တယ်လီဖုန်းဆက်သွယ်မှု မပြတ်တောက်ဘဲ အမြဲရရှိနိုင်ရေး အော်ပရေတာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးမှ မင်းကင်းမြို့နယ်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနှင့် ဆက်သွယ်မှု အဆင်ပြေချောမွေ့စေဖို့အတွက် မိုဘိုင်းစခန်း (၂၅)ခုကို တည်ဆောက်ဖွင့်လှစ်ပြီး မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြေနှုး-ကံထူးမ-ပြင်ဆိုင်-ကလေးဝ-ကလေး ဖိုက်ဘာဆက်ကြောင်းသည် ပြင်ဆိုင်-ကလေးဝကြားတွင် ပျက်စီးပြတ်တောက်လျက်ရှိပြီး ကလေး-ကလေးဝ-မင်းကင်း မိုက်ခရိုဝေ့ဆက်ကြောင်းသည်လည်း စခန်းများအတွင်း ပျက်စီးမှုများရှိနေသည့်အတွက် မိုဘိုင်းစခန်းများ ဆက်သွယ်မှု ပြတ်တောက်လျက်ရှိပါကြောင်း၊ ယခုပြတ်တောက်လျက်ရှိသည့် ဖိုက်ဘာဆက်ကြောင်းနှင့် မိုက်ခရိုဝေ့ဆက်ကြောင်းများကို နယ်မြေအခြေအနေပေါ်မူတည်ပြီး ပြန်လည်အစားထိုးပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်မှ ဆက်သွယ်မှု ပြန်လည်ရရှိမည်ဖြစ်ပါကြောင်း၊ ဖိုက်ဘာဆက်ကြောင်းနှင့် မိုက်ခရိုဝေ့ဆက်ကြောင်းတွေ ပြုပြင်နိုင်ခြင်းမရှိခင်ကာလအတွင်း မင်းကင်းမြို့နယ်တွင် ဆက်သွယ်မှုများရရှိရန်

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများ



ဓက်မှူလက်မှ၊ ဌမ်းအင်နှင့်လျပ်စစ်ဆိုင်ရာကော်မတီဥက္ကဋ္ဌ၊
အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်း



စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊
အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်း

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

အတွက် ကလေးဝဘက်ရှိ လူထုဆက်သွယ်ရေးလိုင်းမှ ယာယီဆက်ကြောင်း အသုံးပြုပြီး GSM မိုဘိုင်းကို အသုံးပြုသော်လည်း မြို့ပြင်လောက်သာရပြီး မြို့တွင်းအားနည်းနေသည်ကို တွေ့ရပါကြောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကောင်းမွန်အောင် ပြင်ဆင်လျက် ရှိပါကြောင်း၊ MPT အပါအဝင် အခြားမိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကိုလည်း အော်ပရေတာများနှင့် ညှိနှိုင်းပြီး ဆက်သွယ်မှုကောင်းမွန်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဒေါ်ကြူကြူစိန်၊ မုံရွာ(၂)



လျှပ်စစ်၊ ဌမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်ကြူကြူစိန် က မုံရွာ-ဟုမ္မလင်း မြန်မာ့လေကြောင်းလိုင်းခရီးစဉ်အား ခရီးသွားပြည်သူများနှင့် ကုန်စည်ဝန်ဆောင်မှု မြန်ဆန်အဆင်ပြေစေရန်အတွက် တစ်ပတ်လျှင် အနည်းဆုံး(၅)ရက်ခန့် ရက်တိုး၍ ပြေးဆွဲပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ ဌမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးမှ သက်ဆိုင်ရာဦးစီးဌာနရုံးချုပ်ကို တင်ပြပြီး ထိုမှတစ်ဆင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခင်ကလည်း ခန္ဓီဘက်က တစ်ခါ နေပြည်တော်၊ ရန်ကုန်နှင့်ဆက်သွယ်ပြီးဆောင်ရွက်ခဲ့ကြပါကြောင်း၊ မေးခွန်းနှင့် ပတ်သက်ပြီး လေကြောင်းပို့ဆောင်ရေးဦးစီးဌာနရုံးချုပ်ကို တင်ပြခဲ့ပါကြောင်း၊ ရုံးချုပ်မှ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆက်လက်တင်ပြပြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အတိုင်း လေကြောင်းခရီးစဉ်တွေ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် စီစဉ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်ကြူကြူစိန်က တောင်သူများအတွက် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာ



ဒေါ်ကြူကြူစိန်၊ မုံရွာ(၂)



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး

ဌာနများမှ မိုးကောင်းမိုးသန့်မိုးဧရာများအား လုံလောက်စွာဖြန့်ဖြူး ရောင်းချပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာဆန်းဝင်းမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါးအစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ချည်ဝါ၊ ကြံရင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ အာလူး၊ ပဲပုတ်စသည့် သီးနှံ ၁၄ မျိုးကို ပန်းတိုင်သီးနှံများအဖြစ်သတ်မှတ်ပြီး အဓိက စိုက်ပျိုးကြပါကြောင်း၊ အခြားဝင်ငွေရသီးနှံများ ဖြစ်သည့် ကုလားပဲ၊ စွန်တာပြာ၊ မြေတောက်ပဲ၊ ပဲကြီး၊ ပဲရင်း၊ လက်ဖက်စသည့် အခြားသီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ယခုမေလအထိ မိုးစပါး တစ်သိန်းသုံးသောင်းခုနစ်ထောင်ခုနစ်ဆယ့်ငါးတင်း၊ ပဲတီစိမ်း ၈၉၀၀ တင်း၊ ပဲစင်းငုံ ၂၁၅၆ တင်း၊ မတ်ပဲ တင်း ၅၀၀၊ မြေပဲ ၆၈၁၇၃ တင်း၊ နှမ်း ၁၁၅၀၀ တင်းနှင့် နေကြာ ပြည်တွင်းမျိုးဝါ ၁၂၀၁၀ တင်း၊ ပြည်ပမျိုးဝါ ၁၈၀၀၀ ကီလိုဂရမ်၊ အစေ့ထုတ်ပြောင်းဝါ ၉၄၀၇ ကီလိုဂရမ်ဝါမော ပြည်တွင်းမျိုးဝါ ၇၂၃၂ တင်း၊ ပြည်ပမျိုး ၁၃၇၄ ကီလိုဂရမ်၊ ပိုက်ဆံလွှော် တင်း ၉၆ တင်းကို မျိုးအဖြစ် ဖြန့်ဖြူးပေးထားပြီးဖြစ်ပါကြောင်း၊ တောင်သူများ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တောင်သူများလို အပ်သည့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များကို မျိုးစေ့ထုတ်တောင်သူများ၊ မျိုးသန့်ခြံများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးခြင်းလည်းကောင်း၊ တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်းလည်းကောင်း၊ မျိုးရရှိမှုအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးတင်ဝင်းက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် အရာတော်မြို့ ရေပေးဝေရေးအား ရာနှုန်းပြည့် လွှမ်းခြုံနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့် အချိန်တွင်

ဧမးခွန်းများ ဧမးဖြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ



ဦးတင်ဝင်း၊ အရာတော်(၁)



စည်ပင်သာယာရေးဝန်ကြီး



ဦးထိန်ဝင်းအောင်၊ ကနီ(၂)



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး

ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်မှ အရာတော်မြို့နယ်တွင် ရပ်ကွက်(၃)ခုရှိပြီး အိမ်ခြေ ၂၂၀၀ ခန့်ဖြင့် လူဦးရေတစ်သောင်းကျော်နေထိုင်သည့်အတွက် တစ်မြို့လုံး ရေပေးဝေရေး ဆောင်ရွက်ရန် အသေးစိတ် ကွင်းဆင်းလေ့လာတိုင်းတာတွက်ချက်ပြီး တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၆-၂၀၂၇၊၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်စီမံကိန်းများမှာထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ကနီမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးထိန်ဝင်းအောင်က မုံရွာမြို့ နှင့် ကွေ့ရဲကျေးရွာဆက်သွယ်ထားသော လယ်ယာထွက်ကုန်ထုတ်မြေသားလမ်း အရှည်(၁)မိုင်ခန့်အား ရာသီမရွေးသွားလာနိုင်သည့် ကွန်ကရစ်လမ်း(သို့) ကတ္တရာလမ်း အဖြစ် ခင်းကျင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာဆန်းဝင်းမှ မုံရွာမြို့ မြို့ပတ်လမ်း ကွဲရဲ-သမ္မတ္တာ-တောင်ပလူ မြို့ပတ်လမ်းသည် မြေသားလမ်းအရှည် ၅ မိုင် ၆ ဖာလုံခန့်ရှိပြီး ကျေးရွာ(၄)ရွာ၊ အိမ်ခြေ ၁၁၅၀၊ လူဦးရေ ၅၂၈၁ ဦးကို အကျိုးပြုသည့် ပြည်ထောင်စုမှ စီမံခန့်ခွဲငွေရှိသည့် Class B လမ်းအမျိုးအစားဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး မြေသားလမ်းမှ ကတ္တရာလမ်းနှင့် ကျောက်ခင်းလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား လျာထားတင်ပြဆောင်ရွက်သွားမှာဖြစ်ပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ တိုင်းဒေသကြီးရန်ပုံငွေ သို့မဟုတ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

လွှတ်တော်စုံညီ အစည်းအဝေးကြီး၏ ပင်မလုပ်ငန်းများကို အသေးစိတ်ဆောင်ရွက်ပေးသော ကော်မတီများကို လွှတ်တော်အတွင်းမှ လွှတ်တော်ငယ်များဟုလည်း နိုင်ငံတကာတွင် တင်စားခေါ်ဝေါ်ကြသည်

Better Parliaments, Stronger Democracies

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများ



အစိုးရဏ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များစီစစ်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်း



စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးခရိုင်ရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်း

အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်း

မော်လိုက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်စန္ဒာသိန်းက **ချင်းတွင်းမြစ်အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်လုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက်ဓာတုပစ္စည်းများ ဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေး** တိုက်တွန်းကြောင်းအဆိုအား ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးတင်မင်းထွဋ်က ထောက်ခံဆွေးနွေးပြီး အဆိုအား လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။ အဆိုကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ ညနေ (၁၅း၀၀) နာရီအချိန် နောက်ဆုံးထား၍ ဆွေးနွေးချက်အကျဉ်းချုပ်နှင့်အတူ တိုင်းဒေသကြီးလွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းကြရန် ကြေညာခဲ့ပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ(၅)ရက် သောကြာနေ့ နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါသည်။

[တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို (၁၀း၁၀)နာရီအချိန်တွင် ရပ်နားပါသည်]

လွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန်ကိစ္စရပ်များ

(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌကခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တည်ခဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အာမိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများ



အရအသုံး၊ ငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊
အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်း



တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊
အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်း

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများ



တိုင်းရင်းသားလူမျိုးများအာရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်း



လွှတ်တော်ကိုယ်စားလှယ်များစီစစ်ရေးနှင့်လွှတ်တော်အာဆွင့်အာရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊
အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်း

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကျင်းပ



တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယမှန်အစည်းအဝေး(ဒုတိယနေ့) ကို (၅- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန်.နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၈၁) ဦးတို့. တက်ရောက်ကြပါသည်။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးထွန်းထွန်း၊ ကလေးဝ(၁)



တရားလွှတ်တော်တရားသူကြီးချုပ်

ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးထွန်းထွန်းက ကလေးဝမြို့နယ်၊ တရားရေးဌာနပိုင် မြေဧရိယာ(၁. ၀၁၃)ကေပေါ်တွင် RC နှစ်ထပ်တရားရုံး အဆောက်အဦးအသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ ပါသည်။

တရားလွှတ်တော်တရားသူကြီးချုပ် ဦးဇော်ထူး မှ ကလေးဝမြို့နယ်တရားရုံးသည် လွန်ခဲ့သော နှစ်(၃၀)ခန့်မှစပြီး ကိုယ်ပိုင်ရုံး၊ ကိုယ်ပိုင်အဆောက်အဦမရှိဘဲ ကလေးဝမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ငှားရမ်းဖွင့်လှစ်ခဲ့ပါကြောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၄၄းဌာနပိုင် အဆောက်အဦအား ဖျက်သိမ်းပြီး အသစ်ပြန်လည်တည်ဆောက်မှာ ဖြစ်သည့်အတွက် ကလေးဝမြို့နယ်တရားရုံးကို နေရာရှာဖွေပြီး စီးပွားရေးရာကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် စားသုံးသူရေးရာဂိုထောင်တွင် ၂၀၁၉ ခုနှစ်ကတည်းက ခေတ္တငှားရမ်းဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင်(၇) နှစ်ကျော် တရားရေးဌာနကို ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၈၅၉/ ၂၀၂၂)အရ ကလေးခရိုင်၊ ကလေးဝမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ ကွင်းအမှတ် (၂၁/၁) မြေဧရိယာ (၁. ၀၁၃) ဧကကို ကလေးဝမြို့နယ်တရားရုံးအဖြစ် အသုံးပြုရန်အတွက် အခမဲ့လွှဲပြောင်းပြီးဖြစ်၍ တရားရုံးအနေဖြင့် မြေအခိုင်အမာရရှိပြီး ဖြစ်ပါကြောင်း၊ ကလေးဝမြို့နယ်၊ တရားရုံးကို (RC)နှစ်ထပ်အဆောက်အဦ ဆောက်လုပ်ရန်အတွက် (၂၀၂၇-၂၀၂၈) ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြထားပါကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘတ်ဂျက်ခွင့်ပြုပါက တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများ



လွှတ်တော်ရေးရာကော်မတီ/အဖွဲ့ဥက္ကဋ္ဌများစုပေါင်းဓာတ်ပုံရိုက်ကူးခြင်း



ဥပဒေပြုရေးနှင်ရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်း

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဒေါ်ကြူကြူစိန်၊ မုံရွာ(၂)



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး

မုံရွာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်ကြူကြူစိန်က မုံရွာမြို့ပေါ်ရှိ ပျက်စီးနေသော ရပ်ကျေးအုပ်ချုပ်ရေးမှူးရုံးများကို ပြန်လည်ပြုပြင်တည်ဆောက်ပြီး ရုံးခန်းများ ပြန်လည်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးက မုံရွာမြို့နယ်အနေဖြင့် မြို့ပေါ်(၃၁)ရပ်ကွက် ရှိပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး စုစုပေါင်း(၃၁)ရုံးနှင့် ဖွဲ့စည်းထားပါကြောင်း၊ ဖွင့်လှစ်နိုင်သည့် ရပ်ကွက်ရုံး(၁၇)ရုံးရှိပါကြောင်း၊ အိုးဘိုတောင်၊ အောင်ချမ်းသာ၊ အေးသာယာ၊ ဆူးလေကုန်း၊ ချမ်းမြသာစည်၊ ရုံးကြီး၊ ဒေါ်နဲခြံ၊ စစ်ပင်၊ ဗန္ဓုလ၊ အလယ်ရပ်ကွက်၊ မြို့သစ်ရပ်ကွက်၊ မုံရွာတောင်၊ ရန်ကင်း၊ အောင်မင်္ဂလာ၊ ရွှေပြည်အေး၊ ဘုရားကြီးနှင့် ကန်သာဦးရပ်ကွက်တို့ဖြစ်ပါကြောင်း၊ ပြုပြင်ဆောင်ရွက်ရန်(၉)ရုံးသည် မြဝတီ၊ ချမ်းမြဝတီ၊ ဘုန်းစိုး၊ အလုံရပ်ကွက်၊ ထန်းတော၊ လယ်တီ၊ ရတနာပုံ၊ ကွေ့ကြိုးနှင့် ပြည်တော်သာရပ်ကွက်တို့ ဖြစ်ပါကြောင်း၊ အကြမ်းဖက်အဖွဲ့များ၏ မီးရှို့ဖျက်ဆီးခံရပြီး အသစ်ပြန်လည်တည်ဆောက်ရန်ရှိသည့် ရပ်ကွက်ရုံး(၂)ရုံးမှာ စက်မှုဇုန်ရပ်ကွက်နှင့် နန္ဒဝန်ရပ်ကွက်တို့ဖြစ်ပါကြောင်း၊ ပြန်လည်တည်ဆောက်ဆဲရုံးများသည် နတ်လူထိပ်ပန်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ကိုယ်ထူကိုယ်ထအစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့ရာ(၅၀)ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်ပါကြောင်း၊ ပြုပြင်ဆောင်ရွက်ရန် ရုံး(၉)ရုံး၊ အကြမ်းဖက်အဖွဲ့အစည်းများ မီးရှို့ဖျက်ဆီးခံရသည့် ရုံး(၂)ရုံး၊ ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့်ဆောင်ရွက်ရသည့် ရုံး(၁)ရုံးတို့အား အပြီးတည်ဆောက်နိုင်ရန် အတွက် (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တောင်းခံပြီး ရရှိပါက အမြန်ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေမရရှိပါက (၂၀၂၇-၂၀၂၈) ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဥပစာဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ရန် လိုအပ်သည့် သလွာ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်အပြီးဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ လုံခြုံရေးအခြေအနေအရ ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် ရွှေဇလုတ် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးကို နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိပါက ပြန်လည် ဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးကျော်လွင်ဦး၊ ကသာ(၂)



စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး

ကသာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးကျော်လွင်ဦးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံတော်အပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများ၏ ရသင့်ရထိုက်သော အခွင့်အရေးများ မဆုံးရှုံးစေရန် အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းစီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦးက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း နိုင်ငံတော်အပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ ရသင့်ရထိုက်သော အခွင့်အရေးများ မဆုံးရှုံးစေရိုင်ရေး အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၁-၈-၂၀၂၄)ရက်စွဲပါစာအမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၄)ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

× × × × × × ×

ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးအောင်မင်းကျော်သူက ဘုတလင်မြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေး ဆေးကုသမှု ပြန်လည်ဆောင်ရွက်ပေးရန်အတွက် မြို့နယ်ပြည်သူ့ဆေးရုံကြီးအား အမြန်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်က ဘုတလင်ပြည်သူ့ဆေးရုံသည် ဖွဲ့စည်းပုံအရ ကုတင်(၅၀)ဆံ့ဆေးရုံဖြစ်ပြီး ခွင့်ပြုဝန်ထမ်း(၁၅၆)ဦးရှိပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၁၈)ရက် ညနေ (၀၅:၄၅)နာရီအချိန်ထိ ဆေးရုံလုပ်ငန်းများလည်ပတ်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၁၈)ရက်နေ့ဖြစ်စဉ်တွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးသည် ထွက်ပြေး ရာတွင် အမည်မသိလက်နက်ကိုင်အဖွဲ့အစည်းများ၏ ဖမ်းဆီးခြင်းခံရသည်ဟု ကြားသိရပါကြောင်း၊ ၎င်းဖြစ်စဉ်တွင် ဝန်ထမ်း(၂၀)ဦးအနက် တိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ မုံရွာသို့ လာရောက်သတင်းပေးပို့သူ(၉)ဦး၊ မန္တလေးတိုင်းဒေသကြီး ကုသရေး ဦးစီးဌာနသို့ သတင်းပေးပို့သူ(၁)ဦးရှိပါကြောင်း၊ ကျန်ဝန်ထမ်းများ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးအောင်မင်းကျော်သူ၊ ဘုတလင်(၁)



လှမူရေးရာဝန်ကြီး

ဌာနနှင့်ဆက်သွယ်မှုမရရှိကြောင်း၊ ဘုတလင်မှ ဝန်ထမ်းများအား လက်ရှိတွင် မုံရွာပြည်သူ့ဆေးရုံကြီးနှင့် တိုင်းဒေသကြီးကုသရေးဦးစီးဌာနတို့တွင် တွဲဖက်တာဝန်ချထားကြောင်း၊ ဘုတလင်မြို့နယ်တွင် နယ်မြေအခြေအနေကောင်းမွန်ပါက ပြည်သူ့ဆေးရုံကြီးအမြန်ဆုံးဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးရဲမိုးနိုင်၊ ရေဦး(၁)



လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးရဲမိုးနိုင်က ရေဦးမြို့အား လျှပ်စစ်မီး ပြန်လည်သုံးစွဲနိုင်ရန်အတွက် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးခရိုင်၊ ရေဦးမြို့နယ်သည် ရွှေဘိုပင်မဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးထားသည့် 33 KV ရွှေဘို-ခင်ဦး-ရေဦးဓာတ်အားလိုင်းနှင့် လျှပ်စစ်ဓာတ်အားသွယ်တန်းရယူထားခြင်းဖြစ်ပါကြောင်း၊ ရေဦးမြို့နယ် အကြမ်းဖက်အဖွဲ့အစည်းများမှ ၎င်းဓာတ်အားလိုင်းအား ကြားဖြတ်ပြီး တရားမဝင် ဓာတ်အားပေးထားသည့်အတွက် ဓာတ်အားလိုင်း၏လုံခြုံရေးအတွက် ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်နေ့ တွင် ရွှေဘိုပင်မဓာတ်အားခွဲရုံမှ ဓာတ်အား ဖြတ်တောက်ထားခြင်းဖြစ်ပါကြောင်း၊ ရေဦးမြို့ကို လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးရေးအတွက် ၎င်းဓာတ်အားလိုင်းအား အသေးစိတ် ပြုပြင်ရန်လိုအပ်ပါကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ သွားရောက်နိုင်သည့်အချိန်တွင် ဓာတ်အားလိုင်းအား ပြုပြင်ဆောင်ရွက်ပြီး ဓာတ်အားပြန်လည်ဖြန့်ဖြူးရေးကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးဖြင့်တင်၊ ကျွန်းလှ(၁)



လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

ကျွန်းလှမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးဖြင့်တင်က စစ်ကိုင်းတိုင်း ကျွန်းလှ၊ ကန့်ဘလူမြို့နယ်များအား (၂၄)နာရီလျှပ်စစ်မီး ပြန်လည်ရရှိရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးကအကြမ်းဖက်အဖွဲ့အစည်းများ ဖျက်စီးခဲ့သည့်ပစ္စည်းများကို အသေးစိတ်စစ်ဆေးပြီး ပြန်လည်ပြုပြင်ရန်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကော်ပိုရေးရှင်းမှ အင်ဂျင်နီယာ(၂)ဦး၊ လက်ထောက်အင်ဂျင်နီယာ စက်မှု(၁)ဦး၊ လက်ထောက်အင်ဂျင်နီယာ လျှပ်စစ်(၃)ဦး၊ ပေါင်း(၆)ဦးတို့သည် (၂၂-၅-၂၀၂၆)ရက်နေ့တွင် တပ်မတော်ရဟတ်ယာဉ်နှင့် ကန့်ဘလူမြို့သို့ သွားရောက်ပြီး ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်းနှင့် အဆိုပါ ပျက်စီးဆုံးရှုံးမှုများကို ပြုပြင်ဆောင်ရွက်ပြီးပါက ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးအောင်မင်းကျော်သူက မြို့သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့နယ်များကို မည်သို့အဆင့်သတ်မှတ်၍ ဖွဲ့စည်းပုံခွင့်ပြုထားသည့် မြို့နယ်အဆင့် သတ်မှတ်ချက်အလိုက် ယာဉ်၊ ယန္တရားရရှိမှု၊ တစ်နှစ်တာ စည်ပင်သာယာအခွန်ငွေ ကောက်ခံရရှိမှု၊ ခွဲဝေသုံးစွဲမှုတို့ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အထူးအဆင့်ဖွဲ့စည်းပုံဖြစ်ပါကြောင်း၊ အရာထမ်း(၁၄)ဦး၊ အမှုထမ်း(၁၅၇)ဦး၊ စုစုပေါင်း(၁၇၁)ဦးနှင့် လွှတ်တော်ဥက္ကဋ္ဌမှ နူတ်ခွန်းဆက်အမှာစကားပြောကြားခြင်း

လွှတ်တော်ဥက္ကဋ္ဌမှ နူတ်ခွန်းဆက်အမှာစကားပြောကြားခြင်း

ရွှေ့ချယ်ခြင်း၊ အချိန်ဇယားရေးဆွဲခြင်းတို့ ဆောင်ရွက်ခဲ့ပြီး (၄- ၆ - ၂၀၂၆) မှ (၂၂-၆-၂၀၂၆)အထိ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ နောင်တွင်လည်း အခြေအနေပေးပါက ကိုယ်စားလှယ်များနှင့် ကိုက်ညီသင့်တော်မဲ့ သင်တန်းများကို ထပ်မံဖွင့်လှစ်ပေးသွားအံ့မှာ ဖြစ်ပါကြောင်းနှင့် ယခုတက်ရောက်ခဲ့တဲ့ သင်တန်းအတွက် အသိအမှတ်ပြု Certificate များကိုလည်း တက္ကသိုလ်ပါမောက္ခချုပ်ကြီးများမှ ပေးအပ်သွားမှာ ဖြစ်ပါတယ်။

ယခုကျင်းပပြီးစီးခဲ့တဲ့ ဒုတိယပုံမှန်အစည်းအဝေးမှာ မေးခွန်းမေးမြန်းခဲ့တဲ့ ကိုယ်စားလှယ်တော်ကြီးအချို့အနေနဲ့ မိမိတို့ မေးမြန်းခဲ့တဲ့မေးခွန်းအပေါ် တစ်ဖက်တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားရာမှာ မိမိတို့သိလိုသည့် အချက်အလက်များ ပြည့်စုံစွာမပါရှိမှုများကြောင့် ဆက်စပ်မေးခွန်းများ ထပ်မံမေးမြန်းလိုသော်လည်း ဖြေကြားသူအခက်တွေ့မည်ကို ငဲ့ညှာပြီး အားမလိုအားမရဖြစ်နေသည်ကိုလည်း ကြားသိရပါတယ်။ မေးခွန်းများမေးမြန်းမှု၊ ဖြေကြားမှုအပေါ် သုံးသပ်ကြည့်ရာမှာ အချို့မေးခွန်းများမှာ မေးမြန်းသူနဲ့ဖြေကြားသူ (၂)ဦးစလုံးမှာ လိုအပ်ချက်၊ အားနည်းချက်များရှိနေတာကို တွေ့ရှိနေရပါတယ်။ ဒါကြောင့် လာမည့် တတိယပုံမှန်အစည်းအဝေးတွင် မေးခွန်းမေးမြန်းမည့် ကိုယ်စားလှယ်များ အနေဖြင့် မိမိတို့ မေးမြန်းလိုသည့် အဓိကကိစ္စများကို တစ်ဖက်က ပြန်လည်ဖြေကြားမည့်သူ ကွက်ကွက်ကွင်းကွင်း သိရှိနားလည်သဘောပေါက်အောင် ထည့်သွင်းမေးမြန်းဖို့လိုသလို ပြန်လည်ဖြေကြားမည့် တိုင်းဒေသကြီးအဖွဲ့အစည်းဝင်များ အနေဖြင့်လည်း မေးခွန်းမေးမြန်းသူများမှ ဆက်စပ်မေးခွန်းထပ်မံမေးမြန်းခြင်း မပြုရအောင် ပြည့်စုံစွာဖြေကြားပေးရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဆက်စပ်မေးခွန်းသည် တစ်ဖက်ကဖြေကြားမည့်သူအတွက် ချက်ချင်းပြန်လည်ဖြေကြားဖို့ အဆင်သင့်မဖြစ်နိုင်သည့်အတွက် ကျေနပ်အားရဖွယ်မရှိတဲ့ မပြည့်မစုံဖြေကြားသော မေးခွန်းများအတွက် နောင်လာမည့်အစည်းအဝေးများတွင် အဆိုများအဖြစ် ပြန်လည်တင်သွင်းလာနိုင်တာကြောင့် အဖွဲ့အစည်းဝင် ဝန်ကြီးများအနေဖြင့် မေးခွန်းများဖြေကြားမှုအပေါ် အချက်အလက်စုံလင်စွာပါရှိရေး အလေးထားပေးဖို့ အထူးမေတ္တာရပ်ခံလိုပါတယ်။ ယခုကျင်းပခဲ့တဲ့ ဒုတိယပုံမှန်အစည်းအဝေးမှာ ကိုယ်စားလှယ်တော်ကြီးများက မေးခွန်းများ၊ အဆိုများ တက်တက်ကြွကြွတင်သွင်းမေးမြန်းခဲ့ကြတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ များစွာဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ရှိပါကြောင်းနဲ့ လွှတ်တော်တွင်မှတ်တမ်းတင်ကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ် (၁)ဦးချင်းစီ မိမိအလုပ်အပေါ် စိတ်ပါဝင်စားမှု၊ လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝမှုတို့ကို ယခုလိုမေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဥပဒေများ ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲတင်သွင်းခြင်းတို့ဖြင့် တိုင်းတာမှတ်ကျောက်တင်တာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီရဲ့ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေများပြင်ဆင်ဖြည့်စွက်အသစ်ရေးဆွဲခြင်းတို့ကို လွှတ်တော်ကမှတ်တမ်းတင်ထားရှိသွားမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့အချိန်မှာ (၁)ဦးချင်းစီရဲ့ ဆောင်ရွက်ချက်များကို ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်။

လွှတ်တော်အစည်းအဝေးကာလ(၁၂)ရက်အတွင်းမှာ အကြောင်းမဲ့ပျက်ကွက်သူမရှိဘဲ လွှတ်တော်ကိုယ်စားလှယ်များထဲမှ ကျန်းမာရေးမကောင်း၍ အစည်းအဝေးအစအဆုံး ခွင့်ပန်ကြားသူ(၁)ဦး၊ တာဝန်အရခွင့်ပန်ကြားသူ(၁)ဦး၊ တာဝန်အရ(၁၀)ရက်မတက်ရောက်နိုင်၍ ခွင့်ပန်ကြားသူ(၁)ဦး၊ တာဝန်အရ(၉)ရက်မတက်နိုင်၍ ခွင့်ပန်ကြားသူ(၄)ဦး၊ တာဝန်အရ(၅)ရက်မတက်နိုင်၍ ခွင့်ပန်ကြားသူ(၁)ဦး၊ တာဝန်အရ(၄)ရက် မတက်နိုင်၍ ခွင့်ပန်ကြားသူ(၁)ဦး၊ တာဝန်အရ(၃)ရက်မတက်နိုင်၍ ခွင့်ပန်ကြားသူ(၂)ဦး၊ တာဝန်အရ(၂)ရက်မတက်နိုင်၍ ခွင့်ပန်ကြားသူ(၂)ဦး၊ တာဝန်အရ(၁)ရက်မတက်နိုင်၍ ခွင့်ပန်ကြားသူ(၂)ဦးရှိကြောင်း မှတ်တမ်းအရတွေ့ရှိရပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူကရွေးချယ်ပေးလိုက်တဲ့ ပုဂ္ဂိုလ်များဖြစ်တာနဲ့အညီ ပြည်သူကို မျက်နှာမူ ကိုယ်စားပြုနိုင်ဖို့ အတွက် လွှတ်တော်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ **" ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဟူသော ဆောင်ပုဒ်ခွင့်အညီ ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ ပိုင်းဝန်းကူညီ လုပ်ကိုင်ဆောင်ရွက်ကြဖို့ လိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ယခုလာမည့် တတိယပုံမှန်အစည်းအဝေးကို ခန့်မှန်းအားဖြင့် ဩဂုတ်လပထမပတ်ထဲတွင် ပြန်လည်ခေါ်ယူမှာဖြစ်ကြောင်းနှင့် အဆိုပါအစည်းအဝေးသို့ ကိုယ်စားလှယ်တော်ကြီးများ အားလုံး စုံစုံညီညီကျန်းကျန်းမာမာချမ်းသာစွာဖြင့် စုံညီစွာ တက်ရောက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။

[တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့ကို (၁၁း၁၀)နာရီအချိန်တွင် ရပ်နားပါသည်]

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးအောင်မြင်စွာပြီးမြောက်ခဲ့ပါသည်။

ဒုတိယပုံမှန်အစည်းအဝေးအောင်မြင်စွာပြီးမြောက်သည့်နေ့တွင်
လွှတ်တော်ဥက္ကဋ္ဌမှ နိဂုံးချုပ်အမှာစကားပြောကြားခြင်း



တတိယအကြိမ်မြန်မာနိုင်ငံတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို (၄-၆-၂၀၂၆)မှ (၂၂-၆-၂၀၂၆)ရက်နေ့အထိ (၁၂)ရက်ကြာ ကျင်းပပြုလုပ်ခဲ့ရာမှာ မကြာမီအချိန်အတွင်းမှာရပ်နားပါတော့မယ်။ လွှတ်တော်ကာလမှာ ကိုယ်စားလှယ်များ ပေးပို့လာတဲ့ အဆို(၃)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၃၇)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၇)ခု တို့ကို စိစစ်ပြီး ကိုယ်စားလှယ်(၃၃)ဦးရဲ့ အဆို(၂)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၀၁)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၈)ခုတို့ကို မေးမြန်းခွင့်ပြုပေးခဲ့ပြီး အဆို(၂)ခုကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ စိစစ်ချက်အရ ကျန်ရှိနေခဲ့တဲ့မေးခွန်းအချို့ကိုတော့ မိမိတို့ရဲ့ မြို့နယ်ရဲ့ နယ်မြေဒေသအခြေအနေအရ မေးမြန်းရန်မသင့်တော်သေးတဲ့အတွက် ခေတ္တဆိုင်းငံ့ထားပြီး အခြေအနေပေးလာတဲ့အချိန်ကျရင် နီးစပ်ရာလွှတ်တော်အစည်းအဝေး တစ်ရပ်ရပ်မှာ ထည့်သွင်းမေးမြန်းစေမှာဖြစ်ပါတယ်။ အချို့မေးခွန်းများကိုတော့ မေးမြန်းမှုအကြောင်းအရာ ဆင်တူနေသည့်အတွက် မေးခွန်းမှ ပယ်ခဲ့ခြင်း၊ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရန် မသင့်တော်သည့်အတွက် သက်ဆိုင်ရာ ကိုယ်စားလှယ်ရဲ့ သဘောတူညီမှုနဲ့ ကြယ်ပွင့်မပြမေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းစေခဲ့ရပါတယ်။ ဒီအစည်းအဝေးမှာ ထူးခြားမှုအနေနဲ့ အစည်းအဝေးတတိယနေ့ (၈-၆-၂၀၂၆)ရက်နေ့၌ စစ်ကိုင်းမြို့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးတွင် အကြမ်းဖက်အဖွဲ့များက ထောင်ထားသော ချိန်ကိုက်မိုင်းပေါက်ကွဲမှုကြောင့် ဝန်ထမ်း(၆)ဦး၊ အပြစ်မဲ့ပြည်သူ(၁၃)ဦး ထိခိုက်ဒဏ်ရာရခဲ့မှုအတွက် ဝမ်းနည်းကြောင်းနှင့် အကြမ်းဖက်အဖွဲ့များကို ကန့်ကွက်ရှုတ်ချကြောင်းအဆိုကို လွှတ်တော်၌မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ယခုကျင်းပခဲ့တဲ့ ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များဖြင့်သာ ပါဝင်ဖွဲ့စည်းထားတဲ့ လွှတ်တော်ရေးရာကော်မတီ(၅)ခုနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်များမှ မြို့မိ၊ မြို့ဖများ၊ လုပ်ငန်းရှင်များပါဝင်တဲ့ အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့တစ်ခုတို့ကို ဖွဲ့စည်းအတည်ပြုနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် ပထမပုံမှန်အစည်းအဝေးမှာ အတည်ပြုဖွဲ့စည်းခဲ့တဲ့ လွှတ်တော်ကော်မတီရေးရာ(၆)ခုနဲ့. ယခုအစည်းအဝေးမှာ အတည်ပြုဖွဲ့စည်းခဲ့တဲ့ လွှတ်တော်ရေးရာကော်မတီ(၅)ခု၊ အဖွဲ့(၁)ခု စုစုပေါင်း လွှတ်တော်ရေးရာကော်မတီ(၁၁)ခုနဲ့. အဖွဲ့(၁)ခုတို့ကို အတည်ပြုဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။ ဖွဲ့စည်းပေးထားပြီးဖြစ်တဲ့ လွှတ်တော်ရေးရာကော်မတီများအနေနဲ့ မိမိတို့အစီအစဉ်ဖြင့် လွှတ်တော်ရုံးမှာ အစည်းအဝေးများပြုလုပ်ခြင်း၊ ကော်မတီနဲ့.အဖွဲ့တို့ရဲ့ ဖွဲ့စည်းအမိန့်.မှာ ပါရှိတဲ့ မိမိတို့ကို ပေးအပ်ထားတဲ့တာဝန်များအတိုင်း တိုင်းဒေသကြီးအတွင်း ပြည်သူလူထုများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုတွေ့ကြုံခံစားနေရတဲ့ အခက်အခဲဒုက္ခများကို ကွင်းဆင်းလေ့လာပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြဖို့.ကိုလည်း အထူးအလေးအနက်ထား တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ယခုကျင်းပခဲ့တဲ့ ဒုတိယပုံမှန်အစည်းအဝေးကစပြီး ကိုယ်စားလှယ်များကို လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်အတွက် သင်တန်းတစ်ခုဖွင့်လှစ်နိုင်ရေး မုံရွာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်များနဲ့. တိုင်ပင်ညှိနှိုင်းပြီး မိမိတို့. ဆောင်ရွက်နေတဲ့ လွှတ်တော်လုပ်ငန်းများအတွက် အမှန်တကယ်အထောက်အကူပြု အကျိုးရှိနိုင်မည့် ဘာသာရပ်များကို

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးအောင်မင်းကျော်သူ၊ ဘုတလင်(၁)



စည်ပင်သာယာရေးဝန်ကြီး

ဖွဲ့စည်းထားပြီး အရာထမ်း(၁၁)ဦး၊ အမှုထမ်း(၉၂)ဦး၊ စုစုပေါင်း(၁၀၃)ဦး ခန့်အပ်ပြီး စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အခွန်ရငွေကျပ်သန်းပေါင်း(၁၉၄၇. ၀၀)သန်း ကောက်ခံရရှိရန် လျာထားခဲ့ပြီး အသုံးစရိတ်များမှာ လစာနှင့်စရိတ်ခီးမြှင့်ငွေ အတွက် ကျပ်ငွေ(၂၇၂. ၂၁၅)သန်း၊ လုပ်အားခ၊ လျှပ်စစ်ဓာတ်အားခ၊ စက်သုံးဆီ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ရုံးသုံးအဆောက်အအုံ အသုံးအဆောင်ပစ္စည်းများအတွက် ဆောင်ရွက်ပေးငွေ ကုန်ကျစရိတ်(၂၈၄. ၅၁၉)သန်း၊ သာမန်ပြင်ဆင် ထိန်းသိမ်းစရိတ်အတွက် ကျပ်ငွေ (၁၂၀. ၄၃၀)သန်းတို့နှင့် အခြားသာမန်အသုံးစရိတ်တို့အတွက် ကျပ်ငွေ(၁၉. ၁၇၃)သန်း၊ စုစုပေါင်း သာမန်အသုံးစရိတ်ကျပ်ငွေ (၃၂၅၄. ၃၃၇) သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်(၉၂၀၆. ၁၇၇)သန်း သုံးစွဲရန် ခန့်မှန်းလျာထားပါကြောင်း၊ မုံရွာမြို့ပေါ်ရှိ အဓိကလမ်းမကြီး(၅)လမ်းဖြစ်သည့် ဗိုလ်ချုပ်လမ်း (လေဆိပ်မှ ကားကွင်းထိ ၁၄ မိုင်)၊ ပြည်ထောင်စုလမ်း(ကွဲရဲအပိုင်းမှ ကုံကော်ဝတ်ဆံအထိ ၉ မိုင် ၇ ဖာလုံ)၊ ချင်းတွင်းကမ်းနားလမ်း(၇)မိုင်၊ ကျောက်ကာလမ်း မုံရွာတက္ကသိုလ်အထိ (၄)မိုင်၊ သာစည်လမ်း TTC ကျောင်းအထိ (၄)မိုင်၊ အခြားလမ်းများဖြစ်သည့် ရုံးကြီးလမ်း၊ ဘူတာလမ်း၊ ရေစင်လမ်းစသည့် မြို့တွင်းလမ်းများ အပါအဝင် စုစုပေါင်း မိုင်(၄၀)ကို နေ့စဉ်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်(၂၆)စီးနှင့် ယာဉ်နောက်လိုက်ဝန်ထမ်း(၇၂)ဦး၊ လမ်းအပိုင်းလိုက် တံမြက်စည်းလှည်းဝန်ထမ်း(၄၉)ဦး၊ ယာဉ်မောင်း(၂၅)ဦး စုစုပေါင်း(၁၄၆)ဦး မှ အမှိုက်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကွေ့ကြီး၊ အောင်ချမ်းသာ၊ ဒေါနုခြံ၊ ရုံးကြီး၊ ဆူးလေကုန်း၊ အလုံ၊ အောင်မင်္ဂလာ၊ ရန်ကင်း၊ ဘုန်းစိုး၊ လယ်တီ၊ ဘုရာကြီး၊ မြဝတီရပ်ကွက်များတွင် ရက်ခြားခေါင်းလောင်းတီး စနစ်နှင့် အမှိုက်သိမ်းလျက်ရှိပါကြောင်း၊ နယ်မြေအခြေအနေအရ စက်မှုဇုန်၊ နန္ဒဝန်၊ သလွာ၊ ထန်းတော၊ ချမ်းမြဝတီ၊ မုံရွာတောင်၊ နတ်လှထိပ္ပန် စသည့် (၇)ရပ်ကွက်ကို နယ်မြေအခြေအနေကောင်းမွန်သည့်အခါတွင် ထပ်မံပြီး အမှိုက်သိမ်းဆည်းနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြို့သစ်၊ ရတနာပုံ၊ ကန်သာဦး၊ အေးသာယာ၊ အိုးဘိုတောင်၊ အလုံ၊ စစ်ပင်၊ ချမ်းမြသာစည် စသည့် ရပ်ကွက်(၈)ခုကိုလည်း အမှိုက်သိမ်းရန် အမှိုက်သိမ်းယာဉ်များ ထပ်မံဖြည့်ဆည်းပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း မြို့နယ်(၃၇)မြို့နယ်၊ မြို့(၇)မြို့၊ မြို့အသွင်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ကျေးရွာကြီး(၁၂)ရွာ အပါအဝင် စည်ပင်သာယာရေးအဖွဲ့ပေါင်း(၅၆)ဖွဲ့ ဖွဲ့စည်းထား၍ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအရ အဆင့် ခွဲခြားမှုအနေဖြင့် အထူးအဆင့် စည်ပင်သာယာရေးအဖွဲ့(၁)ဖွဲ့၊ (က)အဆင့် (၄)ဖွဲ့၊ (ခ) အဆင့်(၈)ဖွဲ့၊ (ဂ) အဆင့်(၁၂)ဖွဲ့၊ (ဃ) အဆင့်(၁၉)ဖွဲ့၊ (င) အဆင့် (၁၂)ဖွဲ့ တို့နှင့် ဖွဲ့စည်းထားရှိပါကြောင်း၊ စုစုပေါင်းယာဉ်ယန္တရား(၃၉၇)စီးနှင့် သန့်ရှင်းရေးအမှိုက် သိမ်းဆည်းရေး၊ လမ်းတံတားတည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စည်ပင်သာယာရေး အဖွဲ့အနေဖြင့် အခွန်အခကောက်ခံရရှိငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပေးသွင်းရပါကြောင်း၊ ရန်ပုံငွေခွဲဝေသုံးစွဲမှုအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ရသုံးခန့်မှန်းခြေရေးဆွဲတင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ သုံးစွဲရပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

လွှတ်တော်တာဝန်(၃)ရပ်

၁။ ဥပဒေပြုခြင်း

၂။ ဧောင်ကြည့်ထိန်းညှိခြင်း

၃။ ကိုယ်စားပြုခြင်း

အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်း

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) နှင့် (Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့်၊ သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်** တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းအား အရာတော်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင်ဝင်းက ထောက်ခံဆွေးနွေးခဲ့ပြီး လွှတ်တော်တွင်လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူရာ အားလုံးက သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြပါသည်။ လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် (၈-၆-၂၀၂၆)ရက်နေ့ ညနေ(၁၅း၀၀)နာရီ နောက်ဆုံးထား၍ ဆွေးနွေးချက်အကျဉ်းချုပ်နှင့်အတူ တိုင်းဒေသကြီးလွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်းကြရန် ကြေညာပါသည်။

တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဖွဲ့စည်းရန်အတွက် အမည်စာရင်းတင်သွင်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို အဖွဲ့ဝင်(၁၁)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး၊ ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၂) ဦးထွန်းလွင်၊ ကနီမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၃) ဦးမင်းဇော်၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၄) ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၅) ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၆) ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၇) ဦးအောင်ဇော်မင်း၊ ဝန်းသိုမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၈) ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၉) ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၁၀) ကြည်း-၃၃၆၈၈၊ ဗိုလ်မှူးမင်းဇော်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
(၁၁) ကြည်း-၅၁၄၄၂၊ ဗိုလ်ကြီးသန်းနိုင်ထွန်း၊
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တို့ဖြစ်ပြီး

ကော်မတီဥက္ကဋ္ဌအဖြစ် ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၈-၆-၂၀၂၆)ရက် ညနေ(၁၅း၀၀)အချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံး အကြီးအမှူးထံ အမည်စာရင်းပေးပို့ကြရန် ကြေညာခဲ့ပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့ကို ၂၀၂၆ခုနှစ်၊ ဇွန်လ (၈)ရက်၊ တနလ်ာနေ့ နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါသည်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့အခမ်းအနားကို (၁၁း၀၅) နာရီတွင် ရပ်နားပါသည်။

လွှတ်တော်စုံညီ အစည်းအဝေးကြီး၏ ပင်မလုပ်ငန်းများကို အသေးစိတ်ဆောင်ရွက်ပေးသော ကော်မတီများကို လွှတ်တော်အတွင်းမှ လွှတ်တော်ငယ်များဟုလည်း နိုင်ငံတကာတွင် တင်စားခေါ်ဝေါ်ကြသည်

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

အစည်းအဝေး(နဝမ)နေ့တွင် မေးမြန်းခဲ့သည့် ကလေးမြို့နယ်လွှတ်တော် ကိုယ်စားလှယ် အမှတ်(၂)ဦးမင်းဇော်၏ ဆက်စပ်မေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က ထပ်မံရှင်းလင်းဖြေကြားရာတွင် ညောင်ပင်သာရပ်ကွက်နှင့် မင်္ဂလာဥယျာဉ်ရပ်ကွက်ရှိ ဥပုသ်ချောင်းတံတား (၇၁×၁၂) ပေသည် တံတားကြီး(၆)စင်းအနက် ပြန်လည်ပြုပြင်ရမည့်တံတား(၃)စင်းတွင် (၁)ခု အပါအဝင်ဖြစ်ပါကြောင်း၊ စီမံကိန်းဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေး (၁)၊ (၂)၊ (၃)အဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဖွဲ့စည်းမှုအား လွှတ်တော်၏ အာဏာပြဋ္ဌာန်းရယူခြင်း

လွှတ်တော်ဥက္ကဋ္ဌမှစစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးတင်ဝင်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)၊ အတွင်းရေးမှူး-၁အဖြစ် ဦးအောင်နိုင်သူ၊ ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး-၂အဖြစ် ဦးမင်းဆွေ၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)နှင့် အဖွဲ့ဝင်များအဖြစ်-

(၁) ဦးကျော်သူ၊ ကောလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၂) ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၃) ဦးဇေယျာစိုး၊ မြင်းမူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၄) ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၅) ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၆) ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၇) ကြည်း-၄၇၉၄၅၅၊ ဗိုလ်မှူးဝေဖြိုးသာ
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
(၈) ကြည်း-၆၇၅၃၀၊ ဗိုလ်ကြီးဒေါ်သီရိဟန်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာပါသည်။

၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ(၁၀)အရ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဥပဒေကြမ်းများ တင်သွင်းခြင်း အာဆိုတင်သွင်းခြင်း၊ မေးခွန်းမေးမြန်းခြင်းပြုနိုင်သည်။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

သည် အမာခံကျင်းလမ်း(၃)မိုင်(၂)ဖာလုံနှင့် မြေလမ်း(၁)မိုင်(၂)ဖာလုံ စုစုပေါင်း(၄)မိုင်(၄)ဖာလုံရှိပြီး ကျေးရွာ(၄)ရွာ အိမ်မြေ(၃၆၄)အိမ်၊ လူဦးရေ(၁၇၈၄)ဦးအား အကျိုးပြုသည့် တိုင်းဒေသကြီးမှ စီမံခန့်ခွဲမှုရှိသော Class Space လမ်းအမျိုးအစား ဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် မင်းကင်း-သလဲဘာလမ်းမှတစ်ဆင့် အုံစရာရွာသို့ သွားသောလမ်းဖြစ်ပါကြောင်းယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်လည်း အုံစရာရွာတွင်းလမ်း (၄)ဖာလုံအရှည်ကို ကွန်ကရစ်လမ်းခင်းရန် ခွင့်ပြုငွေကျပ်(၂၄၈၊ ၀၆၁) သန်း ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊ ယခုကျန်ရှိနေသော အုံစရာရွာဝင်လမ်း(၁) မိုင်ခန့်ကို ဦးစီးဌာနမှ အသေးစိတ် ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ကွန်ကရစ်လမ်း အဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရေးအတွက် ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ဘဏ္ဍာငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးအောင်နိုင်သူ၊ ခန္ဓီး(၂)



စည်ပင်သာယာရေးဝန်ကြီး

ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးအောင်နိုင်သူက ခန္ဓီးမြို့ ပေါမြိုင်းရပ်ကွက် ပင်မရေနုတ်မြောင်း(၆၁၁၇)ပေနှင့် ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)ဦးမြတ်ကို ကြယ်ပွင့်ပြမေးမြန်းထားသည့် ဇီးဖြူကုန်းရပ်ကွက် ပင်မရေနုတ်မြောင်း(၂၆၈၅)ပေအား ကွန်ကရစ်ရေမြောင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က ခန္ဓီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်ရှိ စိုက်ပျိုးရေးတံတားမှ အောင်သပြေတံတားအထိ အရှည် (၂၆၈၅)ပေနှင့် ပေါမိုင်းရပ်ကွက်ရှိ အောင်သီရိစျေးလမ်းတံတားမှ သာစည်တံတားအထိ အရှည်(၆၁၁၇)ပေရှိ ရေနုတ်မြောင်း(၂)ခုနှင့်ပတ်သက်၍ ခန္ဓီးစည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာ ဦးကျော်စွာဝင်း၏ တင်ပြချက်အရ ကျောက်စီရေမြောင်းပြုလုပ်ရန် ကျောက်ကြီးရရှိရန် အခက်အခဲရှိသည်ဟု တင်ပြလာပါကြောင်း၊ ကျောက်ကြီး အစား ကွန်ကရစ်မြောင်း(သို့) အုတ်စီမြောင်းပြုလုပ်ခြင်းကိုသာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ ဇီးဖြူကုန်းရပ်ကွက်ရှိ စိုက်ပျိုးရေးတံတားမှ အောင်သပြေတံတားအထိ အရှည်(၂၆၈၅)ပေအနက် စိုက်ပျိုးရေးတံတားမှ အေးချမ်းသာယာတံတားအထိ အရှည်(၁၁၃၅)ပေကို အကျယ်(၆)ပေ၊ အနက်(၆)ပေ ရှိသည့် ကွန်ကရစ်ရေမြောင်းအဖြစ်လည်းကောင်း၊ အေးချမ်းသာယာတံတားမှ ဝန်ထမ်းအိမ်ရာတံတားအထိ အရှည် (၁၁၅၅)ပေကို အကျယ်(၆)ပေ၊ အနက်(၈)ပေ ကွန်ကရစ်ရေမြောင်းအဖြစ်လည်းကောင်း၊ အုပ်ငံးလိုက် ဆောင်ရွက်ရန် ဒီဇိုင်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ၎င်းနောက် ပေါမိုင်းရပ်ကွက်ရှိ အောင်သီရိစျေးလမ်းတံတားမှ သာစည်တံတားအထိ အရှည်(၆၁၁၇)ပေအနက် အောင်သီရိစျေးလမ်းတံတားမှ သုဿန်ဇရပ်အထိ အရှည်(၂၅၁၄)ပေကို အကျယ်(၆)ပေ၊ အနက်(၆)ပေ ကွန်ကရစ်ရေမြောင်းအဖြစ်လည်းကောင်း၊ သုဿန်ဇရပ်မှ သာစည်တံတားအထိ အရှည်(၃၆၀၃)ပေကို အကျယ်(၆)ပေ၊ အနက်(၈)ပေ ကွန်ကရစ်ရေမြောင်းအဖြစ်လည်းကောင်း၊ အုပ်ငံးလိုက်ဆောက်ရွက်ရန် ဒီဇိုင်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါကွန်ကရစ်ရေနုတ်မြောင်း(၂)ခုကို အုပ်ငံးလိုက်ဆောင်ရွက်ရန် ဒေသန္တစီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

အစည်းအဝေး(အဋ္ဌမနေ့)တွင် မေးမြန်းခဲ့သည့် ခန္ဓီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)ဦးမြတ်ကို၏ ဆက်စပ်မေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်က ထပ်မံရှင်းလင်းဖြေကြားရာတွင် ခန္ဓီးမြို့နယ်အတွင်း ဆရာ/မများခန့်ထားနိုင်ခြင်းမရှိသည့် စာသင်ကျောင်း(၂၄)ကျောင်းနှင့် ပတ်သက်၍ တင်ပြရမည်ဆိုလျှင် ခန္ဓီးမြို့နယ် အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တွင် အသစ်လက်ထောက်မူလတန်းပြဆရာ/မများကို သတင်းစာမှ ခေါ်ယူပြီး အင်အားပြည့် ခန့်အပ်ထားခဲ့ပါကြောင်း၊ သို့သော် လမ်းပန်းဆက်သွယ်ရေးနှင့် စားဝတ်နေရေးအခက်အခဲများအပြင် တစ်နှစ်တာဝန်ထမ်းဆောင်ပြီးပါက အပြောင်း အရွှေ့ဆောင်ရွက်နိုင်သည့်မူအရ အပြောင်းအရွှေ့လျော်ကွက်ထားသူ များပြားနေသည့် အတွက် ဆရာ/မများ လျော့နည်းရခြင်းဖြစ်ပါကြောင်း၊ ပညာရေးကောလိပ် သင်တန်းဆင်းနှင့် လက်ထောက်မူလတန်းပြဆရာ/မအသစ်များကို ခန့်ထားခွင့်ပြုစေလွှတ်ခဲ့ရာတွင် မြို့၏ C,D,E အဆင့်ရှိကျောင်းများကိုသာ ခန့်ထားရန် ညွှန်ကြားခဲ့ခြင်းနှင့် ခန္ဓီးမြို့နယ်အတွက် လျော်ကထားသည့် သင်တန်းသား ကျောင်းဆရာ/မ နည်းပါးခြင်း၊ ပုံမှန်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရန် ဆန္ဒပြုလျော်ကထားသူ နည်းပါးခြင်းတို့ကြောင့် လိုအပ်သည့်

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့)ကျင်းပ





တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့) ကို (၈- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၈၀) ဦးတို့ တက်ရောက်ကြပါသည်။

အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်း

ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးထိန်မင်းက **" (၅-၆-၂၀၂၆)ရက်နေ့ (၁၀း၃၀)အချိန် စစ်ကိုင်းမြို့၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး ဝင်ပေါက်ဝဲဘက်ဘေးတွင် Remote Mine ဟု ယူဆရသော ဗုံးပေါက်ကွဲမှုကြောင့် နိုင်ငံဝန်ထမ်း(၆)ဦးနှင့် အပြစ်မဲ့ပြည်သူ(၁၃)ဦး ထိခိုက်ဒဏ်ရာရရှိမှုအပေါ် ဝမ်းနည်းကြောင်းနှင့် ဗုံးထောင်ဖောက်ခွဲခဲ့သော အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ကန့်ကွက် ရှုံ့ချကြောင်း"** အရေးကြီးအဆိုကို တင်သွင်းခဲ့ရာ ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးသန်းစိုး၊ ဘုတလင်မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးမင်းဇော်၊ ကလေးမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)တို့မှ ထောက်ခံဆွေးနွေးခဲ့ကြပါသည်။ ယင်းအဆိုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး မှတ်တမ်းတင်ခဲ့ပါသည်။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးရဲဝိုးနိုင်၊ ရေဦး(၁)



လူမှုရေးရာဝန်ကြီး

ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးရဲဝိုးနိုင်က ရေဦးမြို့နယ်တွင် တာဝန်ကျပြီး ဌာနတာဝန်ယာယီရပ်ဆိုင်းခံထားရသည့် ပညာရေးဝန်ထမ်းများအား ၎င်းတို့ရောက်ရှိရာ အရပ်ဒေသရှိ နီးစပ်ရာစာသင်ကျောင်းများတွင် တွဲဖက်တာဝန်ထမ်းဆောင်နိုင်စေရေးနှင့် လစာစရိတ်များ ပြန်လည်ခံစားခွင့် ရရှိနိုင်ရေးတို့အတွက် မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်က ပညာရေးဝန်ကြီးဌာနမှ ယာယီရပ်ဆိုင်း ဆိုင်းငံ့ခြင်းခံထားရသည့် ပညာရေးဝန်ထမ်းများအား ၎င်းတို့ရောက်ရှိရာအရပ်ဒေသတွင်ရှိသည့် နီးစပ်ရာ စာသင်ကျောင်းများတွင် တွဲဖက်တာဝန်ထမ်းဆောင်ခွင့်အား ညွှန်ကြားချက် တစ်စုံတစ်ရာ

ဖေးခွန်းများ ဖေးဖြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

မရှိသေးပါသဖြင့် တွဲဖက်တာဝန်ထမ်းဆောင်ခွင့် မရှိသေးပါကြောင်း၊ လုပ်ငန်းခွင်သို့ အမှန်အလုပ်ဝင်ရောက်ခွင့်ရပြီး လုပ်ငန်းခွင်၌ အမှန်အလုပ်ဝင်ရောက်တာဝန်ထမ်းဆောင်မှ သာလျှင် တွဲဖက်တာဝန်ထမ်းဆောင်ခွင့်လည်းရရှိမှာဖြစ်ပါကြောင်းနှင့် လစာစရိတ် ခံစားခွင့်များလည်း ရရှိမှာ ဖြစ်ပါကြောင် ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးထိန်မင်း၊ ဝန်းသို့(၁)



လှမူရေးရာဝန်ကြီး

ဝန်းသို့မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးထိန်မင်းက ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံများသို့ နှစ်စဉ်ပံ့ပိုးသော ဆေးဝါးများ အချိန်နှင့်တပြေးညီရောက်ရှိရေး မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လှမူရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ဒေသန္တရကျန်းမာရေးဌာနဌာနခွဲ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲစုစုပေါင်း (၁၉၂)ခု ဖွင့်လှစ်၍လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနသည် ကုတင်(၅၀၀)ဆံ့ဆေးရုံ(၁)ရုံ၊ ကုတင်(၃၀၀)ဆေးရုံ(၂)ရုံ၊ ကုတင်(၂၀၀)ဆေးရုံ(၂)ရုံ၊ ကုတင်(၁၀၀)ဆေးရုံ(၅)ရုံ၊ ကုတင်(၅၀)ဆေးရုံ(၉)ရုံ၊ (၂၅)ကုတင်ဆေးရုံ(၇)ရုံ၊ (၁၆)ကုတင်ဆေးရုံ(၁၂)ရုံ၊ စုစုပေါင်းဆေးရုံ(၃၈)ရုံ ဖွင့်လှစ်၍လည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်မြေဒေသအခြေအနေပေါ် အခြေခံလျက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအား အခြေခံ၍ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းကို ပေါင်းစည်းကျန်းမာရေး စောင့်ရှောက်မှုအသွင်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနအနေဖြင့်လည်း အရည်အသွေးပြည့်ဝသော ကုသခြင်းကို မြို့တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ကျန်းမာရေးဝန်းထမ်းများကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနတွင် စီမံကော်မတီဖွဲ့စည်းထားရှိပြီး နေရာချထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျန်းမာရေးဌာနများနှင့် ဆေးရုံများအတွက် ဖြန့်ဖြူးပေးရမည့် ဆေးနှင့်ဆေးပစ္စည်းများကို သက်ဆိုင်ရာမြို့နယ်များမှ လာရောက်ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ လမ်းခရီး ခက်ခဲသော မြို့နယ်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ရုတတ်ယာဉ်လမ်းကြောင်းနှင့်လည်းကောင်း၊ ခွင်းတွင်းမြစ်ကမ်းတစ်လျှောက်ရှိ မြို့နယ်များအတွက် ရေကြောင်းလမ်း၊ ရေယာဉ် ယာဉ်တန်းဖြင့်လည်းကောင်း ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်မြေဒေသအခြေအနေ ပြန်လည်ကောင်းမွန်လာပြီး အုပ်ချုပ်ရေးယန္တရား ပြန်လည်စတင်သည့်မြို့နယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အမြန်ပြန်လည်စတင်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများ နေရာချထားရေးကို ကြိုတင်လျာထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆေးနှင့်ဆေးပစ္စည်းများကို အရန်ထားရှိကာ ကြိုတင်အစီအမံများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၎င်းအပြင် ယခင်က ကာကွယ်ဆေးများသည် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အဖေးလမ်းကြောင်းတာဝန်ခံမှ မိမိအစီအစဉ်ဖြင့် လာရောက်ထုတ်ယူခဲ့ပါကြောင်း၊ ယခုအခါ နယ်မြေဒေသအခြေအနေအရ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် မိမိအစီအစဉ်ဖြင့် လာရောက်ထုတ်ယူနိုင်ခြင်းမရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ၎င်းဆေးများအား အချိန်မီရောက်ရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကာကွယ်ဆေးများကို ဂျပ်ဖာ၊ ဖော့ဖာများဖြင့် ထည့်သွင်း၍ ဝန်းသို့မြို့နယ်အတွင်း ကာကွယ်ဆေးများ တပ်မတော်ရဟတ်ယာဉ်အကြံဖြင့် အချိန်မီပေးပို့ပြီး သက်တမ်းမလွန်မီ ထိုးနှံရေးကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၎င်းကာကွယ်ဆေးများကို ဆက်လက်ပေးပို့ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှု၊ ပံ့ပိုးကူညီမှုဖြင့် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ဟူမွလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးအောင်ဇော်ဝင်းက ဟူမွလင်းမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် လျာထားသည့်လမ်းစာရင်းတွင် ပါရှိသော ကက်သာကျေးရွာကျေးရွာတွင်းလမ်း(ကျောက်ရောမြေ-(ကျောက်ရောမြေ-၀/၆မိုင်) × ၁၈ ပေ × ၁ ပေ ၆ လက်မ)အား ပြည်ထောင်စုဘတ်ဂျက်မရရှိပါက

ဖေးခွန်းများ ဖေးဖြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

ဖြစ်ပါကြောင်း၊ ပေးပို့ရန် ကျန်ရှိသောပစ္စည်းများအား မန္တလေးသို့လှောင်ရုံမှ ပေးပို့ဖြန့်ဝေခိုင်းရေး စီစဉ်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ လမ်းခရီးအခြေအနေကောင်းမွန်ပါက ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသုံးပုံနှိပ်စာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဝန်ကြီးဌာန အစီအစဉ်နှင့် ဝယ်ယူပြီး တစ်နိုင်ငံလုံးကို နှစ်စဉ်ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးရုံးများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးလျက်ရှိပါကြောင်း၊ တိုင်းနှင့်ပြည်နယ်အလိုက် ဖြန့်ဝေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများကို တာဝန်ပေးစစ်ဆေးစေပါကြောင်း၊ အစီရင်ခံစာများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စုစည်းအစီရင်ခံစာထုတ်ပြန်ပြီး ထူးခြားသော တွေ့ရှိချက်များကို ပြည်သူ့လွှတ်တော်သို့ နှစ်စဉ်(၂)ကြိမ်အတိ တင်ပြအစီရင်ခံရပါကြောင်း၊ မြို့နယ်စာရင်းစစ်ရုံးများမှ တိုင်းနှင့်ပြည်နယ်ခွဲတမ်းများမှ ရရှိဖြန့်ဝေမှုများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှတစ်ဆင့် မြို့နယ်စာရင်းစစ်ချုပ်ရုံးများကို တာဝန်ပေးစစ်ဆေးစေပြီး စုစည်းအစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ ပေးပို့လျက်ရှိပါကြောင်း၊ မြို့နယ်ပညာရေးမှူးရုံးများ၏ ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုကိုသာ မြို့နယ်စာရင်းစစ်ချုပ်ရုံးများမှ စစ်ဆေးပြီး အစီရင်ခံစာထုတ်ပြန်လျက်ရှိပါကြောင်း၊ တာဝန်ပေးအစီရင်ခံစာများကို သက်ဆိုင်ရာစာရင်းစစ်ချုပ်ရုံးများကိုသာ ပေးပို့ပြီး သီးခြားအစီရင်ခံစာ ထုတ်ပြန်ခြင်းမရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးတင်မင်းထွဋ်က ဖောင်းပြင်မြို့နယ်၊ ချောင်းခွကျေးရွာနှင့် ပုဂံတောင်ကျေးရွာနှစ်ရွာကြားရှိ နမ့်မခွင်ချောင်းကမ်းပါးအား ရေလွှဲမြေထိန်းနံရံ တည်ဆောက်ပေးရန်နှင့် ချောင်းခွကျေးရွာနှင့် ပုဂံတောင်ရွာအကြား ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ကိုယ်စား စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦးက ဖောင်းပြင်မြို့နယ် အုန်းသာအုပ်စု၊ ချောင်းခွကျေးရွာနှင့် ညောင်ပင်သာကျေးရွာအုပ်စု ပုဂံတောင်ကျေးရွာအကြား နမ့်မခွင်ချောင်း ချောင်းရေတိုက်စားနေသောနေရာသည် အလျား ၆၀၀ ပေခန့်ရှိကြောင်း၊ လက်ရှိအခြေအနေအရ နယ်မြေလုံခြုံမှုအားနည်းနေသည့်အတွက် ကွင်းဆင်းတိုင်းတာမှုဆောင်ရွက်၍ ရသည့် အချိန်တွင် အသေးစိတ်တွက်ချက်မှုများ စစ်ဆေးတိုင်းတာတွက်ချက်ပြီး ရန်ပုံငွေတင်ပြတောင်းခံကာ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ချောင်းခွရွာနှင့် ပုဂံတောင်ရွာအကြား ရွာချင်းဆက်လမ်းဖြစ်သည့်



ဦးတင်မင်းထွဋ်၊ ဖောင်းပြင်(၁)



စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး

လက်ရှိ မြေသားလမ်း(၂)မိုင်(၃)ဖာလုံခွဲပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသောလမ်းဖြစ်ပါကြောင်း၊ ကျေးရွာ(၈)ရွာ အိမ်ခြေ(၅၄၀)၊ လူဦးရေ(၂၁၀၀)အကျိုးပြုသည့်လမ်းဖြစ်ပါကြောင်း၊ နယ်မြေအေးချမ်းပြီး ကွင်းဆင်းဆောင်ရွက်၍ရသည့်အခါနှင့်တွင် ပညာရှင်များစေလွှတ်၍ ကွင်းဆင်းတိုင်းတာ၍ ရန်ပုံငွေတွက်ချက်တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးမြင့်ကျော်၊ မင်းကင်း(၂)



စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး

မင်းကင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးမြင့်ကျော်က မင်းကင်း-သလဲဘာရွာလမ်းဆုံမှ အံ့စရာရွာအထိ လမ်းအရှည်(၁)မိုင်ခန့်အား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး (ကိုယ်စား) စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦးက မင်းကင်း-အံ့စရာ-မော်ကိုင်း-တုမရ-အင်ကြင်းတောင်လမ်း၏ လက်ရှိအခြေအနေ

ဧမေးခွန်းများ ဧမေးဖြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ



ဦးတင်မင်းထွဋ်၊ ဖောင်းပြင်(၁)



လူမှုရေးရာဝန်ကြီး



ဦးသက်ကိုကိုကျော်၊ ကန့်ဘလူ(၁)



လူမှုရေးရာဝန်ကြီး

ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးတင်မင်းထွဋ်က ဖောင်းပြင်မြို့နယ်၊ ပိုးစာကုန်းကျေးရွာအုပ်စု၊ ပိုးစာကုန်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် မပြီးပြတ်သေးသည့် (၉၀×၃၀) ပေ Steel Structure (၁)ထပ်ကျောင်းဆောင်အား အပြီးသတ်ဆောက်လုပ်နိုင်ရေး မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က ဖောင်းပြင်မြို့နယ် အ. ထ. က(ခွဲ) ပိုးဇာကုန်းရှိ (အလျား ၉၀ × အနံ ၃၀ ပေ) Steel Structure ကျောင်းဆောင်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မာရသာကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့သည့် အဆောက်အဦဖြစ်ပါကြောင်း၊ နယ်မြေဒေသအခြေအနေအရ လုပ်ငန်းများရပ်တန့်ခဲ့ရပါကြောင်း၊ ယခုပညာသင်နှစ်တွင်လည်း ဖွင့်လှစ်လျက်ရှိသော ကျောင်းဖြစ်ပါကြောင်း၊ ၎င်းကျောင်းအဆောက်အဦ ပြီးစီးရေးအတွက် နယ်မြေဒေသအခြေအနေပေါ်မူတည်ပြီး လုပ်ငန်းများဆောင်ရွက်နိုင်ပါကရန်ပုံငွေ တင်ပြတောင်းခံဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ကန့်ဘလူမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးသက်ကိုကိုကျော်က ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ကာလများက နှစ်အလိုက် နိုင်ငံတော်မှ ထောက်ပံ့ပေးထားသော ပုံနှိပ်စာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို မည်ကဲ့သို့ ပြန်လည်စီမံခန့်ခွဲသွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်တွင် ကန့်ဘလူမြို့နယ်၌ ဖွင့်လှစ်လျက်ရှိသည့် ကျောင်း(၉၈)ကျောင်းရှိပြီး ကျောင်းသူ/သား(၁၉၉၉၅)ဦးအတွက် ကျောင်းသုံးပုံနှိပ်စာအုပ် (၁၉၉၉၅)စုံ၊ ဗလာစာအုပ်(၁၆၆၇၃)ဒါဇင်၊ ဘောပင်(၃၂၈၇)ဒါဇင်၊ ခဲတံ(၉၅၁၂)ဒါဇင်၊ ကျောင်းဝတ်စုံ(၁၃၆၉၃)စုံ ခွဲဝေရရှိခဲ့ပါကြောင်း၊ ခွဲဝေရရှိသော ပစ္စည်းများကို ကန့်ဘလူမှ ထုတ်ယူရရှိခဲ့ပြီး ဖြန့်ဝေခဲ့ရာ ဘောပင်(၂၅၅၀)ဒါဇင်၊ ခဲတံ(၃၇၀၈)ဒါဇင်၊ ကျောင်းဝတ်စုံ(၂၀၄၅)စုံ ကျန်ရှိခဲ့ပါကြောင်း၊ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်တွင် ကန့်ဘလူမြို့နယ်တွင် ဖွင့်လှစ်နိုင်ခဲ့သောကျောင်း(၇၅)ကျောင်းရှိပြီး ကျောင်းသား/သူ(၁၉၀၇၀)ဦးအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် လက်ကျန်ဖြစ်သော ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံများအား ဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း၊ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်တွင် ကန့်ဘလူမြို့နယ်အတွက် ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံများ သယ်ယူထုတ်ယူနိုင်ခြင်း မရှိခဲ့ပါကြောင်း၊ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ခဲ့သောကျောင်းပေါင်း(၇၅)ကျောင်းရှိပြီး ကျောင်းသူ/သား (၁၇၉၀၉)ဦးအတွက် စနစ်သစ်ဖြစ်သော ကျောင်းသုံးပုံနှိပ် G-5 တန်းအတွက် (၁၄၂၉)စုံ၊ G-9 အတန်းအတွက် (၉၅၈)စုံ၊ G-12 တန်းအတွက် (၃၁၆)စုံ ထုတ်ယူဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျန်အတန်းများအတွက် ထုတ်ယူနိုင်ခြင်းမရှိခဲ့ပါကြောင်း၊ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်တွင် ထုတ်ယူရန်ကျန်ရှိသော ကျောင်းသုံးပစ္စည်းများကို (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်တွင် ရွှေဘိုမှတစ်ဆင့်ထုတ်ယူထားရှိပြီး ဖြစ်ပါကြောင်း (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သောကျောင်းပေါင်း (၇၅)ကျောင်းရှိပြီး ကျောင်းသူ/သား(၁၈၃၉၄)ဦး ရှိပါကြောင်း၊ တပ်မတော်ရဟတ်ယာဉ်ဖြင့် ကျောင်းသုံးပုံနှိပ် (၂၄၀)စုံသာ ရောက်ရှိခဲ့ပါကြောင်း၊ ရောက်ရှိလာသော(၂၄၀)စုံကို ကျောင်းသားများလက်ဝယ်သို့ ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်နှင့် (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွက် ထုတ်ယူရန်ကျန်ရှိသော ကျောင်းသုံးပစ္စည်းများကို (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်တွင် အသုံးပြုရန် ကျောင်းသုံးဗလာစာအုပ်(၄၀)ဒါဇင်အား တပ်မတော်ရဟတ်ယာဉ်(၁)ယာဉ်ဖြင့် (၂၅-၃-၂၀၂၆) ရက်နေ့တွင် ပေးပို့နိုင်ခဲ့ပါကြောင်း၊ အလားတူကျောင်းသုံးပုံနှိပ်စာအုပ် အိတ်(၄၀၀) ကိုလည်း (၂၅-၅-၂၀၂၆)မှာကန့်ဘလူခရိုင် ပညာရေးမှူးရုံးသို့ ဖြန့်ဝေထားပြီး

ဧမေးခွန်းများ ဧမေးဖြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ



ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်း(၂)



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး



ဦးအောင်မင်းကျော်သူ၊ ဘုတလင်(၁)



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး

တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာဆန်းဝင်းက ဟုမ္မလင်းမြို့နယ် ကက်သာစံပြကျေးရွာတွင် အိမ်ခြေ(၁၁၃၉)အိမ်၊ လူဦးရေ(၇၅၆၂)ဦး နေထိုင်ကြပြီး ယခုတင်ပြသည့်လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းကာလတွင် လမ်းမှာ ရေနစ်မြုပ်သဖြင့် ရွှံနှံများ တင်ကျန်ခြင်း၊ လမ်းမျက်နှာပြင်မညီညာမှုကြောင့် လမ်းပေါ်တွင် ကျင်းချိုင့်များ ဖြစ်ပေါ်နေခြင်း တို့ကြောင့် မိုးတွင်းကာလ သွားလာရန်ခက်ခဲသောလမ်းပိုင်း ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာ၏ တင်ပြချက်အရ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှာ ကွင်းဆင်းတိုင်းတာပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် လျာထားခဲ့သော်လည်း ရန်ပုံငွေကန့်သတ်ချက်အရ ပါဝင်ခဲ့ခြင်းမရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေတွင် မြေ+ဂျင်းခင်းခြင်း လုပ်ငန်း ၆ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထူ ၁ ပေ ၉ လက်မရှိသည့် လမ်းကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ခန့်မှန်းကုန်ကျငွေ ကျပ်သန်း (၃၁၇. ၈၄)သန်းဖြင့် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးအောင်မင်းကျော်သူက ဝန်းသိမ့်မြို့နယ်ရှိ ထာဝရကုမ္ပဏီ(ကျောက်ပုထိုး)အနေဖြင့် ရွှေကြွေးကျန်များကို နိုင်ငံတော်သို့ အကုန်ပြန်လည်ပေးသွင်းပြီးခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်သန်းဝင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ထာဝရသတ္တုကူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် ကျောက်ပုထိုးသတ္တုတွင်းရှိ ရွှေသန့်စင်စက်ရုံ ထုတ်လုပ်မှုလုပ်ငန်းမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းတွင် (၃၀-၉-၂၀၁၉)ရက်နေ့ရှိ ပေးသွင်းရန်ကျန်ရွှေစင်(၆၇၉၉. ၁၈)ကျပ်သားအနက် ကုမ္ပဏီမှ ၂၀၁၉-၂၀၂၀၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တို့တွင်ရွှေစင်(၁၀၇၀. ၈၄) ကျပ်သား ထပ်မံပေးသွင်းခဲ့သဖြင့် ပေးသွင်းရန်ကျန်ရွှေစင် (၅၇၂၁. ၃၄)ကျပ်သား ကျန်ရှိခဲ့ပါကြောင်း၊ ယင်းကဲ့သို့ပေးသွင်းရန် ကြွေးကျန်ဖြစ်ပေါ်ရခြင်းမှာ စာချုပ်ပါ စည်းကမ်းအရ ကုမ္ပဏီမှ ရွှေ(၈)ပိဿာ ၁၅ ကျပ်သားကို လစဉ်ပေးသွင်းရမှာ ဖြစ်ပါကြောင်း၊ သို့သော်လည်း အခြေလများတွင် စက်ရုံမှ ရက်အပြည့်အဝ လည်ပတ်နိုင်ခြင်း မရှိခဲ့သော လများရှိခဲ့သည့်အတွက် ဌာနသို့ ပေးသွင်းရန်အချိန် ကုမ္ပဏီမှ ရရန်အချိန် ရွှေသတ္တုများ လျော့နည်းခဲ့တဲ့အတွက် ယခုကဲ့သို့ ကြွေးကျန်များ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် အကျိုးတူ ရွှေသတ္တု တူးဖော်ထုတ်လုပ်သည့် ထာဝရသတ္တု တူးဖော်ရေးကုမ္ပဏီလီမိတက် ကျောက်ပုထိုးရွှေထုတ်လုပ်ရေး သတ္တုတွင်း လုပ်ငန်းသည် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း နှုံးချုပ် နေပြည်တော်နှင့် တိုက်ရိုက်စာချုပ်ချုပ်ဆိုခဲ့သော လုပ်ငန်းဖြစ်ပါကြောင်း၊ ကျောက်ပုထိုးသတ္တုတွင်းအား နယ်မြေလုံခြုံရေးအခြေအနေအရ အလုပ်သမားများလုပ်ငန်းခွင်အတွင်း ဝင်ရောက်နိုင်ခြင်းမရှိဘဲ ဇာတိကျေးရွာများသို့ တိမ်းရှောင်နေရသဖြင့် ကျောက်ပုထိုးရွှေထုတ်လုပ်ရေးစက်ရုံအား (၈-၃-၂၀၂၁)ရက်နေ့မှစ၍ (၆-၁၁-၂၀၂၅) ရက်နေ့အထိ ကာလကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများမှာ မလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် ရပ်နားကာလများအဖြစ် ရွေသန့်စင်စက်ရုံ ရပ်နားခွင့်အား မှတ်တမ်းတင်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ (၇-၁၁-၂၀၂၅) ရက်မှ (၆-၅-၂၀၂၆)ရက်နေ့အထိ ဆက်လက် ရပ်နားခွင့်ပြုနိုင်ရေးအတွက် စီစစ်

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောက်ပုထိုး သတ္တုတွင်း၏ ပေးသွင်းရန် ကျန်ရှေ့ရောင်များကို ကုမ္ပဏီတွင်ပေးသွင်းရန် တာဝန်အပြည့်အဝရှိသည့်အတွက် နယ်မြေအေးချမ်းလာပြီး ရွှေစက်ရုံပြန်လည် လည်ပတ် နိုင်သည့်အချိန်တွင် ကုမ္ပဏီမှ ကျေပွန်စွာ ဆက်လက်ပေးသွင်းစေရေးကို စာချုပ် ချုပ်ဆိုခဲ့သည့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း (နုံးချုပ်)မှ ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဒေါ်ကြူကြူစိန်၊ မုံရွာ(၂)



စည်ပင်သာယာရေးဝန်ကြီး

မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်ကြူကြူစိန်က မုံရွာမြို့၊ မြဝတီရပ်ကွက်အတွင်းရှိ မန်ကျည်းပင်စေ့းအား အမိုးအကာများ ပါဝင်သောစေ့းအဖြစ်သို့ မည်သည့်အချိန်တွင် အဆင့်မြှင့်တင်တည်ဆောက် ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်ဒုတိယမေးခွန်းအနေဖြင့်မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်အတွင်းရှိ ချင်းတွင်းရွှေဝါလမ်း၊ ချင်းတွင်းတေဇလမ်း၊ ပိတောက်ကုန်းလမ်း၊ ဓမ္မပါလဓမ္မာရုံရှေ့ ပိတောက်ကုန်းလမ်း၊ ကမ်းနားလမ်းတို့ရှိ မြေသားလမ်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က မုံရွာမြို့၊ မြဝတီရပ်ကွက်အတွင်းရှိ မန်ကျည်းပင်စေ့းမြေနေရာသည် စည်ပင်သာယာရေးအဖွဲ့မှ မြေပိုင်ဆိုင်မှုမရှိသေးသည့် ကိုယ့်အားကိုယ်ကိုးစေ့းတစ်ခုသာဖြစ်ပါကြောင်း စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လမ်းဘေးစေ့းဆိုင်များ ယာယီခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ ဖျက်သိမ်းခြင်းလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့်အတွက် လမ်းဘေးစေ့းသည်များကို ကြီးကြပ်ကွပ်ကဲ၍ နေ့စဉ်မန်ကျည်းပင်စေ့းမှ ထွက်ရှိသည့်အမှိုက်များကို သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၎င်းစေ့းမြေနေရာကို အဖွဲ့ပိုင်မြေအဖြစ် ရရှိပိုင်ဆိုင်မှုသာ စေ့းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရခြင်း ဖြစ်ပါကြောင်း၊ မန်ကျည်းပင်စေ့းသည် သန့်ရှင်းသပ်ရပ်ပြီး စနစ်တကျရောင်းဝယ်နိုင်သောစေ့းဖြစ်ရန်အတွက် စေ့းသူစေ့းသားများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင်မြေနေရာ မဖြစ်သေးသည့်အတွက် မန်ကျည်းပင်စေ့းအား အမိုးအကာများပါဝင်သောစေ့းအဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

ဒုတိယမေးခွန်းအားဖြေကြားရာတွင် မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်အတွင်းရှိသည့် လွှတ်တော်ကိုယ်စားလှယ်တင်ပြထားသည့်လမ်းများအား ကွင်းဆင်းတိုင်းတာ စစ်ဆေးခဲ့သည့်နေရာမှာ ချင်းတွင်းရွှေဝါလမ်းသည် အရှည်(၇၃၀)ပေနှင့် အကျယ်(၁၂)ပေ၊ ချင်းတွင်းတေဇလမ်းသည် အရှည် (၆၁၀)ပေနှင့် အကျယ်(၁၂)ပေ ရှိပါကြောင်း၊ ထိုလမ်းကို (၉)လက်မထုရှိသည့် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်သင့်ပါကြောင်း၊ ဓမ္မရုံတောင်ဘက်လမ်းသည် အရှည် (၅၅၀)ပေ၊ အကျယ်(၁၂)ပေနှင့် ဓမ္မာရုံ၏ မြောက်ဘက်လမ်းသည် အရှည်(၇၃၀)ပေနှင့် အကျယ် (၁၄)ပေ လမ်း(၂)လမ်းကို နိုင်လွန်ကတ္တရာအဖြစ် အဆင့်မြှင့်တင်ပေးသင့်သည်ကို တွေ့ရှိရပါကြောင်း၊ ကမ်းနားလမ်းကိုလည်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်သင့်သည်ကို တွေ့ရှိရပါကြောင်း လမ်းလုပ်ငန်းစီမံသည့်နေရာတွင် အဓိက ရေနုတ်မြောင်းပါထည့်သွင်းပြီး စဉ်းစားဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ လက်ရှိလမ်းများသည် (၁၂)ပေအကျယ်ရှိသည့်လမ်းများဖြစ်သည့်အတွက် ရေနုတ်မြောင်းလုပ်ရာတွင် အခက်အခဲများရှိပါကြောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် ဒေသန္တရဓနိမ်ကိန်းများတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး ဖြေရှင်းသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

> ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ(၁၀)အရ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဥပဒေကြမ်းများတင်သွင်းခြင်း အာမိုတင်သွင်းခြင်း၊ မေးခွန်းမေးမြန်းခြင်းပြုနိုင်သည်။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးကျော်စိုး၊ ဒန်းမောက်(၂)



စိမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး

တည်ဆောက်ပေးနိုင်ရေး မည်သို့ စိမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦးက စစ်ကိုင်းတိုင်းဒေသကြီးဒေသကြီးတွင် အကြမ်းဖက်လက်နက်ကိုင်များ ဖျက်ဆီးခဲ့သည့်အတွက် မြို့ရွာများပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ ဒေသခံပြည်သူများ မိမိဒေသမှ စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသည်မှာလည်း များပြားပါကြောင်း၊ ထို့ကြောင့်စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြန်လည်ထူထောင်ပေးရမည့် ရေတို/ရေရှည် အစီအမံများကို အဆင့်လိုက် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အကြမ်းဖက်လက်နက်ကိုင်များ စွန့်ခွာသွားသည့်နောက်ပိုင်း တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ၎င်းနောက် ကုန်းလမ်းနှင့် ရေကြောင်းလမ်းများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် ဆက်လက်ကြိုးစား ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအပြင် ကျောင်းသူ/သားများ လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ၂၀၂၆-၂၀၂၇ ခုနှစ် ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန၏ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှုကို တင်ပြရမည်ဆိုလျှင် အဆင့်မြင့်ပညာဦးစီးဌာနအတွက် (၂၀၂၇ဌ. ၈၁၉)ကျပ်သန်း၊ အခြေခံပညာဦးစီးဌာနအတွက်(၁၁၅၉၃. ၀၈)ကျပ်သန်း၊ ဆရာအတတ်သင်ပညာဦးစီးဌာနအတွက် (၁၃၃၀၁. ၇၃၀)ကျပ်သန်းဖြင့် အဆောက်အဦနှင့်အခြားလိုအပ်ချက်များ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကလေးငယ်များကာကွယ်ဆေးထိုးခြင်းနှင့် ပြည်သူလူထုအတွက် ကျန်းမာရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက်လည်း လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုကို တင်ပြရမည်ဆိုလျှင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် (၂၃၃၀. ၀၀)ကျပ်သန်း၊ ကုသရေးဦးစီးဌာနအတွက် (၇၄၀၆. ၆၅၀)ကျပ်သန်း၊ ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဌာနအတွက် (၉၂. ၉၂၃)ကျပ်သန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနအတွက် (၁၂၃. ၈)ကျပ်သန်းဖြင့် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ရင်းနှီးမြှုပ်နှံထားပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးတင်မောင်မြင့်၊ ဖောင်းပြင်(၂)



လူမှုရေးရာဝန်ကြီး

ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးတင်မောင်မြင့်က ဖောင်းပြင်မြို့နယ်၊ နန်းပန်ကျေးရွာအုပ်စု၊ ဇော်ဂျီကျေးရွာအစိုးရအလယ်တန်းကျောင်းဆောင်အသစ်ဆောက်လုပ်မှုအား အပြီးသတ်ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်က ဖောင်းပြင်မြို့နယ်၊ နန်းပန်ကျေးရွာအုပ်စု၊ ဇော်ဂျီကျေးရွာ အ. လ. က တွင်ရှိသည့် (၉၀ × ၃၀)ပေ Steel Structure ကျောင်းအဆောက်အဦသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မာရ္ဂသာ ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ပြီး လုပ်ငန်း၏ (၅၀)%ပြီးစီးပြီဖြစ်ပါကြောင်း၊ ထိုသို့လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း နယ်မြေဒေသအခြေအနေကြောင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရပ်နားခဲ့ရပါကြောင်း၊ ၎င်းကျောင်းသည် ယခုပညာသင်နှစ်တွင် ဖွင့်လှစ်နိုင်သောကျောင်းဖြစ်ပြီး နယ်မြေဒေသအခြေအနေအရ ဆောင်ရွက်နိုင်ပါက ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင်ကျောင်းဆောင်များအပြီးသတ်ဆောက်လုပ်နိုင်ရန်အတွက် ရန်ပုံငွေရရှိရေး တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့ကို (၂၂- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၇၈) ဦးတို့ တက်ရောက်ကြပါသည်။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးအောင်နိုင်သူ၊ ခန္ဓီး(၂)



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး

ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးအောင်နိုင်သူက ခန္ဓီးမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲနေသည့် ကားလမ်းမပေါက်သေးသည့် ချင်းတွင်းမြစ်အနောက်ဖက်ကမ်း ခန္ဓီးမြို့နယ်နှင့် လေရှိုးမြို့နယ် ချင်းဆက်လမ်း၊ နန့်ပေါက်ပေါက်-ဂိုကာဖိုင်-ဖိုင်လင်း-နားတပ်-ဝါးတောလမ်း(၂၈)မိုင်ခန့်အား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက ခန္ဓီးမြို့နယ်နှင့်လေရှိုးမြို့နယ်ချင်းဆက်လမ်း ရပ်နား-နန့်ပေါက်ပေါက်-ဂိုကာဖိုင်-ဖိုင်လင်း-နားတပ်-ဝါးတောလမ်း(၂၈)မိုင်နှင့်ပတ်သက်ပြီး (၅)နှစ်စီမံကိန်းတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ခန္ဓီးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှဦးစီးအရာရှိ ဦးကိုင်ဦးဆောင်သောအဖွဲ့မှ ၂၀၂၆ ခုနှစ်၊ မေလ(၈)ရက်နေ့မှ (၁၁)ရက်နေ့အထိ မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၄င်းလမ်းဘေးအား(၅)နှစ်စီမံကိန်းပါ လျာထားဆောင်ရွက်ပြီးလည်းဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစပြီး ရန်ပုံငွေရရှိမူပေါ်မူတည်၍ လုပ်ငန်းအလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ပန်းမောက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးကျော်စိုးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့်ပြည်သူ့အိုးအိမ်များ၊ သာသနာရေးအဆောက်အဦ ကျန်းမာရေးအဆောက်အဦ ပညာရေးအဆောက်အဦများအတွက် ရေတို/ရေ ရှည်စီမံကိန်းဖြင့် ပြန်လည်

အဆိုဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါ်စန္ဒာသိန်း၏ **" ချင်းတွင်းမြစ်အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှုလုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက်ဓာတုပစ္စည်းများဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေး "** တိုက်တွန်းကြောင်းအဆိုအား ဟူမွလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ဇော်ဝင်း၊ မင်းကင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးမြင့်ကျော်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးတင်မောင်မြင့်၊ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးစိုင်းအောင်ခမ်း၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)ဦးမင်းဇော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇြိမ်းချမ်းကို တို့က ထောက်ခံဆွေးနွေးခဲ့ကြပါသည်။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုခဲ့ကြပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတင်ထွေနေ့ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၉)ရက်နေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာပါသည်။

[တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၁း၃၂)နာရီအချိန်တွင် ရပ်နားပါသည်]

အစည်းအဝေးသို့တက်ရောက်လာသောလွှတ်တော်ကိုယ်စားလှယ်များ၏ မှတ်တမ်းဓာတ်ပုံများ





တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ကျင်းပ





တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယမှန်အစည်းအဝေး(စတုတ္ထနေ့) ကို (၉- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန်.နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၇၉) ဦးတို့. တက်ရောက်ကြပါသည်။

ဓမ္မဇွန်းမှား ဓမ္မဖြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးရဲမိုးနိုင်၊ ရေဦး(၁)



လှုမှုရေးရာဝန်ကြီး

ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးရဲမိုးနိုင်က ရေဦးမြို့၊ ကုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် အများပြည်သူကျန်းမာရေး စောင့်ရှောက်မှု လိုအပ်သောဆေးဝါးများ ကောင်းမွန်စွာရရှိနိုင်စေရန်နှင့် လိုအပ်သော အရာထမ်းဆရာဝန်များ၊ သူနာပြုဆရာမကြီးများအပါအဝင် အမှုထမ်းများကို ပြည့်စုံစွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လှုမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်က ရေဦးမြို့ ကုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် လိုအပ်နေသော ဆေးဝါးများကို ဘဏ္ဍာနှစ်(၁)နှစ်အတွင်း တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ တင်ဒါခေါ်ယူ၍ တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ ဆေးရုံသို့ အရောက်ပို့စနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ရုံးချုပ်မှ ထောက်ပံ့သော ဆေးနှင့်ဆေးပစ္စည်းများအား တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ မုံရွာမှ မိမိဆေးရုံ၏ အစီအစဉ်ဖြင့် လာရောက် ထုတ်ယူရမှာဖြစ်ပါကြောင်း၊ ရေဦးမြို့ ကုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များ ဦးစားပေး ခန့်ထားပေးနိုင်ပါရန် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကုသရေးဦးစီးဌာန (နေပြည်တော်)သို့ တိုင်းကျန်းမာရေးဦးစီးဌာန၏ (၂၆-၅-၂၀၂၆) ရက်စွဲပါစာ အမှတ်၊ ၁၉၃၂/အစရ ၆/၂၀၂၆ ဖြင့် တင်ပြတောင်းခံထားပါကြောင်းနှင့် ရေဦးဆေးရုံသို့ ကုသရေးဦးစီးဌာနက ဆရာဝန်များ မခန့်ထားနိုင်သည့်ကာလတွင် စစ်ကိုင်း ဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာ သက်ထားဦးအား ယာယီ တာဝန်ချထားပြီး ရေဦးဆေးရုံသို့ သွားရောက်တာဝန်ထမ်းဆောင်ရန် တာဝန် ပေးအပ်ပြီးဖြစ်ပါကြောင်း၊ ၎င်းဆရာဝန်သည် မုံရွာမြို့သို့ ရောက်ရှိပြီး (၀)ကြို့ စောင့်ဆိုင်းလျက်ရှိကြောင်း၊ ရေဦးဆေးရုံကြီးမှာ သူနာပြုကြီး (၁)ဦး၊ အကူသူနာပြု အပါအဝင် စုစုပေါင်း(၃)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ သူနာပြုကြီး (၁)ဦးနှင့် နောက်ထပ် သူနာပြု (၃)ဦးကိုလည်း ရေဦးမြို့သို့ သွားရောက်တာဝန် ထမ်းဆောင်ရန် (၀)ကြို့စောင့်ဆိုင်းလျက်ရှိကြောင်း၊ ၂၀၂၆ ခုနှစ် မေလလယ်မှ သင်တန်းဆင်းခဲ့သော သူနာပြု(သစ်လွင်)များထဲမှ သစ်လွင်သူနာပြု(၂)ဦးကိုလည်း

ဓမ္မဇွန်းမှား ဓမ္မဖြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဒေါ်ကြူကြူစိန်၊ မုံရွာ(၂)



စည်ပင်သာယာရေးဝန်ကြီး

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က မုံရွာမြို့၊ ရွှေဇလုပ်ရပ်ကွက်အတွင်းရှိ အရှည်(၁၁၃၀)ပေ၊ အကျယ်(၂၅)ပေ ရှိသည့် ရတနာလမ်းသည် လက်ရှိမြေသားလမ်းဖြစ်ပြီး ရပ်ကွက်မှ ဆောင်ရွက်စဉ် အချိန်ကပင် မြေသားလမ်းအဖြစ် တည်ရှိနေသည့် ရတနာလမ်းမှာ(၁၁၃၀)ပေ၊ အကျယ်(၁၈)ပေ၊ ထု(၉)လက်မရှိသည့် ကွန်ကရစ်အခင်းအစားသည် (၁း၃း၆) ဖြင့် ကွန်ကရစ်လမ်းခင်းရန်အတွက် တွက်ချက်မှုအရဆိုလျှင် ဘိလပ်မြေ (၁၉၆၀)အိတ် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်း ပြုလုပ်ဆောင်ရွက်မည်ဟု သိရှိရပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင် သာယာရေးအဖွဲ့အနေဖြင့် စည်ပင်သာယာရေးအဖွဲ့နှင့်ပြည်သူများ ပူးပေါင်းပြီး ကိုယ့်အားကိုယ်ကိုး လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်အကောင်အထည်ဖော်သည့် နေရာတွင် စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ဘိလပ်မြေလိုအပ်ချက်များ၊ အလုပ်လုပ်မည့် နေရာတွင် နည်းပညာကြီးကြပ်မှုများဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ပြည်သူများမှ လုပ်သား လုပ်အားခများကို ကျခံဆောင်ရွက်ပေးကြပါကြောင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဘိလပ်မြေ အိတ်များကို ထောက်ပံ့ပေးနိုင်ရန်အတွက် အိတ်(၂၀၀၀)လျာထားပေးရန် တင်ဒါခေါ် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ယခုမေးမြန်းထားသည့် ရွှေဇလုပ်ရပ်ကွက်အတွင်းရှိ ရတနာလမ်းအတွက် ဘိလပ်မြေ(၁၉၆၀)အိတ်ကို ထောက်ပံ့ပေးနိုင်ရေး ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဖွဲ့စည်းရန်အတွက် အမည်စာရင်းတင်သွင်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအား ကော်မတီဝင်ဦးရေ(၁၁)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး၊ ဖွဲ့စည်းရန်လျာထားသော လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးတင်ဝင်း၊ အရာတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၂) ဦးကျော်သူ၊ ကောလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၃) ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၄) ဦးဇေယျာစိုး၊ မြင်းမူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၅) ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၆) ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၇) ဦးအောင်ဇော်မင်း၊ ဝန်းသိုမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၈) ဦးအောင်နိုင်သူ၊ ခန္ဓီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၉) ဦးမင်းဆွေ၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၁၀) ကြည်း-၄၇၉၄၅၊ ဗိုလ်မှူးဝေဖြိုးသာ
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
(၁၁) ကြည်း-၆၇၅၃၀၊ ဗိုလ်ကြီးဒေါ်သီရိဟန်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

ကော်မတီဥက္ကဋ္ဌအဖြစ် ဦးတင်ဝင်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး-၁အဖြစ် ဦးအောင်နိုင်သူ၊ ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး-၂အဖြစ် ဦးမင်းဆွေ၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၁၉-၆-၂၀၂၆)ရက် ညနေ(၁၅း၀၀)အချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံး အကြီးအမှူးထံ အမည်စာရင်းပေးပို့ကြရန် ကြေညာခဲ့ပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၂)ရက်၊ တနလ်္ဂနွေ၊ နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါသည်။

[တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို (၁၁း၀၉)နာရီအချိန်တွင် ရပ်နားပါသည်]

ဧရိယာနှင့်လူဦးရေ



ဦးကျော်စိုးဦး၊ ခင်ဦး(၂)



စည်ပင်သာယာရေးဝန်ကြီး



ဦးရဲနောင်၊ ကလေးဝ(၂)



စည်ပင်သာယာရေးဝန်ကြီး

ဖူလုံစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် တောင်သူလယ်သမားများအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဖွဲ့စည်းသွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး (ကိုယ်စား)စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို (၈-၁၀-၂၀၁၃)ရက်နေ့ ရက်စွဲဖြင့် ပြည်ထောင်စုဥပဒေအမှတ်(၃၂)နှင့် ထုတ်ပြန်ခဲ့ပြီး တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို(၁၉-၁၁-၂၀၁၄)ရက်စွဲနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၄၇)တို့ကိုထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ (၁၆-၆-၂၀၂၁) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၈/၂၀၂၁)အရ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဥပဒေနှင့်နည်းဥပဒေများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၅-၈-၂၀၂၁) ရက်စွဲပါစာအမှတ်၊ ၃/၆-၃-(၁၁)/(၆၅၉)မူဝါဒဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ထားပြီး ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့် အရေးကာကွယ်ရေးနှင့် အကျိုးဖြစ်ထွန်းရေးလုပ်ငန်းအဖွဲ့သည် တောင်သူလယ်သမားများ၏ အခွင့်အရေး ရရှိစေရေး ရသင့်ရထိုက်သည့် အခွင့်အရေးများနှင့်အကျိုးစီးပွားကို ဆောင်ရွက်ရာတွင် ဆွေးငွေ့နှင့်အကူအညီများပေးရေး၊ နည်းပညာသွင်းအားစုနှင့် ထုတ်လုပ်မှု လုပ်ငန်းများ ဆိုင်ရာပံ့ပိုးကူညီပေးရေး လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ စိုက်ပျိုးရေးရရှိရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးရေး စသည်တို့ကို လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ဦးဆောင်အဖွဲ့များအနေဖြင့် အဖွဲ့ခေါင်းဆောင်၏ လမ်းညွှန်ချက်နှင့်အညီ တောင်သူလယ်သမားများရဲ့ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးရဲနောင်က ကလေးဝမြို့ရှိ မြို့လယ်ရေမြောင်းကြီးအား ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က ကလေးဝမြို့၊ မြို့နယ်ကိုဖြတ်ပြီး ရေကြောင်းအရှည် ပေ(၄၀၀၀)ခန့်ရှိပြီး အရှည်ပေ(၁၅၀၀)အကျယ်(၆)ပေနှင့် အနက်(၅)ပေသည် ကျောက်စီရေမြောင်းဖြစ်ပြီး အရှည်ပေ(၂၅၀၀)၊ အကျယ်(၆)ပေ၊ အနက်(၅)ပေသည် မြေသားမြောင်းဖြစ်ပါကြောင်း၊ လက်ရှိတွင် ရေမြောင်းထွက်ပေါက် ပိုလ်ချုပ်လမ်းတံတားအောက် (၂)ပေအချင်း၊ အရှည်(၆၀)ပေရှိသည့် ရေပြွန်(၄)ခုသည်ပိတ်ဆို့ပြီး ရေမြောင်းတစ်လျှောက်တွင်လည်း အနက်(၂)ပေခန့်ရှိသည့် နုန်းမြေရေတင်လျက်ရှိသည့် အတွက်ကြောင့် ရေစီးရေလာကောင်းမွန်ရေး၊ နုန်းမြေများကို ရှင်းလင်းဆယ်ယူလျက်ရှိပါကြောင်း၊ စည်ပင်သာယာရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ရာ ပိတ်ဆို့နေသော ရေပြွန်(၄)ခုကို ဖယ်ရှားပြီး ရေမြောင်းကို တိုးမြှင့်တူးဖော် ပြုပြင်တဲ့လုပ်ငန်းများနှင့် ကျန်ရှိနေသည့်အရှည်(၂၅၀၀)၊ အကျယ်(၆)ပေ၊ အနက်(၅)ပေရှိသော မြေသားမြောင်းကိုလည်း ကျောက်စီရေမြောင်းအဖြစ် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဒေသန္တရစီမံကိန်းမှာ ထည့်သွင်းလျာထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်ကြူကြူစိန်က မုံရွာမြို့၊ ရွှေဇလုပ်ရပ်ကွက်အတွင်း (အလျား ၁၁၃၀ ပေ × အနံ ၂၅ ပေ)ရှိ ရတနာလမ်းအား အကျယ် ၁၈ ပေ၊ အမြင့် ၉ ပေထူ ကွန်ကရစ်လမ်းခင်းရန် လိုအပ်လျက်ရှိသော ဘိလပ်မြေအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ထောက်ပံ့ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

ဧရိယာနှင့်လူဦးရေ

ခန့်ထားပေးပြီးဖြစ်ပါကြောင်းနှင့် အဆိုပါ ဆရာဝန်နှင့် သူနာပြုများ ရေဦးမြို့သို့ ရောက်ရှိတာဝန်ထမ်းဆောင်နိုင်ပါက ဆရာဝန်(၁)ဦး၊ သူနာပြုကြီး(၃)ဦး၊ သူနာပြု(၃)ဦး၊ သူနာပြုအကူ(၂)ဦး၊ ပေါင်း(၉)ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးတင်မင်းထွဋ်၊ ဖောင်းပြင်(၁)



လူမှုရေးရာဝန်ကြီး

ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးတင်မင်းထွဋ်က ဖောင်းပြင်မြို့နယ် ပြည်သူလူထုကျန်းမာရေးအတွက် လိုအပ်နေသည့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးကိရိယာများ၊ လိုအပ်သောဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများအား ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က ဖောင်းပြင်မြို့၊ ပြည်သူ့ဆေးရုံသည် ကုတင် ၅၀ ဆံ့ ဆေးရုံဖြစ်ပြီး မြို့နယ်ဆရာဝန်(၁)ဦးရှိပါကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေသော မြို့နယ်ဆရာဝန် ဒေါက်တာချမ်းသာထွန်းသည် ပြောင်းရွှေ့အမိန့်ခွင့်ပြုချက် ကျထားပြီးဖြစ်ပါကြောင်း၊ ၄င်းဆရာဝန် ဒေါက်တာချမ်းသာထွန်းအစား မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလှပ်တိုက်နယ်ဆေးရုံမှ ဒေါက်တာစည်လွင်ဦးအား နေပြည်တော်(ရုံးချပ်)မှ မြို့နယ်ကုသရေးဦးစီးဌာနမှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားခြင်းခံရသော်လည်း အလှပ်ဝင်ရောက် ထမ်းဆောင်ခြင်းမရှိပါသဖြင့် ဌာနဆိုင်ရာစစ်ဆေးပြီး အရေးယူထားသည့် အစီရင်ခံစာတင်ပြထားပြီးဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအရ နေပြည်တော်ရုံးချပ်၏ ညွှန်ကြားချက်အရ အသစ်ဆေးရုံအုပ် ဝန်ထမ်းရောက်ရှိမှသာ အဟောင်းဆေးရုံအုပ်ဝန်ထမ်းမှ ပြောင်းရွှေ့ရမည်ဟု ညွှန်ကြားထားသဖြင့် ဒေါက်တာချမ်းသာထွန်းသည် ဖောင်းပြင်ဆေးရုံတွင် တာဝန် ထမ်းဆောင်ရင်း စောင့်ဆိုင်းလျက်ရှိပါကြောင်း၊ ဖောင်းပြင်ဆေးရုံတွင် သူနာပြုအင်အားအနေဖြင့် အကူသူနာပြုအပါအဝင် စုစုပေါင်း (၇)ဦး ရှိပါကြောင်း၊ ၂၀၂၆ မေလတွင် သင်တန်းဆင်း သူနာပြု(သစ်လွင်)များမှ သူနာပြု(၁)ဦးကိုလည်း ထပ်မံတာဝန်ချထားပြီး ဖြစ်ပါကြောင်းနှင့် ဆေးရုံအတွက် လိုအပ်သောဆေးဝါးများကို တိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ မုံရွာမြို့မှတစ်ဆင့် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ၄င်းဆေးဝါးများကို တပ်မတော် ရဟတ်ယာဉ်အကြံဖြင့် လည်းကောင်း၊ မိုးတွင်းကာလရေယာဉ်လိုင်းများ တက်သည့်အချိန်တွင်လည်းကောင်း ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ဖောင်းပြင်မြို့၊ ပြည်သူ့ဆေးရုံမှာ ၄ ခန်းတွဲ ၄ ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဖြိုးသိမ့်စံ ကုမ္ပဏီမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တင်ဒါအောင်၍ စတင်ဆောက်လုပ်ခဲ့ပြီး လုပ်ငန်းတစ်ခုလုံးပြီးစီးမှု ၄၇ % ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၂၀-၂၀၂၁၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြုရန်ပုံငွေများ ပါရှိသော်လည်း ကုမ္ပဏီမှ လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမရှိသောကြောင့် ကုမ္ပဏီအား အကြောင်း ကြားခဲ့ရာ လုပ်ငန်းဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်တော့ပါသဖြင့် စာချုပ်ရပ်စဲပေးနိုင်ပါရန် ကုမ္ပဏီမှ တင်ပြလာ၍ ကုမ္ပဏီနှင့် စာချုပ်ရပ်စဲနိုင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဌာနဆိုင်ရာကျွမ်းကျင်သူများပါဝင်သည့် စစ်ဆေးရေးအဖွဲ့ (ရာပြတ်)ဖြင့် ဆောင်ရွက်၍ ကျန်ရှိသော လုပ်ငန်းများအား ကုသရေးဦးစီးဌာနနေပြည်တော်သို့ တင်ပြပြီး လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၄င်းလုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းထားကြောင်း၊ ၄င်းဘဏ္ဍာရေးနှစ်တွင် လျာထားငွေများ ရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးကျော်လွင်ဦး၊ ကသာ(၂)



လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

ကသာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးကျော်လွင်ဦးက ကသာခရိုင်အတွင်းရှိ မြို့နယ်များတွင် လျှပ်စစ်မီးနှင့်တယ်လီဖုန်းဆက်သွယ်ရေးများ ပြတ်တောက်နေသည်မှာ နှစ်အတန်ကြာနေပြီဖြစ်ပါ၍ လျှပ်စစ်မီးနှင့်တယ်လီဖုန်းဆက်သွယ်ရေးများ အမြန်ဆုံး ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

ဧရာဝတီနယ်မြေများ ဧရာမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးမင်းဇော်၊ ကလေး(၂)



လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး

ဝန်ကြီး ဦးခင်မောင်အေးက ကသာမြို့တွင် ၂၇-၃-၂၀၂၅ ရက်နေ့မှစပြီး ၂၃၀ ကေဗွီ နဘားပင်မဓာတ်အားခွဲရုံသည် မိန်းထရန်စဖော်မာ လောင်သွားသောကြောင့် ဓာတ်အားပို့လွှတ်နိုင်ခြင်းမရှိပါကြောင်း၊ ပြုပြင်ပြီးမှ ပေးနိုင်မှာဖြစ်ပါကြောင်း၊ ထို့အပြင် ရွှေဘိုနှင့်နဘားကြားရှိ ဓာတ်အားလိုင်းများသည်လည်း ပြင်စရာများရှိကြောင်း၊ ဓါတ်အားပြတ်တောက်ပြီးနောက် ကသာခရိုင်အတွင်းရှိ မြို့နယ်များသည် ဓါတ်အားလိုင်းနှင့် ဓါတ်အားခွဲရုံထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းအများအပြား ထိခိုက်ပျက်စီးခဲ့ရပါကြောင်း၊ ၂၃၀ ကေဗွီ နဘားပင်မဓါတ်အားခွဲရုံတွင် ဓါတ်အား လက်ခံပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ဓါတ်အားခွဲရှိရှိ ပင်မထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ စနစ်တကျ အစားထိုးပြုပြင်ရမည်ဖြစ်သည့်အတွက် ယခု ဘဏ္ဍာရေးနှစ်မှစ၍ နှစ်အလိုက်ရန်ပုံငွေများ ချထားပြီး ပြုပြင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနှင့် ဆက်သွယ်ရေးအဆင့်မြေ ချောမွေ့စေရန်အတွက် မိုဘိုင်းစခန်း(၁၃၀)ကို တည်ဆောက်ပြီး ဝန်ဆောင်မှုပေးနေပါကြောင်း၊ ကသာခရိုင်အတွင်း မိုဘိုင်းစခန်းများ ဆက်သွယ်ထားသည့် အဝေးဆက်ကြောင်းများဖြစ်သည့် ရွှေဘို-ကန့်ဘလူ-ကောလင်း-အင်းတော် ဖိုက်ဘာဆက်ကြောင်းသည် ရွှေဘိုနှင့်ကန့်ဘလူအကြား၊ ကောလင်းနှင့်အင်းတော် အကြားတွင်လည်းကောင်း၊ မန္တလေး-မတ္တရာ-စဉ့်ကူး-တကောင်း-ထီးချိုင့်-အင်းတော် ချိုယွင်းပြတ်တောက်လျက်ရှိပါကြောင်း၊ ရွှေဘို-ကန့်ဘလူ-ချပ်သင်း- ဝန်းသို-နဘား-အင်းတော် မိုက်ခရိုဝေ့ဆက်ကြောင်းတွင် ချပ်သင်းမိုက်ခရိုဝေ့ စခန်းသည် လုံခြုံမှုမရှိခြင်းနှင့် ချို့ယွင်းပြတ်တောက်နေသည့်အတွက် ပြုပြင်ပြီးမှသာ ပြန်လည်ကောင်းမွန်မည်ဖြစ်ကြောင်း၊ မိုက်ခရိုဝေ့ဆက်ကြောင်းများ ပြုပြင်နိုင်ခြင်းမရှိမီ ကာလအတွင်း ကသာခရိုင်အတွင်း ဆက်သွယ်မှုရရန်အတွက် ယာယီအားဖြင့် ဂြိုလ်တုဆက်ကြောင်းကို အသုံးပြုပြီး ကသာ-ထီးချိုင့်သို့ ဝန်ထမ်းများပို့သည့်အခါန် ဆက်သွယ်ရေးပစ္စည်းများယူပြီး တိုင်းဆက်သွယ်ရေးမှူးကိုယ်တိုင် လိုက်သွား၍ ကိုယ်တိုင်ဆောင်ရွက်လိုက်သည့်အတွက်ကြောင့် ကသာမြို့သည် ၂၁-၅-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ထီးချိုင့်သည် ၂၃-၅-၂၀၂၆ ရက်နေ့တွင်လည်းကောင်း ဆက်သွယ်မှုများ ပြန်လည်ရရှိပြီးဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

× × × × × × ×

ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးမင်းဇော်က မော်လိုက်မြို့တွင် ၂၀၂၁ ခုနှစ်မှ ယနေ့အချိန်ထိ(၅)နှစ်ကျော် ပိတ်ထားသော အင်တာနက်လိုင်းအား အမြန်ဖွင့်လှစ်သုံးစွဲခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး

ဝန်ကြီး ဦးခင်မောင်အေးက မော်လိုက်မြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဆက်သွယ်မှုအဆင့်ပြေချောမွေ့စေရန် မိုဘိုင်းစခန်း ၁၅ ခု တည်ဆောက်ပြီး ဝန်ဆောင်မှုပေးခဲ့ပါကြောင်း၊ ကလေး-တမူး ထရန်စမစ်ရှင်ဖိုက်ဘာလမ်းကြောင်း အသုံးပြုပြီးပေးတာဖြစ်ပါကြောင်း၊ ယခုတွင် ထရန်စမစ်ရှင်ပြတ်တောက်နေပြီး ခမ်းပတ်မြို့နယ်အတွင်း လုံခြုံရေးအခြေအနေအရ ဝင်ရောက်ပြုပြင်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် နယ်မြေအခြေအနေပေါ်မူတည်ပြီး လိုင်းများပြုပြင်ပြီးမှ မော်လိုက်မြို့အတွင်း ဖုန်းနှင့်အင်တာနက်လိုင်းများ ကောင်းမွန်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယခုယာယီအသုံးပြုရန် ဂြိုလ်တုဆက်ကြောင်းအသုံးပြုပြီး GSM မိုဘိုင်းစခန်း(၂)ခုကို ဖုန်းခေါ်ဆို‌မှု(အသံ)နှင့်စာတိုပေးပို့မှု (SMS) အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးထားပါကြောင်း၊ မိုဘိုင်းစခန်းများ ဖျက်စီးခံရပြီး ဒေတာနှင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် အသုံးပြုရသည့် ဖိုက်ဘာဆက်ကြောင်းများ ချို့ယွင်းပြတ်တောက်နေသည့်အတွက် လုံခြုံရေးအခြေအနေပေးပါက သွားရောက်ပြုပြင်နိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ထိုဆက်ကြောင်းများ ပြန်လည်ကောင်းမွန်လာပါက 3G နှင့် 4 G မိုဘိုင်းအင်တာနက်လိုင်းများ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

တမူးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးခင်မောင်လွင်က တမူးမြို့နယ်၊ ဟဲဇင်းကျေးရွာနှင့် ရွာဦးဘုန်းကြီးကျောင်းစေတီအနီး ပေ(၅၀၀)ခန့် ရေတိုက်စားထားသောနေရာအား ချောင်းရေတိုက်စားမှုမှ မည်သို့ကာကွယ်ပေးနိုင်ရန်အတွက် မည်သို့ဆောင်ရွက်ပေးမည်၊ မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး

ဝန်ကြီး ဦးခင်မောင်အေးက ထိုလုပ်ငန်းသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ

ဧရာဝတီနယ်မြေများ ဧရာမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးနောက်တွန်း၊ နန်းယွန်း(၀)



စည်ပင်သာယာရေးဝန်ကြီး

ကိစ္စများ အဆင်ပြေချောမွေ့စေရန် ပျက်စီးသွားသည့် သံမဏိကြိုးတံတား (အရှည် ၃၀၀ ပေ × အကျယ် ၆ ပေ) အား နေရာထပ်မံပြောင်းကာ အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က နန်းယွန်းမြို့၊ မြို့မ ရှရ-ရော့ကောရပ်ကွက်အတွင်း ရပ်ကွက်ချင်းဆက်လမ်းပေါ်ရှိ သံမဏိကြိုးတံတားအရှည် (၁၆၀)ပေ၊ အကျယ်(၆)ပေအား (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပါကြောင်း၊ (၂၈-၅-၂၀၂၄)ရက်နေ့တွင် ရေကြီးရေလျှံမှုကြောင့် အဆိုပါတံတားပျက်စီးသွားခဲ့ရသည့်အတွက်(၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေ(၆၆. ၁)သန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အကြီးစားပြင်ဆင် ဆောက်လုပ်ပေးပြီးဖြစ်ပါကြောင်း၊ ထပ်မံပြီး(၃၁-၅-၂၀၂၅) ရက်နေ့တွင် ရေကြီးရေလျှံမှုကြောင့် သံမဏိကြိုးတင်ထားသည့် တာဝါခုံလုံးတိုင်၊ အောက်ခြေရေတိုက်စားမှုကြောင့် ပျက်စီးသွားခဲ့ပြီး လက်ရှိတွင် အသုံးပြုမှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါတံတားအား ပြန်လည် တည်ဆောက်ပေးရန်အတွက် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ လက်ရှိတည်နေရာတွင် ပြန်လည်တည်ဆောက်သင့်ကြောင်းနှင့် တံတားအရှည်ပေ (၃၀၀)၊ အကျယ်(၆)ပေဖြင့် အသစ်ပြန်လည်တည်ဆောက်သင့် သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပေ(၃၀၀)အရှည် တံတားအသစ်တည်ဆောက်ခြင်းအတွက် တံတားအထူးအဖွဲ့မှ ဆောင်ရွက်ပေးပြီး စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အကြီးစားပြင်ဆင်မှု ဆောင်ရွက်ပေးနိုင်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးအောင်ဇော်ဝင်းက ဟုမ္မလင်းမြို့နယ်၊ ညောင်ပင်သာကျေးရွာ နမ့်မီးလူးချောင်းကူးသံဘောင် ကွန်ကရစ်တံတား ဆောက်လုပ်ပေးရန်နှင့် ညောင်ပင်သာရွာ၊ မြောက်ကုန်းရွာ၊ အောင်သာငြိမ်းရွာ ကျေးရွာချင်းဆက်လမ်းအား ဘဏ္ဍာနှစ်အလိုက် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။



ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်း(၂)



စည်ပင်သာယာရေးဝန်ကြီး

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး(ကိုယ်စား) စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က ဟုမ္မလင်းမြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ နမ့်မီးလူးချောင်းကူးတံတားသည် ဟုမ္မလင်းမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူစီမံခန့်ခွဲသော Class A အဆင့်ရှိ ဟုမ္မလင်း-ညောင်ပင်သာ-မြောက်ကုန်း-ဗျူဟာဆက်လမ်း(၅)မိုင်(၀)ဖာလုံ ရှိသည့် လမ်းပေါ်တွင် တည်ရှိပါကြောင်း၊ ၄င်းလမ်းပိုင်းသည် ဟုမ္မလင်းမြို့နှင့် တိုက်ရိုက်ဆက်သွယ်ထားပြီး ရေလဲ မှန်ပင် ညောင်ပင်သာ၊ မြောက်ကုန်းကျေးရွာများနှင့်အောင်သာငြိမ်း ကျေးရွာများကို အကျိုးပြုပြီး ဟုမ္မလင်းမြို့၏တောင်ဘက်၊ နောင်ပိုအောင်-နမ့်တော ကျေးရွာများနှင့်ဖောင်းပြင်မြို့နယ်၊ ဝန်းမောက်မြို့နယ်များကို ဆက်သွယ်ပေးထားသည့် အဓိကကျေးလက်လမ်းဖြစ်ပါကြောင်း၊ နမ့်မီးလူးချောင်းတံတားသည် ညောင်ပင်သာရွာ မြောက်ဘက်၊ ညောင်ပင်သာရွာအောက်ဘက် နမ့်မီးလူးချောင်းအား ဖြတ်သန်းတည်ဆောက်ထားပြီး အရှည် (၁၉၀)ပေ၊ အကျယ်(၁၀)ပေရှိသည့် သစ်သားတိုင်၊ သစ်သားယက်မ၊သစ်သားကြမ်းခင်းတံတားဖြစ်ပြီး ၄င်းလမ်းပိုင်းပေါ်တွင် ကျေးရွာအစီအစဉ်ဖြင့်တည်ဆောက်ထားသည့် တံတားတစ်စင်ဖြစ်ပါကြောင်း၊ ၄င်းတံတားတည်ဆောက်ထားသည်မှာနှစ်ကာလကြာမြင့်ပြီး နှစ်စဉ်သွားလာရန်အတွက် ပြုပြင်ထိန်းသိမ်းဆောက်ရွက်နေရပြီး လက်ရှိအခြေအနေတွင်(၃)တန်အောက် ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်သည့် သစ်သားတံတားဖြစ်ပါကြောင်း၊ ၄င်းတံတားကို ပြုပြင်တည်ဆောက်ပြီးပါက ကျေးရွာပေါင်း(၅)ရွာ၊ အိမ်ခြေပေါင်း(၃၄၂၆)၊ လူဦးရေ (၁၆၉၉၈)ဦးအကျိုးပြုနိုင်ပါကြောင်း၊ ထို့ကြောင့် နမ့်မီးလူးချောင်းတံတားအဖြစ် ရေရှည်ဆက်သွယ်သွားလာနိုင်ရေး သံကူကရစ်တံတားပေ (၂၀၀)အကျယ်အရှည် တည်ဆောက်နိုင်ရန်၊ ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ခင်ဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးကျော်မိုးဦးက တောင်သူလယ်သမားများ၏ဘဝများ တိုးတက်မြင့်မားလာပြီး ပြည်သူလူထုစားနပ်ရိက္ခာ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးမြတ်ကို၊ ခန္ဓီး(၁)



လှမူရေရာဝန်ကြီး



ဒေါ်ဆန်းစစ်ရှိ၊ လေရှီး(၁)



လွှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးမြတ်ကိုက ခန္ဓီးမြို့နယ်၊ စိန်ကန်းကျေးရွာ အလယ်တန်းကျောင်းခွဲကို အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် ဒုတိယမေးခွန်း အနေဖြင့် ခန္ဓီးမြို့၊ နန်မုံကျေးရွာ အနောက်ကောက်တောင်းကျေးရွာ၊ လုံတုံကျေးရွာ (၃)ရွာရှိ ဆရာ/မများ နေထိုင်ရန်အတွက် နေအိမ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လှမူရေရာဝန်ကြီး ဦးညွန့်ဝင်းအောင်က ခန္ဓီးမြို့နယ်၊ အ. လ. က(၃)စိန်နန်းကျောင်းသည် အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ရန်အတွက် သတ်မှတ်ထားသည့် ကျောင်းသားဦးရေ၊ ကျောင်းမြေအကျယ်အဝန်း မပြည့်မီပါကြောင်းနှင့် ၎င်းကျောင်းနှင့် အနီးဆုံး အ. ထ. က-ဆင်သေကျောင်းသည် (၁၂)မိုင်ခန့် ကွာဝေးသည်ကို တွေ့ရှိရပါကြောင်း၊ အ. လ. က(၃)စိန်နန်းကျောင်းရှိ ကျောင်းသူ/သားများသည် အလယ်တန်းအဆင့်ပညာရေးကို သင်ယူသင်ကြားခွင့်ရှိနေပြီ ဖြစ်ပါသောကြောင့် လယ်တန်းကျောင်းအဆင့် တိုးမြှင့်နိုင်ရေးတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ဒုတိယမေးခွန်းဖြစ်သည့် ခန္ဓီးမြို့နယ်၊ နန်မုံကျေးရွာ၊ အနောက်ကောက်တောင်းကျေးရွာ၊ လုံတုံကျေးရွာရှိ ဆရာ/မနေအိမ်များ ဆောက်လုပ်ပေးရန်အတွက် လက်ရှိနေထိုင်မည့် ဆရာ/မအရေအတွက်နှင့် မြေပိုင်ဆိုင်မှုအရ ဆောက်လုပ်သင့်သည့် အတိုင်းအတာတို့ကို သက်ဆိုင်ရာ ခရိုင်/မြို့နယ်ပညာရေးမှူးရုံးများသို့ ဆက်သွယ်ပြီး အမြန်ပေးပို့နိုင်ရေး ဆောင်ရွက်ထားရှိပြီး ရရှိပါက ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနသို့ သင့်လျော်သော ဘက္ကာရေးနှစ်တွင် တင်ပြတောင်းခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

လေရှီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဒေါ်ဆန်းစစ်ရှိးက လေရှီးမြို့တွင် လွှပ်စစ်ဓာတ်အားလုံလောက်မှုမရှိသောကြောင့် ပြည်သူလူထု လူနေမှုဘဝများစွာ တိုးတက်မှုနှောင့်နှေးလျက်ရှိသဖြင့် နန်ဝယ်ချောင်း(ရွှေလုံချောင်း)အား အသေးစားရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက လေရှီးမြို့မှ(၄)မိုင်ခန့်အကွာ နန့်ဝယ်ချောင်း(၁)ရွှေလုံချောင်းမှ ရေအားလျှပ်စစ်ဖြစ်မြောက်နိုင်ရေးအခြေအနေကို (၁၈-၁-၂၀၂၆) မှ (၃၁-၁-၂၀၂၆)ရက်နေ့အထိ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ မြေပြင်ကွင်းဆင်းပြီး ပဏာမစူးစမ်းတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာ ရွေးချယ်ခြင်း၊ ရွေးချယ်ထားသည့် ရေလွှဲဆည်နေရာ၊ ရေသွယ်မြောင်းနေရာ၊ ရေထိန်းကန်နေရာ အင်အားမြင့် ပိုက်လိုင်းနေရာ၊ ဓါတ်အားပေးစက်ရုံနေရာများ၏ ရေမျက်နှာသွင်ပြင်အခြေအနေနှင့်ဘူမိဗေဒ အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးပြီး တိုင်းတာခြင်း၊ ရေထုစီးနှုန်းတိုင်းတာခြင်း၊ လေရှီးမြို့၏ မိုးလေဝသနှင့်ဇလဗေဒအချက်အလက်နှင့် လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ စုဆောင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ နန့်ဝယ်ချောင်း(၁) ရွှေလုံချောင်း၊ အသေးစားရေအားလျှပ်စစ်အရင်းအမြစ် ပဏာမစူးစမ်းတိုင်းတာခြင်း အစီရင်ခံစာကို ၂၀၂၆ခုနှစ်၊ ဇန်နဝါရီတွင် ပြုစုခဲ့ပြီး အစီရင်ခံစာအရ ခန္ဓီးခရိုင်၊ လေရှီးမြို့၏ အနောက်တောင်ဘက် (၉)မိုင်ခွဲအကွာ ချင်းတွင်းမြင်အတွင်းသို့ စီးဝင်သည့် ရွှေလုံချောင်းပေါ်တွင် ရေလွှဲဆည်တည်ဆောက်ရန် လျာထားပါကြောင်း၊ ရေလွှဲဆည်အောက်ဘက်ချောင်း၏လက်ဝဲဘက်၊ (၆၅၀)မီတာခန့်အကွာတွင် မတ်ဆောက်သည့် တောင်စောင်းများရှိခြင်း၊ ချောင်း၏လက်ယာဘက်တွင်လည်း မတ်ဆောက်သည့် တောင်စောင်းများရှိခြင်းတို့ကြောင့် မြေမျက်နှာသွင်ပြင်အနေအထား၊ ရေသွယ်မြောင်း၊ ရေထိန်းကန်နှင့်ဓါတ်အားပေးစက်ရုံများ တည်ဆောက်ရန်အတွက် သင့်လျော်မှုရှိကြောင်းနှင့် ရေသွယ်မြောင်းကိုချောင်း၏လက်ဝဲဘက်ကမ်းတွင် တည်ဆောက်ရန် လျာထားကြောင်း၊ ထွက်ရှိနိုင်သည့် ဓါတ်အားခန့်မှန်းပမာဏမှာ (၃. ၁၈)မဂ္ဂါဝပ် ထွက်ရှိမည်ဟု သိရှိရပါကြောင်း၊ ယခုခန့်မှန်းပမာဏသည် ပဏာမ စူးစမ်းလေ့လာတိုင်းတာခြင်းဖြစ်ပြီး အသေးစိတ်လေ့လာတိုင်းတာမှုများ ဆက်လက်ဆောင်ရွက်၍ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကိုလည်း ပြုစုသွားမည်ဖြစ်ပြီး အဆိုပါအစီရင်ခံစာအရ စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

နန်းယွန်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးနောက်တွန်းက နန်းယွန်းမြို့နယ်ရှိဌာနဆိုင်ရာများ၊ ပြည်သူများ၏သွားလာရေး

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးခင်မောင်လွင်၊ တမူး(၁)



လွှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး



ဒေါ်ကြူကြူစိန်၊ မုံရွာ(၂)



စည်ပင်သာယာရေးဝန်ကြီး

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေပါကြောင်း၊ ထိုဌာနသည် ကလေးခရိုင်၊ ကလေးဝတွင်ဒေသခွဲ(၈)ဆိုပြီး ဦးစီးမှူးရုံးဖွင့်လှစ်ထားပါကြောင်း၊ ဝန်ထမ်းများပါဝင်သည့် ကွင်းဆင်းတိုင်းတာစစ်ဆေးရေးအဖွဲ့အနေဖြင့် ထိုဒေသသည် လမ်းခရီးလုံခြုံရေးနှင့် နယ်မြေလုံခြုံရေးအခြေအနေများကြောင့် သွားရောက်ရန် ခက်ခဲနေသောကြောင့် ဟဲဇင်းကျေးရွာရှိ ကမ်းပြိုမှုအခြေအနေအား အသေးစိတ် ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းများ မဆောင်ရွက်နိုင်သေးပါကြောင်း၊ ထို့အပြင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများသည်လည်း မြစ်ရေကျသွားချိန်မှသာ လုပ်ဆောင်ရတာဖြစ်ပါကြောင်းနှင့် နယ်မြေဒေသလုံခြုံသည့်အချိန်တွင် ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး အသေးစိတ်တွက်ချက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်ကြူကြူစိန်က မုံရွာမြို့တွင်းလမ်းအရှည်(၇)မိုင်၊ (၁. ၁၂)ဖာလုံရှိ ပြည်ထောင်စုအမှတ်(၂)လမ်းကို အပြီးသတ်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးရန်ပုံငွေမှ ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကိုလည်း သိရှိလိုပါကြောင်းနှင့် ဒုတိယမေးခွန်းအနေဖြင့် မုံရွာမြို့ပေါ် ရပ်ကွက်များသို့ ဖြန့်ဖြူး ရောင်းချလျက်ရှိသော Aqua Pura ကုမ္ပဏီရေပေးဝေရေးလုပ်ငန်း၏ ရေအရည်အသွေးနှင့် ဖြန့်ဝေမှုစနစ်အား ပြည်သူများကျန်းမာရေးနှင့် ညီညွတ်စွာ အသုံးပြုနိုင်ရေးအတွက် ပြန်လည်စိစစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က ပြည်ထောင်စုအမှတ်(၂)လမ်းသည် မြို့တွင်းလမ်းဖြစ်သော်လည်း လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများ များပြားသည့်အတွက် လမ်းအရှည်ပေကို အပိုင်း(၉)ပိုင်းခွဲပြီး အပိုင်း(၁)ကိုပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့မှ အောင်မင်္ဂလာအပိုင်းမှ ကန်ပတ်လမ်းအထိ အရှည်ပေ(၁၇၃၃၀)ပေအား ကျင်းမြေဖို့ခြင်းလုပ်ငန်း၊ အပိုင်း(၂)ကန်ပတ်လမ်းမှ လယ်တီလမ်းအထိ အရှည်ပေ(၄၅၇၄)ပေအား ဆည်မြောင်းဦးစီးဌာနမှ နိုင်လွန်ကတ္တရာနှင့် ကျင်းမြေဖို့ခြင်းလုပ်ငန်း အပိုင်း(၄) သီရိမင်္ဂလာလမ်းမှ မုံရွာတောင် ဘိုးဘွားရိပ်သာအိုင်းအထိ အရှည်ပေ(၇၉၀၀)အား ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျင်းမြေဖို့ခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ စည်ပင်သာယာရေးအဖွဲ့မှတာဝန်ယူဆောင်ရွက်ခဲ့သည့်အပိုင်း(၃)သည် ပြည်ထောင်စုစေ့ငေးထောင့်မှ ကျောက္ကာလမ်းအထိ အရှည်(၆၂၆၀)ပေအား အကျယ်ပေ (၂၀) နိုင်လွန်ကတ္တရာအဖြစ်လည်းကောင်း၊ ကျောက္ကာလမ်းမှ သီရိမင်္ဂလာလမ်းအထိ အရှည်(၃၆၀၀)ပေအား အမာလံကျောက်ချောလမ်းအဖြစ်ဆောင်ရွက်ပေးထားပြီး ကျန်ရှိသည့် အမာခံလမ်းအရှည်ပေ(၃၆၀၀)ကို နိုင်လွန်ကတ္တရာလမ်းအဖြစ် ခင်းနိုင်ရန် ဒေသန္တရစီမံကိန်းများတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဒုတိယမေးခွန်းကို ဖြေကြားရာတွင် မုံရွာမြို့ပေါ်ရပ်ကွက်များကို ရေဖြန့်ဖြူး ရောင်းချရန် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ Aqua Pura ကုမ္ပဏီလီမိတက်နှင့် BOT စနစ်ဖြင့် (၂၀၁၇) ခုနှစ်မှစတင်ပြီး အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မုံရွာမြို့ပေါ်ရှိ ရပ်ကွက် (၂၂)ရပ်ကွက်မှ Smart Card Meter System ဖြင့် ရေပေးဝေလျက်ရှိပါကြောင်း၊ လက်ရှိတွင် ရေမီတာပေါင်း (၁၄၇၅၀) လုံးတပ်ဆင်ဆောင်ရွက်ပေးထားပြီး ရေယူနစ် တစ်ယူနစ်ကို (၂၂၀၀)ကျပ်နှုန်းနှင့် ကောက်ခံလျက်ရှိပါကြောင်း၊ ရေယူနစ် တစ်ယူနစ်တွင် ဂါလံပေါင်း (၂၂၀)ရှိပါကြောင်း၊ ရေပေးဝေမှုအနေဖြင့် တစ်ရက်လျှင် ရေဂါလံပေါင်း (၅)သိန်းခန့် ပေးဝေလျက်ရှိပါကြောင်း၊ ရေပေးဝေရာတွင် ချင်းတွင်းမြစ်ရေကိုတင်ပြီး လက်မီနာ Lamella Water Treatment System (ရေသန့်စင်သည့်စနစ်)နှင့် အဆင့်ဆင့် သန့်စင်ပြီး ရေပေးဝေရေးကို ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ Lamella System သည် နိုင်ငံတကာရေပေးဝေရေးလုပ်ငန်းတွင်

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးအောင်မင်းကျော်သူ၊ ဘုတလင်(၁)



စည်ပင်သာယာရေးဝန်ကြီး

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက် နယ်မြေ(၆)တွင်ရှိ နန္ဒဝန်စေ့းသည် မြေဧရိယာဧက (၂. ၂၀၅)ကေပေါ်ရှိ (၈၄ ပေ × ၃၂ ပေ)ရှိသည့် စေ့းရုံ(၂)ရုံ (၆ ပေ × ၆ ပေ) အကျယ်ရှိသည့် ဆိုင်ခန်း(၉၆)ခန်း ဖြင့် တည်ဆောက်ထားပါကြောင်း၊ ယင်းစေ့းတွင် စေ့းရုံ(၂)ရုံရှိပြီး ဆိုင်ခန်း(၉၆)ခန်း ရှိသည့်အနက် (၄၅)ခန်းသည် စေ့းရောင်းချလျက် ရှိပြီး (၅၁)ခန်းသည် လစ်လပ်လျက်ရှိပါကြောင်း၊ စေ့းပတ်ဝန်းကျင်နေရာလွတ်များ တွင် မိမိသဘောဖြင့် ယာယီ စေ့းခုံများဆောက်လုပ်ရောင်းချနေသည့် စေ့းသည်ပေါင်း (၂၅၀)ဝန်းကျင်ရှိပါကြောင်း၊ စေ့းရောင်းစေ့းဝယ်အဆင်ပြေစွာနှင့် စနစ်တကျရောင်းဝယ်နိုင်ရေးအတွက် စေ့းခေါင်းဝန်ထမ်း(၁)ဦး၊ စေ့းထိန်းဝန်ထမ်း(၁)ဦး၊ စည်းကမ်းထိန်းဝန်ထမ်း(၁)ဦးကို ကြီးကြပ်နိုင်ရန် တာဝန်ပေးအပ်ထားကြောင်း၊ စည်ပင်သာယာရေးအဖွဲ့သည် နန္ဒဝန်ရပ်ကွက် လူဦးရေတိုးတက်များပြားလာမှုနှင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းလာမှုများကြောင့် စေ့းကို တိုးချဲ့ပြုပြင်ပေးရန် လက်ရှိစေ့းရုံဟောင်း(၂)ရုံအား အမိုးနှင့်ကြမ်းခင်းများ ပြုပြင်ရန်လိုအပ်နေပါကြောင်း၊ တိုးတက်များပြားလာသည့် စေ့းသည်များအား နေရာချထားပေးရန် စေ့းရုံတစ်ရုံလျှင် (၈ × ၆) ပေ ဆိုင်ခန်းပေါင်း (၄၀)ရှိသည့်အနက် (၄၀×၆၀)ပေရှိသည့် စေ့းရုံသစ်(၆)ရုံ၊ စေ့းခန်းပေါင်း (၂၄၀) စေ့းရုံအတွင်းရှိ (၈)ပေအကျယ်ရှိသည့် လျှောက်လမ်း၊ စေ့းရုံတစ်ရုံနှင့်တစ်ရုံကြား ပေ(၂၀)အကျယ်ရှိ လျှောက်လမ်းကိုပါ ဆောင်ရွက်ပေးနိုင်ရန် ပုံစံထုတ်ပေးပြီး ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဒေသန္တရစီမံကိန်းများတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်မင်းကျော်သူက မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်တွင် စေ့းရောင်း/စေ့းဝယ်များ အဆင်ပြေချောမွေ့စွာ ရောင်းဝယ်ဖောက်ကားနိုင်ရန်အတွက် (၂၀ ပေ × ၄၀ ပေ)ရှိ စေ့းရုံကြီးအသစ် (၃)ရုံအား တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ ကျင်းပ



တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ကို (၁၉- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၇၇) ဦးတို့ တက်ရောက်ကြပါသည်။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးတင်မင်းထွဋ်၊ ဖောင်းပြင်(၁)



လူမှုရေးရာဝန်ကြီး

ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးတင်မင်းထွဋ်က ဖောင်းပြင်မြို့နယ်အတွင်းရှိ စစ်ဘေးရှောင် ပြည်သူများအားလုံး စစ်ဘေးရှောင် ထောက်ပံ့ကြေးနှင့် စစ်ဘေးရှောင်ကလေးများ၏ ပညာရေးစရိတ် ထောက်ပံ့ ကြေးပံ့ ပိုးပေးရန် နှင့် စစ်ဘေးရှောင်စခန်းများ စနစ်တကျ ဆောက်လုပ်နေရာချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က ဖောင်းပြင်မြို့နယ်အတွင်း လာရောက်တိမ်းရှောင်နေသော တိုက်ပွဲရှောင် ပြည်သူများအား တစ်လလျှင် လူတစ်ဦးကို(၂)သောင်းကျပ်နှုန်းဖြင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် လူဦးရေ(၃၄၈၇)ဦးအတွက် ပထမအကြိမ်ငွေကျပ်(၆၉,၇၄၀,၀၀၀) ကျပ်၊ ဒုတိယအကြိမ် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလနှင့်မတ်လ (၂)လအတွက် လူဦးရေ(၃၄၈၇)ဦးအတွက် ငွေကျပ်(၁၃၉,၄၈၀,၀၀၀)ကျပ်၊ တတိယအကြိမ် ၂၀၂၅ ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန်လ(၃)လစာ လူဦးရေ(၃၄၈၇)ဦးအတွက် ငွေကျပ်(၂၀၉,၂၂၀,၀၀၀) ကျပ်၊ စတုတ္ထအကြိမ် ၂၀၂၅ ခုနှစ်၊ ဇူလိုင်၊ သြဂုတ်၊ စက်တင်ဘာလ(၃) လစာ အတွက် လူဦးရေ(၃၄၅၁)ဦး ငွေကျပ်(၂၀၇,၀၆၀,၀၀၀)ကျပ် ထောက်ပံ့ပေးခဲ့ပြီး မိမိဒေသသို့ ပြန်လည်ထွက်ခွာသွားသည့် လူဦးရေ(၃၆)ဦးအတွက် (၃)လစာ ပိုလျှံငွေ (၂,၁၆၀,၀၀၀)အား အမျိုးသားသဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသို့ ပြန်လည်အပ်နှံခဲ့ပြီးဖြစ်ပါကြောင်း၊ ပဋ္ဌမအကြိမ် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ၊ နိဝင်ဘာလ၊ ဒီဇင်ဘာလ(၃)လ လူဦးရေ(၃၄၅၁)ဦး အတွက်(၂၀၇,၀၆၀,၀၀၀)တို့ကို အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ယခင်ပညာ သင်ခန်းစာများတွင်လည်း စစ်ဘေးရှောင် ကျောင်းသား/သူများအတွက် သီးသန့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်နိုင်ခြင်းမရှိပါကြောင်းနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် တိုက်ပွဲရှောင်စခန်းများ ဆောက်လုပ်ပေးထားခြင်း မရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

Better Parliaments, Stronger Democracies

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

(၄၉၅)ပေ ကွန်ကရစ်ခင်းထားပြီးဖြစ်ပါကြောင်း၊ ကျန်သည့် (၄၄၀)ပေအား ကွန်ကရစ်လမ်းခင်းရန် စီမံထားပြီးဖြစ်ပါကြောင်း၊ နောင်ရိုးလမ်းသည် စုစုပေါင်းလမ်းအရှည် (၈၁၀၅)ပေရှိပါကြောင်း၊ (၆၉၉၀)ပေမှာ ကွန်ကရစ်လမ်းခင်းပြီး(၁၁၁၅)ပေသည် ကွန်ကရစ်လမ်းခင်းရန်ကျန်ရှိနေသည့်အတွက် ခတ္တာလမ်းနှင့်တစ်ဆက်တည်း ကွန်ကရစ်လမ်းခင်းရန် စီမံထားပါကြောင်း ခတ္တာလမ်းနှင့် နောင်ရိုးလမ်းသည် အ. ထ. က(၃)ကျောင်း၏ မြောက်ဘက်တွင်ရှိပြီး ကျောင်းသား/သူများ သွားလာရေး လွယ်ကူချောမွေ့စေရန် အဓိက အသုံးပြုနေသည့် လမ်းပိုင်းဖြစ်သည့်အတွက် ခင်းရန်ကျန်ရှိသည့် ပေ(၁၅၅၅)ကို အကျယ်(၁၄)ပေ၊ အထု(၉)လက်မရှိသည့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရေး ဒေသန္တရစီမံကိန်းတွင် ထည့်သွင်းလျာထားပြီးရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးသက်အောင်ဇော်က စစ်ကိုင်းမြို့၊ ထုံးဘိုရပ်ကွက်၊ ရွှေဒုံးနယ်မြေရွာလယ်လမ်းမကြီးသည် သဘာဝဘေးအခြေအနေများကြောင့် ပျက်စီးယိုယွင်းနေပါသဖြင့် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။



ဦးသက်အောင်ဇော်၊ စစ်ကိုင်း(၂)



စည်ပင်သာယာရေးဝန်ကြီး

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က ပြည်သူများနေ့စဉ်သွားလာ အသုံးပြုနေသည့် လမ်းဖြစ်သည့် အတွက် ကွန်ကရစ်လမ်းသားအား Level ညှိပြီး ဖြည့်ခင်းပြုပြင်ဆောင်ရွက်ရန်အတွက် ဒေသန္တရစီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းမှုအား လွှတ်တော်၏အာဏာပြုချက်ရယူခြင်း

လွှတ်တော်ဥက္ကဋ္ဌမှစစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး-၁အဖြစ် ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး-၂အဖြစ် ဒေါ်ဆန်းစစ်ရှိး၊ လေရှိုးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)နှင့် အဖွဲ့ဝင်များအဖြစ်-

(၁) ဦးတိုးမြင့်၊ ဒီပဲယင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၂) ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၃) ဦးမင်းဆွေ၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၄) ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၅) ဦးအံ့ကျော်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၆) ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၇) ကြည်း-၅၃၇၂၈၊ ဝိုလ်မှူးငြိမ်းချမ်းကို
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
(၈) ကြည်း-၅၁၄၃၇၊ ဝိုလ်ကြီးရဲရန်နိုင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၉)ရက်၊ သောကြာနေ့၊ နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါသည်။

[တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို (၁၁ : ၁၀)နာရီအချိန်တွင် ရပ်နားပါသည်]

အဆိုဆွေးနွေးခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏ **" စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME) စနစ်ကို ပြည်သူများ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့်. သိရှိနိုင်ရေးဆောင်ရွက်ပေးရန် "** တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပါသည်-

(က) ဒေါ်မာမာဝင်း၊ ကွန်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊
(ခ) ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊
(ဂ) ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊
(ဃ) ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(င) ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(စ) ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(ဆ) ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်လွှတ်တော်ကိုယ်လှယ်အမှတ်(၁)
(ဇ) ဦးခင်မောင်လွင်၊ တမူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(ဈ) ကြည်း-၄၁၂၇၂ ဝိုလ်မှူးကြည်သာအောင်၊
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

အဆိုအား သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်ဝန်ကြီးကဖြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ပါသည်။

တရားဥပဒေစီးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဖွဲ့စည်းမှုနှင့်လွှတ်တော်၏အာဏာပြုချက်ရယူခြင်း

လွှတ်တော်ဥက္ကဋ္ဌမှ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစီးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊ အတွင်းရေးမှူး-၁ အဖြစ် ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)၊ အတွင်းရေးမှူး-၂အဖြစ် ဒေါ်ဆန်းစစ်ရှိး၊ လေရှိုးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)နှင့် အဖွဲ့ဝင်များအဖြစ်-

(၁) ဦးထွန်းလွင်၊ ကနီမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၂) ဦးမင်းဇော်၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၃) ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၄) ဦးအောင်ဇော်မင်း၊ ဝန်းသိုမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၅) ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၆) ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၇) ကြည်း-၃၆၆၈၈၊ ဝိုလ်မှူးမင်းဇော်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
(၈) ကြည်း-၅၁၄၂၂၊ ဝိုလ်ကြီးသန်းနိုင်ထွန်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ကသဘောတူအတည်ပြုကြောင်း ကြေညာပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၁)ရက်၊ ကြာသပတေးနေ့၊ နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါသည်။

[တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို (၁၁ : ၅၄)နာရီအချိန်တွင် ရပ်နားပါသည်]

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ကျင်းပ



တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယမှန်အစည်းအဝေး(ပဉ္စမနေ့) ကို (၁၁- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၇၉) ဦးတို့ တက်ရောက်ကြပါသည်။

ဓမ္မဇွန်းများ ဓမ္မဖြန်းခြင်း၊ ဓမ္မကြားခြင်းကဏ္ဍ

ပုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ခေါ်ကြူကြူစိန်က ပုံရွာမြို့၊ လယ်တီရပ်ကွက် ပြည်ထောင်စုဓွေးနှင့်ကပ်လျက် လှေကူးအင်းနယ်နိမိတ်အတွင်း အဆောက်အဦဆောက်ရန်မြေဖို့နေခြင်းသည် အင်းမြေနယ်နိမိတ်နှင့်လွတ်ကင်းမှုရှိ/ မရှိ၊ ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်ခွင့်ပြုထားခြင်း ဟုတ်/မဟုတ် သိရှိလိုပါကြောင်း မေးခွန်းနှင့် ဒုတိယမေးခွန်းအနေဖြင့် ပုံရွာမြို့အဝင် မီးရထားသံလမ်းအရှေ့ဘက်ထန်းတောရပ်ကွက်အတွင်းရှိ ညောင်ကိုင်းအင်းကို ပြန်လည်ပြုပြင်ထိန်းသိမ်းပြီး မြစ်ရေဝင်ရန် တပ်ဆင်ထားသော ရေထိန်းတံခါးများအား အသစ်လဲလှယ်တပ်ဆင်ခြင်းနှင့် အင်းလေလံလုပ်ငန်းများ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဦးဆန်းဝင်းက ထိုနေရာသည် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ၁၈၉၇-၁၈၉၈ ကိုလိုနီခေတ် ကွင်းဖွဲ့တိုင်းတာခဲ့သည့် စာရင်းမြေပုံအရ လယ်တီရပ်ကွက် ကွင်းအမှတ် (၆၈၀) လေ့ကူးမြောက်ကွင်း တောင်သူပေါင်း(၁၀)ဦး ဦးပိုင်ပေါင်း(၁၆)ခုအတွင်း ရှိသည့် ယာမြေအမျိုးအစားဖြစ်ကြောင်း၊ တောင်သူများသည် ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်အက်ဥပဒေ၊ ၁၉၆၃ သီးစားချထားရေးဥပဒေတို့နှင့်အညီ ယင်းမြေနေရာကို ခေတ်အဆက်ဆက် လုပ်ကိုင်ခဲ့ကြကြောင်း၊ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအသစ်ပြဋ္ဌာန်းပြီးနောက် ဥပဒေနှင့်အညီ လယ်ယာမြေပုံစံ (၇)လျှောက်ထားရယူခဲ့သော မြေနေရာဖြစ်ကြောင်း၊ မိုးရာသီတွင် ရေဝင်ရောက်သဖြင့် စိုက်ပျိုးနိုင်ခြင်း မရှိကြောင်း၊ ဆောင်းရာသီမှသာ စိုက်ပျိုးနိုင်သည့်မြေနေရာဖြစ်ကြောင်း၊ အင်းမြေ၏ သဘောတရားသည် ရေဝင်ရောက်လျှင် ငါးလုပ်ငန်းဦးစီးဌာနမှ ပိုင်ဆိုင်ပြီး ရေကျသွားလျှင် တောင်သူမှ ပိုင်ဆိုင်သည့်မြေအမျိုးအစားဖြစ်ကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာန လေလံတင်ရောင်းချခဲ့သည့် ဧရိယာ(၃၅. ၅၇)ဧကကို ၁၉၈၆-၁၉၈၇ မှ စတင်လေလံတင်ရောင်းချခဲ့သော်လည်း ၂၀၂၀-၂၀၂၁ ခုနှစ် လုပ်ငန်းရာသီအထိ လေလံဆွဲသူ မရှိခဲ့ကြောင်း၊ ၁၆-၉-၂၀၂၄ ခုနှစ်၊ ရက်စွဲပါစာအမှတ်၊တငလ-စက/ ၆၁-၁/၂၀၂၄၊ အမိန့်ကြော်ငြာစာအမှတ်(၃၀၉၈)၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၄) ဖြင့် ၂၆. ၅၈ ဧကကိုလည်းကောင်း ၂၀-၃-၂၀၂၆ ရက်စွဲပါစာအမှတ်၊ တငလ-စက/ ၆၁-၁/၂၀၂၆(၅၃၈)၊ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၆)ဖြင့် (၅. ၇၈)ဧကကို လည်းကောင်း စုစုပေါင်း(၃၂. ၃၆)ဧကကို အင်းမြေအဖြစ်မှ ပယ်ဖျက်ခဲ့သောကြောင့် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်သည့်ဧရိယာသည် (၃. ၂၁) ဧကသာ ကျန်ရှိပါကြောင်း၊ ယင်းကျန်ရှိဧရိယာသည် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းမြေပုံအရ တောင်သူ(၄)ဦး ဦးပိုင်ပေါင်း(၄)ဦးဧရိယာ(၃. ၂၁)ဧကသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ထုတ်ပေးထားသော မြေနေရာ

ဓမ္မဇွန်းများ ဓမ္မဖြန်းခြင်း၊ ဓမ္မကြားခြင်းကဏ္ဍ

စင်တီမီတာရောက်ရှိချိန်တွင် မြစ်ရေစတင်ဝင်ရောက်ပါကြောင်း၊ ချင်းတွင်းမြစ်ရေ (၇၄၀)စင်တီမီတာနှင့်အထက် မြစ်ရေတက်ချိတ်များတွင် ရေတံခါးများဖွင့်ပြီး နှစ်စဉ် စိုက်ပျိုးရေပေးဝေလျက်ရှိပါကြောင်း၊ ချောင်းဦးမြို့နယ်ရွှေကူးကျေးရွာ၊ အမြင့်ကျေးရွာနှင့် ဆူးလေကုန်းကျေးရွာအနီး၌ ချင်းတွင်းမြစ်ရေတက်ချိန်တွင် ချင်းတွင်းမြစ်မှ တိုက်ရိုက်ရေသွင်းယူသော ရေတံခါးများရှိပါကြောင်း၊ ဆူးလေကုန်း ကျေးရွာအနီးရှိ ဆူးလေကုန်း ရေတံခါးမှာ ချင်းတွင်းမြစ်ရေ(၅၂၇) စင်တီမီတာ ရောက်ရှိချိန်တွင် မြစ်ရေစတင် ဝင်ရောက်ပါကြောင်း၊ အမြင့်ကျေးရွာအနီးရှိ အမြင့်ရေတံခါးမှာ ချင်းတွင်းမြစ်ရေတက်ချိန်တွင် ရေအရင်းမြစ်ဦးစီးဌာနမှ မြစ်ရေတင်စနစ်ဖြင့် ရေပေးဝေသော မြောင်းဖြစ်ပါကြောင်း၊ မုံရွာမြို့တောင်ပုံရေတံခါးမှ ရေရရှိရေးအတွက်လည်း မုံရွာမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ချောင်းဦးမြို့ လယ်ယာမြေများ ရေရရှိရေးအတွက် နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြစ်ရေဝင်ချောင်းများတိမ်ကောကာ ရေစီးကြောင်းပိတ်ဆို့နေမှုအား ကွင်းဆင်းစစ်ဆေးပြီး ရေခေါ်မြောင်းများအား ၂၀၂၃-၂၀၂၈ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ(သို့) တိုင်းဒေသကြီးရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးတင်မောင်မြင့်၊ ဖောင်းပြင်(၂)



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး

ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးတင်မောင်မြင့်က ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်အတွင်းရှိ သံတံတားခောင်းမှ ရေမြောင်းပိတ်ဆို့သဖြင့် ရပ်ကွက်အတွင်းသို့ ရေကြီးရေလျှံမှုများဖြစ်ခြင်း၊ တောင်သူများ လယ်ယာမြေစိုက်ပျိုးနိုင်မှုမရှိခြင်းတို့ကြောင့် မြို့သာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး၊ တောင်သူလယ်သမားများ လယ်မြေစိုက်ပျိုးနိုင်မှုရှိစေရန်အတွက် အဆိုပါမြောင်းတူးဖော်ခြင်းလုပ်ငန်း လုပ်ဆောင်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဦးဆန်းဝင်းက ကလေးမြို့၏ မြို့တွင်းရေစီးရေလာကောင်းမွန်စေရန်နှင့် တောင်သူလယ်သမားများ၏ လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အဆိုပါတိမ်ကောလျက်ရှိသည့် သံတံတားခောင်းအပိုင်း အလျား (၂၄၂၀၀) ပေအား အောက်ခြေအကျယ် (၇) ပေ၊ ထိပ်ဝအကျယ် (၁၅) ပေနှင့် သဲနုန်းတူးဖော်ရမည့် အနက် (၄) ပေ သတ်မှတ်ကာ စနစ်တကျ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်အတွက် သက်ဆိုင်ရာဌာနမှ အသေးစိတ်တွက်ချက်မှုပုံစံ ကျပ်သန်း (၉၇. ၇၅)သန်းဖြင့် တွက်ချက်တင်ပြထားပြီးလည်းဖြစ်ပါကြောင်း၊ နီးစပ်ရာရန်ပုံငွေတွင် တင်ပြပြီး ရန်ပုံငွေခွဲဝေရရှိပါက အမြန်ဖော်ထုတ်ရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးမြတ်ကို၊ ခန္ဓီး(၁)



စည်ပင်သာယာရေးဝန်ကြီး

ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးမြတ်ကိုက ခန္ဓီးမြို့၊ အမှတ်(၃)ကျောင်းဘေး ခတ္တာလမ်းမှ နောင်ရိုးလမ်း၊ ပေါမိုင်း-သာစည်ကွန်ကရစ်လမ်းဆုံအထိ ပေ(၁၅၅၅)အား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က ခန္ဓီးမြို့၊ အ. ထ. က(၃)အနီးရှိ ခတ္တာလမ်းသည် ပေ(၁၆၅၀)ရှိပြီး လက်ရှိတွင်

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဒေါ်ကြူကြူစိန်၊ မုံရွာ(၁)



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး

ဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် အခွန်စည်းကြပ်ခံရသူ ဦးဇော်မိုးထက်မှ ပုံစံ(၇) လျှောက်ထားခဲ့ပြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်၏ စိစစ်အတည်ပြု ထောက်ခံချက်ဖြင့် ၄င်းအား(၂၃-၉-၂၀၁၃) ရက်စွဲဖြင့် ပုံစံ(၇)ထုတ်ပေးခဲ့ပါကြောင်း၊ ၄င်းသည်ဟိုတယ်လုပ်ငန်း လုပ်ဆောင်ရန် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် (လယ-၃၀)လျှောက်ထားခဲ့ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့၏ ၆-၄-၂၀၂၁ ရက်စွဲပါစာအမှတ်၊ ၃/၆-၃(၁၆)/(၂၈၇) အခြားနည်း(၂)အရ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၄င်းမှဆက်လက်ပြီး စက်မှုစီးပွားဂရန်လျှောက်ထားခဲ့ရာတွင် မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့မြေအမှုတွဲအမှတ် 250 VRP 2019-2020 အရ ဦးဇော်မိုးထက်အမည်ဖြင့် ၁၅-၅-၂၀၂၁ မှ ၁၄-၂-၂၀၅၁ အထိ ဧရိယာ(၅. ၇၈)ကောကို စက်မှုစီးပွား နှစ်(၃၀)ဂရန် ချထားပေးခဲ့ကြောင်းနှင့် အဆိုပါမြေနေရာကို ဦးမင်းဆန်းသည် ဦးဇော်မိုးထက်ထံမှ ဝယ်ယူခဲ့ပြီး သတ်မှတ်သည့် အခွန်ထမ်းဆောင်၍စာချုပ်မှတ်ပုံတင်အမှတ် ၀၆၆/ ၂၀၂၁ (၂-၁၁-၂၀၂၁) ရက်စွဲဖြင့်မှတ်ပုံတင်၍ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စက်မှုစီးပွားဂရန်အမည်ပြောင်း လျှောက်ထားခဲ့ကြောင်း၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့မြေအမှုတွဲအမှတ် 24 VRP 2022-2023 အရ (၁၃-၁-၂၀၂၆)ရက်နေ့မှစပြီး ဦးမင်းဆန်းအမည်ဖြင့် (၁၅-၂-၂၀၂၁)မှ (၁၄-၂-၂၀၅၁) အထိ ဧရိယာ(၅. ၇၈)ကောအား စက်မှုစီးပွားဂရန် နှစ်(၃၀)မြေငှားဂရန် ချထားပေးခဲ့ပြီး ဖြစ်သောကြောင့် မုံရွာမြို့ ကန်သာယာအရှေ့ဘက် ပြည်ထောင်စုအမှတ်(၂) လမ်းဘေး ပြည်ထောင်စု ဈေးနှင့်ကပ်လျက် လယ်တီရပ်ကွက်အတွင်းရှိသည့် အကျယ်ဧရိယာ(၃. ၂၁)ကေရှိ လေ့ကျူးမြောက်ကွင်းနယ်နိမိတ်မြေနေရာသည် အင်းနယ်နိမိတ်ဖြစ်၍ ယခုမြေဖို့ခြင်း လုပ်ငန်း လုပ်ဆောင်နေသောမြေနေရာသည် အင်းနယ်နိမိတ်နှင့် လွတ်ကင်းမှု ရှိပါကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဥပဒေနှင့်အညီ ခွင့်ပြုထားသည့် မြေဖြစ်ပါကြောင်းနှင့် ဒုတိယမေးခွန်းအား ဖြေကြားရာတွင် ယင်းမြေနေရာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ထန်းတောရပ်ကွက်တွင်ရှိသည့် ညောင်ကိုင်းအင်းသည် မြောက်ဘက်တွင် ထန်းတောရပ်ကွက်၊ အရှေ့ဘက်တွင် နန္ဒဝန်ရပ်ကွက်နှင့် စက်မှုဇုန်ရပ်ကွက် တောင်ဘက်တွင် စက်မှုဇုန်ရပ်ကွက်၊ အနောက်ဘက်တွင် မုံရွာ-မန္တလေးမီးရထားလမ်းနှင့် ပြည်ထောင်စု ကားလမ်းမကြီးတို့ တည်ရှိပါကြောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၁၈၉၇-၁၈၉၈ ကိုလိုနီခေတ်တွင် တိုင်းတာခဲ့သည့် ကွင်းအမှတ်(၆၇၀)ပိတောက်ပင်ကွင်း ဧရိယာ(၈၈. ၄၃)ကေနှင့် ကွင်းအမှတ်(၆၈၃)ကတို့ကုန်းကွင်း ဧရိယာ(၂၁၆. ၀၈) ဧက စုစုပေါင်း (၃၆၆. ၄၉)ဧက ရှိသည့် ညောင်ကိုင်းအင်းမြေနေရာဖြစ်ကြောင်း (၂၇-၁၁-၁၉၉၇) ရက်နေ့တွင်ပြုလုပ်သည့် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အစည်းအဝေးမှတ်တမ်း (၁၅/၁၉၉၇)ဆုံးဖြတ်ချက်အား ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင်လည်းကောင်း၊ ၁၀-၈-၁၉၉၈ တွင် ပြုလုပ်ခဲ့သည့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အစည်းအဝေးအမှတ်စဉ် (၁၁/၁၉၉၈) ဆုံးဖြတ်ချက်အား ၁၉၉၈၊ ဩဂုတ်လ(၈)ရက်နေ့တွင် လည်းကောင်း ဆုံးဖြတ်ခဲ့ပြီး မြို့မြေဧရိယာအဖြစ် သတ်မှတ်သည့်အတွက် မြို့ဧရိယာအတွင်းပါဝင်သည့် အင်းအိုင်မြေ ဖြစ်ကြောင်း၊ ထို့အတွက် နှစ်စဉ်လေလံခေါ်ယူလျက် ရှိသော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်ပြီး ယခုအချိန်ထိ လေလံရောင်းချ ရခြင်းမရှိကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးကျော်စိုး၊ ပန်းမောက်(၂)



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး

ပန်းမောက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးကျော်စိုးက ပန်းမောက်မြို့တွင် စေတနာ့ဝန်ထမ်း (Volunteer) ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးက ပန်းမောက်မြို့သည် KIA, PDF အကြမ်းဖက် အဖွဲ့ဝင်များ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

(၅)နှစ် ပျက်ကွက်မှုဖြစ်ပွားနေလျှင် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရမည်လို့ ပြဋ္ဌာန်းထားပါကြောင်း၊ သို့သော်နယ်မြေဒေသလုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် မှတ်ပုံတင်သက်တမ်း(၅)နှစ်ကျော်လွန်နေသည့် မော်တော်ယာဉ်များကို မော်တော်ယာဉ်သက်တမ်းတိုးလုပ်ငန်းပြန်လည် ဆောင်ရွက်နိုင်ခဲ့ခြင်းတွင် စိစစ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ပြန်လည်ဆောင်ရွက်ခဲ့ခြင်းတွင် ခရိုင်ရုံး(စစ်ကိုင်း)နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်း(၂)



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး

ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးအောင်ဇော်ဝင်းက ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာအဝင် တောင်တက်၊ တောင်ဆင်းလမ်းကို အမာခံကွန်ကရစ်လမ်းနှင့် ရေနုတ်မြောင်းအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်းက ဟုမ္မလင်းမြို့နယ်၊ ကက်သာစံပြကျေးရွာ ရွာအဝင်တောင်တက် တောင်ဆင်း လမ်းအပိုင်းသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ကက်သာ မိုဘိုင်းလွတ်လမ်းမှတစ်ဆင့် ကက်သာကျေးရွာ စူလာမဏိကောင်းမှုတော်စေတီဘေးမှ ကက်သာကျေးရွာအတွင်းသို့ ဆက်သွယ်သည့် လမ်းပိုင်းတစ်ခုဖြစ်ပါကြောင်း၊ ထိုလမ်းပိုင်းသည် (၃. ၅) ဖာလုံခန့်ရှည်လျားပြီး ရွာအဝင်(၁)ဖာလုံခန့်သည် အတက်၊အဆင်းကြီးမားသောလမ်းပိုင်း ဖြစ်နေပါကြောင်း၊ ကက်သာကျေးရွာသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ကက်သာ-ထုံမာတဲလမ်း (ကက်သာရွာအဝင်လမ်းပိုင်း)မှတစ်ဆင့် လမ်းဦးစီးဌာနပိုင် ကက်သာ-အောင်ဇေယျလမ်းပိုင်းတို့ကို အသုံးပြုပြီး ဟုမ္မလင်းမြို့ကို ရာသီမရွေးဆက်သွယ် သွားလာနိုင်ပါကြောင်း၊ ယခုလမ်းပိုင်းသည်လည်း ကက်သာကျေးရွာမှ ဟုမ္မလင်းမြို့သို့ ဆက်သွယ်သွားလာရာတွင် အကျိုးပြုသည့် လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ ကက်သာကျေးရွာ ရွာအဝင် တောင်တက်တောင်ဆင်းလမ်းသည် အိမ်ခြေ (၁၁၃၉) အိမ်၊ လူဦးရေ (၇၅၆၂)ဦးနေထိုင်သည့် ကက်သာစံပြကျေးရွာ၏ အကျိုးပြုသည့်လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ကက်သာ-မိုဘိုင်းလွတ်လမ်းနှင့် ချိတ်ဆက်နေသော်လည်း ကက်သာရွာအဝင်လမ်းပိုင်းအရှည် (၃. ၅) ဖာလုံခန့်အား ကွန်ကရစ်လမ်းခင်းခြင်းနှင့် အတက်အဆင်းကြီးမားသည့် ရွာအဝင်လမ်းပိုင်း(၁)ဖာလုံကို ကွန်ကရစ်ရေစေ့မြောင်း ဆောက်လုပ်ရန်အတွက် ခွင့်ပြုလျာထားငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေရရှိပါက တိုင်းဒေသကြီးရန်ပုံငွေ(သို့)ပြည်ထောင်စုရန်ပုံငွေများဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးသောင်းထိုက်၊ ချောင်းဦး(၁)



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး

ချောင်းဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးသောင်းထိုက်က ဆည်မြောင်းဦးစီးဌာနအနေဖြင့် မြစ်ရေပင်ချောင်းများ တိမ်ကောချရေစီးကြောင်း ပိတ်ဆို့နေမှုများအား တူးဖော်ပေးရန်နှင့် ချောင်းဦးမြို့နယ်ရှိ လယ်မြေဧက (၃၀၀၀၀)ကျော် စိုက်ပျိုးရေးရရှိရေးအတွက် မုံရွာမြို့နယ်၊ တောင်ပုံကျေးရွာနှင့် နဂါးတွင်းကျေးရွာရှိ ရေထိမ်းတံခါးများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်းက ချောင်းဦးမြို့နယ်၊ တောကျောင်းကြီးကျေးရွာအနီးရှိ ပေါက်အင်းတာတွင် (၄ ပေ × ၄ လက်မ) အရွယ်အစားရှိ ပေါက်အင်းအမှတ်(၁)ရေတံခါး (၁၄) ပေါက်နှင့် အမှတ်(၂)ရေတံခါး(၄)ပေါက်ရေတံခါးများသည် ချင်းတွင်းမြစ်ရေ(၇၄၀)

ဖေးစွန်းများ ဖေးဖြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဒေါ်စန္ဒာသိန်း၊ မော်လိုက်(၁)



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး

သည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့တွင် သာလွန်အင်အားဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် ခေတ္တလက်လွတ်ခဲ့ရကြောင်း၊ လုံခြုံရေးအဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့တွင် အခြေပြု၍ ၎င်းမြို့အား ပြန်လည်သိမ်းပိုက်ရရှိရန် တပ်မတော်ခြေလျင်တပ်ရင်းများ ဗန်းမောက်မြို့မ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ကြောင်လည်ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မြနန္ဒာပြည်သူ့စစ်တပ်ဖွဲ့ဝင်များဖြင့် ဗန်းမောက်မြို့အား ပြန်လည်ခိုတက်သိမ်းပိုက်ခဲ့ရာတွင် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၈)ရက်နေ့တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ ဗန်းမောက်မြို့အား ပြန်လည်ထိန်းချုပ်ချိန်မှစတင်၍ တပ်မတော်၊ မြန်မာနိုင်ငံခဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ဗန်းမောက်မြို့အနီးတစ်ပိုက်ရှိ KIA, PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ရှင်းလင်းခြင်းနှင့် နယ်မြေစိုးမိုးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ဗန်းမောက်မြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များ ပြန်လည်သိမ်းပိုက်ပြီးနောက် ၂၀၂၆ ခုနှစ်၊ မတ်လ(၁၆)ရက်နေ့မှ စတင်၍ ဒေသခံပြည်သူများ မြို့တွင်းသို့ စတင်ဝင်ရောက်လျက်ရှိပြီး ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၀)ရက်နေ့အထိ အိမ်ထောင်စု(၆၁၅)စု၊ အမျိုးသား (၅၈၃)ဦး၊ အမျိုးသမီး(၆၈၀)ဦး၊ စုစုပေါင်း(၁,၆၃၃)ဦး ဝင်ရောက်နေထိုင်ပြီဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ အသစ်ထပ်မံတိုးချဲ့ဖွဲ့စည်းလိုကြောင်း ဆန္ဒပြုပါက အထက်ဌာနကိုတင်ပြပြီး စေတနာ့ဝန်ထမ်း၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ (Volunteer)အနေဖြင့် ဖွဲ့စည်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဒေါ်စန္ဒာသိန်းက မော်လိုက်မြို့နယ်တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား/သူများ၊ ပြည်သူများ သွားလာရာတွင်လည်းကောင်း၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း လုံခြုံချောမွေ့စွာ ခရီးသွားလာနိုင်စေရန်အတွက် မော်လိုက်-ကလေးဝကားလမ်းကြောင်း ဘေးဝဲယာများအား လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက မော်လိုက်-ကလေးဝ ကားလမ်းသည် မိုင်(၆၀)ရှည်လျားပြီး ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသည်ကို မလိုလားသည့် PDF အကြမ်းဖက်အဖွဲ့ဝင်များသည် လမ်းပေါ်မှ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်စီးခြင်း၊ လမ်းပိတ်ဆို့ခြင်းများ လုပ်ဆောင်ခဲ့သည့်အတွက် တပ်မတော်မှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား အခြေပြု၍မရအောင် ရှင်းလင်းရေးလုပ်ငန်းများ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း၊ မော်လိုက်မြို့နယ်ရှိ ပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ကုန်စည်များသယ်ယူပို့ဆောင်ရေးစသည့် စားဝတ်နေရေးကိစ္စများအတွက် ခရီးသွားလာရာတွင် မော်လိုက်-ကလေးဝ-ကလေး ကားလမ်းအား အဓိကထား၍ သွားလာရသည့်အတွက် ဒေသခံပြည်သူများ အေးချမ်းစွာ သွားလာနိုင်ရေးအတွက် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားသွားလာမှု သတင်းများရရှိပါက ကလေးတပ်နယ်နှင့် ကျိုကုန်းတပ်နယ်မှ လုံခြုံရေးတပ်ဖွဲ့များဖြင့် ကားလမ်းတစ်လျှောက်နှင့် အနီးတဝိုက်အား အကြမ်းဖက်အဖွဲ့များ၊ အဖျက်အမှောက်လုပ်ငန်းများ မလုပ်နိုင်ရန် ရှင်းလင်းခြင်းများ မကြာခဏ ဆောင်ရွက်လျက်ရှိပါကြောင်း၊ PDF အကြမ်းဖက်အဖွဲ့အစည်းများ ယင်းကားလမ်း တစ်လျှောက်တွင် ယခုအချိန်ထိ အခြေကျနေထိုင်ခြင်းမရှိကြောင်း၊ လက်ရှိတွင် မော်လိုက်-ကလေးဝ ကားလမ်းပေါ်သို့ PDF အကြမ်းဖက်အဖွဲ့အစည်းများ လာရောက်၍ အဖျက်အမှောက် လုပ်ငန်းများ လုပ်ဆောင်နိုင်မှု မရှိစေရန် နန်းမော်ကယ်ကျေးရွာတွင် နယ်မြေရဲစခန်းထားရှိနိုင်သဖြင့် အကြမ်းဖက်အဖွဲ့များ၏ သတင်းရရှိချိန်တွင် လမ်းကြောင်းတစ်လျှောက် လုံခြုံရေးကင်းများချထားပြီး နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သောကြောင့် မော်တော်ယာဉ်များ ပုံမှန်သွားလာလျက် ရှိပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံဝန်ထမ်းများ၊ ကျောင်းသား/သူများနှင့် ဒေသခံပြည်သူများ၏ အသက်အိုအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် အမြဲအသင့်ရှိပြီး အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက အကြမ်းဖက်အဖွဲ့များအား ရှင်းလင်းနိုင်ရေး လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ကနီမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးထိန်ဝင်းအောင်က မုံရွာမြို့၊ အေးသာယာရပ်ကွက်၊ အမှတ်(၂၀)အခြေခံပညာမူလတန်းကျောင်းတွင် လစ်လပ်လျက်ရှိသော ဆရာ/မ (၄) ဦးအား ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

ဖေးစွန်းများ ဖေးဖြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

ဦးခင်မောင်အေးက ကသာခရိုင်အတွင်းရှိ မော်တော်ယာဉ်များ မော်တော်ယာဉ်သက်တမ်းတိုးလိုပါက ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန စစ်ကိုင်းခရိုင်ရုံး၊ စစ်ကိုင်းမြို့သို့ ဆက်သွယ်သွားရောက်သက်တမ်းတိုးရပါကြောင်း၊ ယခင်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(စစ်ကိုင်း)အနေဖြင့် ကသာခရိုင်အတွင်းရှိ မော်တော်ယာဉ်ပိုင်ရှင်များ မော်တော်ယဉ်များ လိုင်စင်သက်တမ်းတိုးကိစ္စ အဆင်ပြေရန်အတွက် တစ်နှစ်လျှင်နှစ်ကြိမ် ကသာခရိုင်အတွင်း နယ်မြေကွင်းဆင်းပြီး ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကသာခရိုင်၊ ထီးချိုင့်၊ ဗန်းမော်၊ အင်းတော်၊ ကသာမြို့နယ်များကို (၇-၁၂-၂၀၁၉)ရက်နေ့မှ (၁၅-၁၂-၂၀၁၉)အထိ နည်းလှည့် ကွင်းဆင်းစစ်ဆေးခြင်းကို နောက်ဆုံးအကြိမ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ် Covid ဖြစ်ပြီး ရောဂါမကူးဆက်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ အသွားအလာ ကန့်သတ်သည့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်လာသည့်အတွက် နည်းလှည့် ကွင်းဆင်းသည့်လုပ်ငန်းများကို ရပ်နားခဲ့ရပါကြောင်း၊ ကိုဗစ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း ရုံးဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ရပြီး ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ချိန်တွင် သက်တမ်းလွန် ဒဏ်ကြေးများကို ကောက်ခံခြင်းမပြုဘဲ ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်ခြင်း တစ်ဆက်တည်း(၅)နှစ်ကျော်ပြီး မှတ်ပုံတင်ဖျက်သိမ်းရတော့မည့် ယာဉ်များကို ဝန်ဆောင်မှုရပ်ဆိုင်းသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုဘဲ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရောဂါမကူးစက်စေရေးနှင့် မော်တော်ယာဉ်ပိုင်ရှင်များ အဆင်ပြေစေရေးအတွက် ဖြေလျှော့ပြီး ရုံးကို မော်တော်ယာဉ်များ လာရောက်စစ်ဆေးရန် မလိုဘဲ အုံနာဘုတ်တင်ပြပါက သက်တမ်းတိုးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကိုဗစ်ရောဂါပျံ့နှံ့မှု ထိန်းချုပ်နိုင်ပြီး မော်တော်ယာဉ်သက်တမ်းတိုးရာတွင် ယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို (၁-၁-၂၀၂၅)မှ စတင်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကသာခရိုင်အတွင်းရှိ ယာဉ်ပိုင်ရှင်များအနေဖြင့် (၂၀၁၉)ခုနှစ်မှ (၃၁-၁၂-၂၀၂၄)ရက်နေ့အထိ မော်တော်ယာဉ်များကို ယာဉ်စစ်ဆေးခြင်းကင်းလွတ်ခွင့်နှင့် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး(စစ်ကိုင်း)တွင် ယာဉ်မှတ်ပုံတင်စာအုပ် အုံနာဘုတ်နှင့် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် အပိုင်းတင်ပြပြီး သက်တမ်းတိုးဆောင်ရွက်ခဲ့ကြရပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာလျှင် စစ်ကိုင်းခရိုင်ရုံးမှ ရုံးဝန်ထမ်းများသည် ကသာခရိုင်မြို့နယ်များသို့ နယ်လှည့် ကွင်းဆင်းပြီး မော်တော်ယာဉ်သက်တမ်းတိုးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ (၃၁)၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃)တွင် မော်တော်ယာဉ်များ မှတ်ပုံတင် သက်တမ်းကုန်ဆုံးပြီး နောက် ပုဒ်မ (၂၈) အရ သက်တမ်းတိုး မှတ်ပုံတင်ခြင်း ဆောင်ရွက်ရန် တစ်ဆက်တည်း

အ. မ. က-ပင်သာကျောင်း၏ မူလတန်းလွန်ကျောင်းအဆင့် တိုးမြှင့်နိုင်ရန်အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ ဒုတိယမေးခွန်းအား ဖြေကြားရာတွင် ဖောင်းပြင်မြို့နယ်၊ အုန်းသာအုပ်စု ချောင်းခွကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသည် မကြာသေးမီက အသစ်ဆောက်လုပ်ထားသော ကျောင်းတစ်ကျောင်းဖြစ်ပါကြောင်း၊ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် အမိုးအကာများ ပျက်စီးခြင်း၊ သစ်နုများပါရှိသောကြောင့် ကြမ်းခင်းများ ပိုးစားပျက်စီးမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၊ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးတို့မှတစ်ဆင့် ပျက်စီးမှုများ ပြန်လည်ပြုပြင်ရမည့် အမိုး၊ အကာ၊ အခင်းတို့၏ ကုန်ကျစရိတ်များကို တွက်ချက်ပြီး အဆင့်ဆင့်တင်ပြပေးပို့ရေး ခရိုင်/မြို့နယ်ရုံးများသို့ ဆက်သွယ်အကြောင်းကြား ဆောင်ရွက်ထားပါကြောင်း၊ ၎င်းတို့မှ တင်ပြပေးပို့လာပါက ပြန်လည်ပြုပြင်နိုင်ရေးအတွက် အခြေခံပညာဦးစီးဌာန(ရုံး၁၂)သို့ ဆက်လက်တင်ပြဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးအောင်ဇော်မင်း၊ ဝန်းသို့(၂)



လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

ဝန်းသို့မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးအောင်ဇော်မင်းက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့မှစ၍ ယနေ့အထိ ကသာခရိုင်အတွင်းရှိ က. ည. န ရုံးတွင် (၅)နှစ်အထက် သက်တမ်းလွန် ကုန်ဆုံးသွားသော မော်တော်ယာဉ်လိုင်စင်များအား သက်တမ်းတိုးဆောင်ရွက်ခြင်းလုပ်ငန်းအား ပြန်လည် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

ဧမးခွန်းများ ဧမးဖြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ



ဦးထိန်ဝင်းအောင်၊ ကနီ(၂)



လူမှုရေးရာဝန်ကြီး

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အေးသာယာရပ်ကွက် အမှတ်(၂၀)အခြေခံပညာမူလတန်းကျောင်း၊ ညောင်တပင်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား(၁၁၁)ဦး တက်ရောက်ပညာသင်ကြားခဲ့ကြောင်း၊ ယင်းကျောင်း၏ ဖွဲ့စည်းပုံအရ ခန့်မှန်းအင်အား ကျောင်းအုပ်(၁)ဦး၊ မူပြ(၁)ဦး၊ ဒုတိယမူပြ(၂)ဦး၊ လက်ထောက်မူပြ(၃)ဦး စုစုပေါင်း(၇)ဦး ခွဲဝေရရှိပြီး၊ မူလတန်းပြ(၄)ဦး ခန့်ထားပြီးဖြစ်သဖြင့် (၃)ဦးလစ်လပ်လျက်ရှိကြောင်း၊ ၎င်းလစ်လပ်နေရာအတွက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အခြေခံပညာဦးစီးဌာန(နုံးချုပ်)၏ (၁၄-၅-၂၀၂၆)ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၂-က)/(၆၇၄၂/(ပြောင်း/တိုး)၂၆ ခွင့်ပြုချက် အရ(၃)ဦးခန့်ထားပြီးဖြစ်ကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး ရက်သတ္တပတ်နောက်ဆုံးနေ့အထိ (၃၁-၅-၂၀၂၆)အထိ ကျောင်းသားအပ်နှံရေး စာရင်းအရ (၁၆၃)ဦးရှိသဖြင့် ဆရာနှင့်ကျောင်းသားအချိုး (၁း၂၃)ရှိကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးအောင်မင်းကျော်သူ၊ ဘုတလင်(၁)



လူမှုရေးရာဝန်ကြီး

ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်မင်းကျော်သူက တိုင်းဒေသကြီးအိုးအိမ်ဌာနအနေနှင့် မုံရွာမြို့နယ်တွင် အဋ္ဌားဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ထားရှိမှု၊ ငှားရမ်းထားရှိမှု၊ အိုးအိမ်တိုက်ခန်း ရရှိထားသော ဝန်ထမ်းအချို့မှ အခြားသူသို့ တစ်ဆင့်ငှားရမ်းထားမှုများအတွက် မည်သို့စီစစ်ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး(ကိုယ်စား)လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်း အတွင်းရှိ နိုင်ငံဝန်ထမ်းများ စိတ်အေးချမ်းသာစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် လာရောက်တာဝန်ထမ်းဆောင်ကြသည့် တိုက်ပွဲရှောင်ဝန်ထမ်း(၂၂၃)ဦး စုစုပေါင်း (၃၇၀)ဦးတို့သည် အိမ်ခန်းများတွင် နေထိုင်ခွင့်ရရှိရေးအတွက် လျှောက်ထားကြောင်း၊ ဝန်ထမ်းများကို အိမ်ရာနေရာချထားရာတွင် ဌာနမှသတ်မှတ်သော တည်မြဲအမိန့်ပါ အိမ်ခန်းနေရာချထားရေးမူဝါဒ(၁၀)ချက်နှင့်အညီ ချထားပေးလျက်ရှိကြောင်း၊ မုံရွာမြို့နယ်အတွင်း အိုးပိုင်အိမ်ပိုင်မရှိသော ဝန်ထမ်းများ၊ အခြားဒေသမှ မုံရွာမြို့နယ်အတွင်း ပြောင်းရွှေ့ရောက်ရှိသော ဝန်ထမ်းများအား ချထားပေးလျက်ရှိပါကြောင်း ထို့အပြင် အခြားမြို့နယ်များမှ ဒေသအခြေအနေအရ မုံရွာမြို့ပေါ် ဌာနများသို့ တွဲဘက်ဖြင့် လာရောက်တာဝန်ထမ်းဆောင်သော ဝန်ထမ်းများနှင့် မုံရွာမြို့ပေါ်တွင်နေသော ဝန်ထမ်းများသည် မိမိ၏အိမ်ပတ်ဝန်းကျင်အနေအထားနှင့် ဖြစ်ပေါ်လာသော နယ်မြေအခြေအနေအရ မိမိအိမ်တွင် နေထိုင်ရန်အခက်အခဲရှိသော ဝန်ထမ်းများကိုလည်း အခက်အခဲပေါ်စိစစ်ပြီး အိမ်ခန်းလစ်လပ်မှုပေါ်မူတည်၍ နေရာချထားပေးပါကြောင်း၊ အိမ်ခန်းရရှိထားသည့် အချို့မှ တဆင့်ငှားရမ်းမှုမရှိစေရေးကိုလည်း စစ်ဆေးကြပ်မတ်လျက်ရှိကြောင်း ၎င်းတိုက်ခန်းများမှာနေသော ဝန်ထမ်းများ ပြောင်းရွှေ့ချိန်တွင် ဌာနသို့အခန်းပြန်လည်အပ်နှံခြင်းမရှိဘဲ ဆက်လက်နေထိုင်ကြောင်း သိရှိရပါက ရုံးသို့ ခေါ်ယူတွေ့ဆုံ၍ အိမ်ငှားစည်းကမ်းချက်နှင့်အညီ အိမ်ခန်းပြန်လည်အပ်နှံစေခြင်းများ ဆောင်ရွက်စေပြီး အသစ်ပြန်လည်နေရာချထားပေးပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် တိုက်အလိုက် တိုက်ကိုယ်စားလှယ်များခန့်အပ်ခြင်း၊ တိုက်ကိုယ်စားလှယ်များမှ

ဧမးခွန်းများ ဧမးဖြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ



ဦးတင်မင်းထွဋ်၊ ဖောင်းပြင်(၁)



လူမှုရေးရာဝန်ကြီး

ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် ဒုတိယမေးခွန်းအနေဖြင့် ဖောင်းပြင်မြို့၊ အုန်းသာအုပ်စု ချောင်းခွကျေးရွာ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်းရှိ ပျက်စီးနေသော စာသင်ကျောင်း၏ အပေါ်ထပ်တွင် ကျောင်းသား/သူများ ပညာသင်ကြားရန် အန္တရာယ်ရှိပါသောကြောင့် ၎င်းကျောင်းဆောင်အား ပြန်လည်ပြုပြင် မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလို ပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က ဖောင်းပြင်မြို့နယ် အမက-ပင်သာကျောင်းသည် ၂၀၂၅-၂၀၂၆ အညာသင်နှစ်တွင် မူလတန်းအဆင့်ကျောင်းသူ/သား (၂၂၃)ဖြင့် ပညာသင်ကြားလျက်ရှိသော ကျောင်းတစ်ကျောင်းဖြစ်ပါကြောင်း၊ ၎င်းကျောင်း၏ အကျယ်အဝန်းသည် ကျောင်းမြေဧက(၀. ၉၁၁)ဧကခန့်သာရှိပါကြောင်း၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့မှ (၂၈) ရက်နေ့အထိ အခြေခံပညာဦးစီးဌာန နေပြည်တော်တွင် ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်းအရ မူလတန်းကျောင်းတစ်ကျောင်းသည် ကျောင်းမြေဧရိယာဧက အနည်းဆုံး(၃)ဧက၊ အလယ်တန်းကျောင်းဖွင့်ရန်အတွက် ကျောင်းမြေဧရိယာ မြေဧက (၅)ဧက၊ အထက်တန်းကျောင်းအတွက် မြေဧက(၇) ဧက ရှိရမည်ဟူ၍ စံသတ်မှတ်ချက်များ သတ်မှတ်ပေးထားပါကြောင်း၊ ၎င်းအပြင် အလယ်တန်းကျောင်းတစ်ကျောင်း ဖွင့်ရန်အတွက် မူလတန်းအဆင့်သင် ကျောင်းသား/သူ (၂၅၀)ဦး ပြည့်မီရမည်ဖြစ်ပါကြောင်း၊ အ. မ. က-ပင်သာကျောင်း သည် ကျောင်းမြေဧက အကျယ်အဝန်းအရ လိုအပ်ချက်များရှိပါကြောင်း၊ ကျောင်းသူ/သားများအနေဖြင့်လည်း အနည်းငယ်လိုအပ်ချက် ရှိပါကြောင်း၊ ၎င်းအပြင် အမက-ပင်သာကျောင်းနှင့် အနီးဆုံး အလယ်တန်း အ. လ. က-တပ်နယ်ကျောင်းနှင့်(၂)မိုင်ခန့်သာ ကွာဝေးပါကြောင်း၊ ထိုအချက်များကြောင့် ဦးစီးဌာန(ရုံးချုပ်)သို့ ဆက်လက်တင်ပြပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည် ဖြေကြား ခဲ့ပါသည်။

× × × × × × ×



ဦးတင်မောင်မြင့်၊ ဖောင်းပြင်(၂)



လူမှုရေးရာဝန်ကြီး

ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးတင်မောင်မြင့်က ကလေးမြို့နယ်၊ အ. ထ. က(၆)ကျောင်းတွင်ရှိသော သက်တမ်းလွန် အန္တရာယ်ရှိ ကျောင်းဆောင်(၂)ဆောင်ဖြစ်သည့် တောင်ဝူဆောင်နှင့်အင်းဝဆောင် (၂)ဆောင်တို့အား ဖျက်သိမ်းခွင့်ပြုကာ (၁၅၀×၃၀×၂၃)ပေ RC (၂)ထပ် ကျောင်းဆောင် Hall ခန်းအပါအဝင် ကျောင်းဆောင်(၁)ဆောင် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က ကလေးမြို့၊ အထက(၆)၏ ကျောင်းဆောင်(၂)ဆောင် ဖျက်သိမ်းခွင့်ကို ဌာနမှ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ တင်ပြပေးပို့ရေး သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၊ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးသို့ အကြောင်းကြား ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ (၁၅၀×၃၀×၂၃) ပေ (၂)ထပ် RC ကျောင်းဆောင် ဟောခန်းအပါအဝင် ကျောင်းဆောင်(၁)ဆောင် အသစ်ဆောက်လုပ်နိုင်ရေးအတွက် သင့်တော်သော လာမည့်ဘဏ္ဍာရေးနှစ်များတွင် အဆင့်ဆင့်တင်ပြဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးတင်မင်းထွဋ်က ဖောင်းပြင်မြို့ရှိ ပင်သာ(အ. မ. က)ကျောင်းအား မူလတန်း (လွန်)ကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

ရွှေချယ်ခန့်ထားသော အိမ်ရာစခန်းသာယာရေးကော်မတီများဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်ခြင်း၊ တိုက်ခန်း ငှားရမ်းမှုကို တစ်နှစ်တစ်ကြိမ်သက်တမ်းတိုးဆောင်ရွက်ခြင်းဖြင့် နေထိုင်မှုကို စိစစ်ခြင်း၊ တိုက်ခန်းနေထိုင်ခွင့်ရရှိသည့် ဌာနများသို့ နှုတ်ထွက်၊ ထုတ်ပယ်၊ ပင်စင်၊ ပြောင်းရွှေ့မှုများနှင့်ပတ်သက်၍ ညှိနှိုင်းစာများ ထုတ်ပြန်စိစစ်ခြင်း၊ အခါအားလျော်စွာ ဝန်ထမ်းများနှင့် လျှပ်တပြတ်စိစစ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ထားသည့် အိမ်ဌားစည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုက်ခန်းပြန်လည်သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးခင်မောင်လွင်၊ တမူး(၁)



လူမှုရေးရာဝန်ကြီး

တမူးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်လွင် က တမူးမြို့နယ်အတွင်း ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ ပြန်လည်ပြုပြင်ကောင်းမွန်စေရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး(ကိုယ်စား)လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင် က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေးအတွက် မိုဘိုင်းစခန်း(၃၀)ခု တည်ဆောက်ဖွင့်လှစ်ပြီး မိုဘိုင်းဆက်သွယ်ရေးစနစ်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ တမူးမြို့နယ်အတွင်း နယ်မြေအခြေအနေအရ ထွမ်စမစ်ရှင် ဖိုင်ဘာပြတ်တောက်မှု ဖြစ်ပေါ်ခဲ့၍ မိုဘိုင်းစခန်းများ ဆက်သွယ်မှုပြတ်တောက်ခဲ့ရပါကြောင်း၊ တမူးမြို့သည် ကလေး-တမူး ထွန်စမစ်ရှင် ဖိုင်ဘာလမ်းကြောင်းကို အသုံးပြု၍ လတ်တလော အဆင်ပြေစေရန် ဆောင်ရွက်နေသည့် ဆက်သွယ်ရေးစနစ်ဖြစ်ပါကြောင်း၊ ထွမ်စမစ်ရှင် ပြတ်တောက်နေသော ခမ်းပတ်မြို့သည် လတ်တလောတွင် နယ်မြေအခြေအနေ၊ လုံခြုံရေးအခြေအနေအရ လုပ်ငန်းများဆောင်ရွက်၍ မရပါကြောင်းနှင့် နယ်မြေအခြေအနေ ကောင်းမွန်ပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးတင်မောင်မြင့်၊ ဖောင်းပြင်(၂)



စည်ပင်သာယာရေးဝန်ကြီး

ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးတင်မောင်မြင့် က ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်နှင့် ညောင်ပင်သာရပ်ကွက် ဆက်သွယ်ထားသော ဥပုသ်ချောင်းကူးတံတား(၆၃ ပေ × ၁၈ ပေ)အား သံကူကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင် က မင်္ဂလာဥယျာဉ်ရပ်ကွက်နှင့် ညောင်ပင်သာရပ်ကွက်ရှိ ဥပုသ်ချောင်းတံတားသည် ကွင်းဆင်းလေ့လာချက်အရ ပေ(၆၀ ပေ ×၁၄ ပေ) တံတားတစ်ခုဖြစ်ပါကြောင်း၊ တည်ဆောက်မည်ဆိုလျှင် သံကူကွန်ကရစ်တံတား တည်ဆောက်ရန်အတွက် သင့်တော်ပါကြောင်း၊ သံကူကွန်ကရစ်တံတား ထည်ဆောက်ရန်အတွက် ဒေသန္တရစီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

မင်းကင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးမြင့်ကျော် က မင်းကင်းမြို့၊ အမှတ်(၂)ရပ်ကွက် တောင်တော်လမ်း၊ ဦးဖိုးကြောင်းနေအိမ်အရှေ့မှ ဦးသိန်းအောင်ကြီးနေအိမ်ရှေ့အထိ အရှည်(၃)ဖာလုံအား ကွန်ကရစ်လမ်းအဖြစ်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

များမှ စက်မောင်းခကုန်ကျခံရန်နှင့် ယာဉ်ယန္တရားများကို လာရောက်သယ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့်ပတ်သက်၍ ရရှိလာသော ရန်ပုံငွေများကို သက်ဆိုင်ရာမြို့နယ်ရှိ သင့်လျော်သော ဘဏ်တွင် (၃)ဦးကော်မတီဖြင့် အကောင့်ဖွင့်လှစ်၍ ငွေသွင်း/ငွေထုတ်ဆောင်ရွက်ရန်နှင့်ဘဏ်စာရင်းစာအုပ်များကို မြို့နယ်ပြည်တွင်းအခွန်ဦးစီးမှူးမှ ထိန်းသိမ်းထားရှိခြင်း၊ ယာဉ်နှင့်ယန္တရား သာမန်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ရန်လိုအပ်ပါက ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊ ယာဉ်နှင့်ယန္တရား အကြီးစား ပြုပြင်ခြင်းလုပ်ငန်းများ ဌာနဆိုင်ရာနှင့် ကုမ္ပဏီမှလုပ်ငန်းများ ဆောင်ရွက်လိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ခွင့်ပြုချက်တောင်းခံခြင်း၊ အမှန်တကယ်ဆောင်ရွက်ရန်လိုအပ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (ဂျူတီမဲ့) ဆောင်ရွက်လိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ခွင့်ပြုချက်တင်ပြတောင်းခံပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ငွေစာရင်း၊ လချုပ်စာရင်းများ၏ လစဉ်အစီရင်ခံစာများကို မြို့နယ်စီမံကိန်းတာဝန်ခံမှ ပြုစု၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ဖြန့်ဝေထောက်ပံ့ပေးအပ်ခဲ့သည့် ယာဉ်ယန္တရားများနှင့် ပတ်သက်၍ ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းဆောင်ရွက်အသုံးပြုမှု၊ ရန်ပုံငွေစာရင်းများကို သက်ဆိုင်ရာမြို့နယ်များရှိဘဏ်များတွင် ဘဏ်အကောင့်များ ဖွင့်လှစ်ထားရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်း(၁)



လူမှုရေးရာဝန်ကြီး

ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးစိုင်းစံလှစိုး က နှစ်တောတိုက်နယ်ဆေးရုံတွင်လိုအပ်လျက်ရှိသော ဓာတ်မှန်နှင့် EPI Cold Chain အမျိုးအစား ရေခဲသေတ္တာ(၁)လုံးကို သက်ဆိုင်ရာဝန်ကြီးဌာနမှ အမြန်ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က နှစ်တောတိုက်နယ်ဆေးရုံသည် (၁၆)ကုတင်ဆံ့ဆေးရုံတစ်ရုံဖြစ်ပါကြောင်း၊ ၎င်းတိုက်နယ်ဆေးရုံတွင် အသုံးပြုရန်အတွက် ဟုမ္မလင်းမြို့နယ် ပြည်သူ့ဆေးရုံမှ ၁၀၀ MA X- Ray စက်ကို (၂၀-၁၀-၂၀၁၄)ရက်နေ့တွင် လွှဲပြောင်းပေးပြီး ဖြစ်ပါကြောင်း၊ လက်ရှိ အခြေအနေတွင် အသုံးပြု၍ မရပါသဖြင့် ပြုပြင်ရန်လိုအပ်လျက်ရှိကြောင်း၊ ၎င်းကိစ္စ အတွက် သက်ဆိုင်ရာကုမ္ပဏီဖြင့် ချိတ်ဆက်ဆောင်ရွက်ရန် စီစဉ်ထားရှိပါကြောင်း၊ ကုမ္ပဏီမှ သွားရောက်စစ်ဆေးပြီး ပြင်ဆင်၍မရနိုင်တော့ပါဟု အကြောင်းပြန်ကြားလာပါက ကုသရေးဦးစီးဌာန ရုံးချုပ်သို့ ဆက်လက်တင်ပြ တောင်းခံပေးသွားမည်ဖြစ်ပါကြောင်း၊ ၎င်းအပြင် ကာကွယ်ဆေးထိုးလုပ်ငန်းများအသုံးပြုနိုင်ရန်အတွက် ရေခဲသေတ္တာ(Solar Direct Drive) တစ်လုံးကို တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း၊ လတ်တလောတွင် ရေခဲသေတ္တာမရောက်မီ ကာကွယ်ဆေးထိုးလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရန်အတွက် ဟုမ္မလင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နှစ်တောတိုက်နယ်ဆေးရုံသို့ ကာကွယ်ဆေး များဖြန့်ဝေပြီး ထိုးနှံပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဒေါ်ဆန်းစံရှိ၊ လေရှီး(၁)



လူမှုရေးရာဝန်ကြီး

လေရှီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဒေါ်ဆန်းစံရှိ က လေရှီးမြို့၊ အ.မ.က မြို့မကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က လေရှီးမြို့ အမက(မြို့မ)ကျောင်းဆောင်၏ လက်ရှိအခြေအနေကို ဌာနဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ပေးပို့တင်ပြစေရန်အတွက် သက်ဆိုင်ရာခရိုင်/မြို့နယ်ပညာရေးမှူးရုံးများသို့ ဆက်သွယ်အကြောင်းကြားထားပါကြောင်း၊ ၎င်းတို့၏ တင်ပြပေးပို့မှုများ ရောက်ရှိလာပါက သင့်တော်မည့် ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာ

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒသမနေ့)ကျင်းပ



တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယမှန်အစည်းအဝေး(ဒသမနေ့) ကို (၁၈- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၇၉) ဦးတို့ တက်ရောက်ကြပါသည်။

ဧမးခွန်းများ ဧမးဖြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ



ဦးအောင်မင်းကျော်သူ၊ ဘုတလင်(၁)



စိန်ကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး

ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးအောင်မင်းကျော်သူက ယခင်ဒုတိယအကြိမ်တိုင်းဒေသကြီးအစိုးရအဖွဲ့ သက်တမ်းကာလ မြို့နယ်(၃၇)မြို့နယ်သို့ ချထားပေးသော မြေသယ်ယာ၌၊ မြေကော်ယာဥနှင့် လမ်းကြိတ်စက်ယာဉ်များကို ယခုအခါ မည်သူမှ ထိန်းသိမ်းစောင့်ရှောက်ထားသည်၊ ဌားရမ်းခများ မည်မျှရရှိကောက်ခံထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦးက ၂၀၂၁ ခုနှစ်၊ နိုင်ငံရေးဖြစ်စဉ်ဖြစ်ပြီးနောက်ပိုင်းတွင် ယာဉ်နှင့် ယန္တရားကြီးကြပ်ရေးကော်မတီအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ပါဝင်သည့် အဖွဲ့ဝင်(၈)ဦးဖြင့် မြို့နယ်အလိုက် ပြန်လည်ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ယာဉ်နှင့်ယန္တရားများကို လုပ်ငန်းဆောင်ရွက်ရာတွင် ကော်မတီဝင်များမှ တွေ့ဆုံညှိနှိုင်းမှတ်တမ်းဖြင့် ဦးစားပေးလုပ်ငန်းများအလိုက် ဆောင်ရွက်စေခဲ့ပါကြောင်း၊ ယာဉ်နှင့်ယန္တရားများ လုပ်ငန်းဆောင်ရွက်ရာတွင် ရန်ပုံငွေကောက်ခံမှုနှင့် ပတ်သက်ပြီး ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ဌားရမ်းခြင်းအတွက် စက်မောင်းတစ်နာရီ(၁၀၀၀/)ကျပ်အပါအဝင် ဘတ်ဟိုး(စ)နာရီတစ်ဂျူတီအတွက် (၇၅၀၀၀/-)ကျပ် လမ်းကြိတ်စက်(စ)နာရီတစ်ဂျူတီအတွက် (၅၀၀၀၀/-)ကျပ်၊ မြေသယ်ယာဉ် (စ)နာရီ တစ်ဂျူတီအတွက် (၄၀၀၀၀/-)ကျပ်ဖြင့် ဌားရမ်းဆောင်ရွက်ရန်ဆုံးဖြတ်ထားပါကြောင်း၊ ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများမှ ဌားရမ်းခြင်းအတွက် စက်ပေါင်းတစ်နာရီ(၁၀၀၀/-)ကျပ် အပါအဝင် ဘတ်ဟိုး(စ)နာရီ တစ်ဂျူတီအတွက်(၁၅၀၀၀၀/-)ကျပ်၊ လမ်းကြိတ်စက်(စ)နာရီတစ်ဂျူတီအတွက်(၁၀၀၀၀၀/-)ကျပ်၊ မြေသယ်ယာဉ်(စ)နာရီတစ်ဂျူတီအတွက် (၈၀၀၀၀/-)ကျပ်နှုန်းဖြင့် သတ်မှတ်ထားပြီးဌားရမ်းခြင်းအတွက် ဌာနအဖွဲ့အစည်း

ဧမးခွန်းများ ဧမးဖြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ



ဦးမြင့်ကျော်၊ မင်းကင်း(၂)



စည်ပင်သာယာရေးဝန်ကြီး

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က ဦးဖိုးကြောင်း၏ နေအိမ်အရှေ့မှ ဦးသိန်းအောင်၏ နေအိမ်အရှေ့အထိ ပျက်စီးနေသည့်လမ်းပိုင်းအား မင်းကင်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ကွင်းဆင်းတိုင်းတာရာတွင် အဆိုပါအိမ်နှစ်အိမ်ကြားရှိ မူလကွန်ကရစ်လမ်းသည် အရှည် ၁၈၉၀ ပေ၊ အကျယ် ၁၈ ပေရှိသည့်အနက် ၆၇၀ ပေသည် ကွန်ကရစ်လမ်းသားများ ပျက်စီးနေပါကြောင်း၊ ပျက်စီးနေသည့် စုစုပေါင်း ၁၁၇၀ ပေ၊ အကျယ် ၈၀ ပေအား ဒေသန္တရစီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေ ရရှိမှုပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းရန် အာမည်စာရင်းတင်သွင်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖ(၂၈)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးမင်းမင်းဇေယျာမြင့် စစ်ကိုင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၂) ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၃) ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၄) ဦးသောင်းစိန်၊ ကလေးမြို့
(၅) ဦးဌေးအောင်၊ ကလေးမြို့
(၆) ဦးသန်းအေး၊ ကလေးမြို့
(၇) ဦးတင်ဝင်း၊ ကသာမြို့
(၈) ဦးစိန်ထွန်း၊ ကသာမြို့
(၉) ဦးစိုးနိုင်၊ စစ်ကိုင်းမြို့
(၁၀) ဦးရဲမြင့်အောင်၊ စစ်ကိုင်းမြို့
(၁၁) ဦးဟန်ဇော်ထွန်း၊ မုံရွာမြို့
(၁၂) ဦးမျိုးဝင်းကြိး၊ မုံရွာမြို့
(၁၃) ဦးထွန်းထွန်းဦး၊ မုံရွာမြို့
(၁၄) ဦးကျော်စိုး၊ မုံရွာမြို့
(၁၅) ဦးသိန်းဇော်၊ မော်လိုက်မြို့
(၁၆) ဦးခင်မောင်ဆွေ၊ ဟူးဖွလင်းမြို့
(၁၇) ဦးမောင်ဆွေ၊ ယင်းမာပင်မြို့
(၁၈) ဦးစိုးမြင့်၊ ရွှေဘိုမြို့
(၁၉) ဦးကျော်ဝင်း၊ ကောလင်းမြို့
(၂၀) ဦးတင်မြင့်၊ တန့်ဆည်မြို့
(၂၁) ဦးရှိသီး၊ လေရှိုးမြို့
(၂၂) ဦးခင်မောင်ရွှေ၊ တမူးမြို့
(၂၃) ဦးသန်းစိန်၊ ကန့်ဘလူမြို့
(၂၄) ဦးဉာဏ်တင့်၊ ကန့်ဘလူမြို့
(၂၅) ဦးဟတ္ထိရန်းနီ၊ ခန္ဓီးမြို့
(၂၆) ဦးစိန်သောင်း၊ ထီးချိုင့်မြို့
(၂၇) ကြည်း-၄၁၂၇၂၊ ဗိုလ်မှူးကြည်သာအောင်

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ဖြစ်ပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ဦးမင်းမင်းဇေယျာမြင့်၊ စစ်ကိုင်းမြို့နယ်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)၊ အတွင်းရေးမှူး(၁)အဖြစ် ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူး(၂)အဖြစ် ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ တို့ကို တာဝန်ပေးအပ်ဖွဲ့စည်း သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၁၂-၆-၂၀၂၆)ရက် ညနေ(၁၆း၃၀) အချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံး အကြီးအမှူးထံ အမည်စာရင်းပေးပို့ကြရန် ကြေညာခဲ့ပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၂၆ခုနှစ်၊ ဇွန်လ (၁၂)ရက်၊ သောကြာနေ့ နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါသည်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဋ္ဌမနေ့အခမ်းအနားကို (၁၁း၀၇) နာရီတွင် ရပ်နားပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကျင်းပ



တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယမှန်အစည်းအဝေး(ဆဋ္ဌမနေ့) ကို (၁၂- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၇၅) ဦးတို့ တက်ရောက်ကြပါသည်။

ဧမးခွန်းများ ဧမးဖြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ



ဒေါ်ကြူကြူစိန်၊ မုံရွာ(၂)



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး

မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်ကြူကြူစိန် က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့လွယ်ကူလုံခြုံ မြန်ဆန်စွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် ဒုတိယမေးခွန်းအနေဖြင့် မုံရွာမြို့နယ်လဝကနုံးအနေဖြင့် မှတ်ပုံတင် ပြုလုပ်ရာ၌ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအတွင်းသို့ ကွင်းဆင်းပြီး One Stop Service ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ပြည်သူများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အစိုးရအနေဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် လမ်းခရီးခွဲ စစ်ဆေးရေးဂိတ်များ၊ လုံခြုံရေးအဖွဲ့များအား ငွေကြေးကောက်ခံမှုမရှိစေရေးအတွက် သက်ဆိုင်ရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများသို့လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ သက်ဆိုင်ရာကွပ်ကဲမှုဌာနချုပ်နှင့် တပ်နယ်များသို့လည်းကောင်း၊ ညွှန်ကြားချက်များထုတ်ပြန်ပြီး အကြိမ်ကြိမ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ လုံခြုံရေးအဖွဲ့ဝင်များအနေဖြင့် ဖြတ်သန်းသွားလာသည့် ကုန်ပစ္စည်းများအား ငွေကြေးကောက်ခံမှုမရှိစေရေး၊ ကောက်ခံပါက ပြင်းပြင်းထန်ထန် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ကြောင်းကို လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် အရာရှိစစ်သည်များနှင့်ဌာနဆိုင်ရာများအား သိရှိကြောင်း အကြိမ်ကြိမ် သတိပေးလက်မှတ်ရေးထိုးထားသည့် မှတ်တမ်းများရှိကြောင်း ငွေကြေးကောက်ခံမှုနှင့် ပတ်သက်၍ တာဝန်ရှိသူ အရာရှိ(၇)ဦး၊ အခြားအဆင့်(၁)ဦး၊ စုစုပေါင်း(၈)ဦးအား စစ်စည်းကမ်းအရ ထိရောက်စွာအရေးယူဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင်

စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီဖွဲ့စည်းမှုအား လွှတ်တော်၏ အာဏာပြဋ္ဌာန်းရယူခြင်း

လွှတ်တော်ဥက္ကဋ္ဌမှစစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)၊ အတွင်းရေးမှူး-၁အဖြစ် ဒေါ်အေးအေးသန်း၊ ကသာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)၊ အတွင်းရေးမှူး-၂အဖြစ် ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)နှင့် အဖွဲ့ဝင်များအဖြစ်-

(၁) ဦးကျော်လွင်ဦး၊ ကသာမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးမြင့်တင်၊ ကွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးမြင့်လေး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၅) ဦးသက်လွင်၊ အင်းတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးခင်မောင်လွင်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၇) ကြည်း-၅၁၆၄၀၊ ဗိုလ်မှူးနေလင်းထွန်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၈) ကြည်း-၇၄၄၅၀၊ ဗိုလ်ကြီးထက်အောင်ရွှိုင်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဖွဲ့စည်းရန်အတွက် အာမည်စာရင်းတင်သွင်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အားကော်မတီဝင်ဦးရေ(၁၁)ဦးဖြင့်ဖွဲ့စည်းမည်ဖြစ်ပြီး၊ ဖွဲ့စည်းရန်လျာထားသော လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးမင်းဇော်၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးတိုးမြင့်၊ ဒီပဲယင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးမင်းဆွေ၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးအုံကျော်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဒေါ်ဆန်းစစ်ရှိန်၊ လေရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၁၀) ကြည်း-၅၃၇၂၈၈၊ ဗိုလ်မှူးငြိမ်းချမ်းကို
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၁၁) ကြည်း-၅၃၄၁၇၊ ဗိုလ်ကြီးရဲရဲနိုင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ဖြစ်ပြီး

ကော်မတီဥက္ကဋ္ဌအဖြစ် ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး-၁ အဖြစ် ဦးကျော်နိုင်ဝင်း၊ ယင်းမာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး-၂ အဖြစ် ဒေါ်ဆန်းစစ်ရှိန်၊ လေရှိုးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)တို့ကို တာဝန်ပေးအပ် ဖွဲ့စည်း သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၁၇-၆-၂၀၂၆)ရက် ညနေ(၁၆း၀၀)အချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံး အကြီးအမှူးထံ အမည်စာရင်းပေးပို့ကြရန် ကြေညာခဲ့ပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒသမနေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၈)ရက်၊ ကြာသပတေးနေ့၊ နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါသည်။

[တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို (၁၁း၀၅)နာရီအချိန်တွင် ရပ်နားပါသည်]

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးရဲနောင်၊ ကလေး၀(၂)



လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး၀န်ကြီး

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ၀န်ကြီး ဦးခင်မောင်အေးက တံတားအား ပြုပြင်ထိန်းသိမ်းရန်(သို့) အသစ်ပြန်လည် တည်ဆောက်ရန်အတွက် နယ်မြေလုံခြုံရေးအခြေအနေအရ ဝန်ထမ်းများ သွားရောက်ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း၊ နယ်မြေအခြေအနေကောင်းမွန်ပါက သွားရောက်တိုင်းတာစစ်ဆေးပြီး ရန်ပုံငွေတင်ပြလျာထား၍ ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဒေါ်ကြူကြူစိန်၊ မုံရွာ(၂)



စည်ပင်သာယာရေး၀န်ကြီး

မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်ကြူကြူစိန် က မုံရွာမြို့၊ သလွာအမှတ်(၁၁)ရပ်ကွက်နှင့် မြဝတီနယ်မြေ(၁)ရပ်ကွက်(၂)ခုအကြားရှိ မြဝတီလမ်း၏ ကျန်ရှိနေသော ခန့်မှန်း၀ေ(၁၀၀၀)ခန့်အား နိုင်လွန်ကတ္တရာလမ်း အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ဆောင်ရွက်ပေးမည် ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေး၀န်ကြီး ဒေါက်တာသောင်းနိုင် က မုံရွာမြို့၊ သလွာရပ်ကွက်ရှိ မြဝတီလမ်းသည် အရှည်၀ေ(၂၅၇၀)ရှိပါကြောင်း၊ ပိုင်တစ်ထောင်လမ်းနှင့်ပေလှန်ဆယ်လမ်းကြားတွင်တည်ရှိပါကြောင်း ကျန်ရှိနေသောလမ်းအပိုင်း ၀ေ(၁၀၀၀)အား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် လျာထားပြီး မြဝတီသတင်းစာ၊ ကြေးမုံသတင်းစာများတွင် အိတ်ပိတ်တင်ဒါ ခေါ်ယူခဲ့သော်လည်း လာရောက်လျှောက်ထားခြင်းမရှိသည့်အတွက် ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးမင်းဇော်၊ ကလေး(၂)



စည်ပင်သာယာရေး၀န်ကြီး

ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးမင်းဇော်က ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်နှင့်မင်္ဂလာဥယျာဉ်ရပ်ကွက် နယ်မြေ(၁)ရှိ ၂၀၁၈ ခုနှစ်က တည်ဆောက်ထားသည့် ဥပုဒ်ချောင်းကူး(၇၁ ပေ× ၁၂ ပေ)ရှိ သစ်သားတံတားမှာ ဖြတ်သန်းသွားလာရာတွင် အန္တရာယ်များလှသောကြောင့် သစ်သားတံတားအား ဖျက်သိမ်းပြီး ဘေလီသစ်သားတံတား(သို့) သံကူကွန်ကရစ်တံတား အဖြစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေး၀န်ကြီး ဒေါက်တာသောင်းနိုင် က ကလေးမြို့တွင် ဥပုဒ်ချောင်းကူးတံတား(၆)စင်းရှိပါကြောင်း (၃)စင်းမှာ လက်ရှိ အနေအထားတွင်ကောင်းမွန်နေပါကြောင်း၊ ကျန်(၃)စင်းမှ ပျက်စီးနေပါကြောင်း၊ ဝေဖန်သုံးသပ်ချက်အရ ဘုရားသုံးဆူလမ်းပေါ်ရှိ တံတားမှာ ကြိုဒိုင်မှုအားနည်းသည့်အတွက် (၆၀×၄၀)ပေ သံကူကွန်ကရစ်တံတား တည်ဆောက်ရန် ပထမဦးစားပေး အဖြစ် လည်းကောင်း၊ ဩဘာလမ်းပေါ်ရှိ တံတားသည် ချောင်းမြောက်ဘက်ကမ်းကပ်ခုံ ပျက်နေပြီးချောင်းတွင်းသို့ လျှောကျနိမ့်ဝင်သွားသည်အတွက် တံတားကြမ်းခင်း တစ်ဖက်နိမ့်ကျနေသည့်အတွက် (၄၁ × ၁၆) ပေ သံကူကွန်ကရစ်တံတား တည်ဆောက်ရန် ဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ နွားတောင်လမ်းပေါ်ရှိ တံတားသည် ယာ်မနှင့် ကြမ်းခင်းများ နှစ်ကာလကြာမြင့်ပြီး ဆွေးမြေ့ပျက်စီး နေသည့်အတွက် (၆၀ × ၁၂) ပေ သံကူကွန်ကရစ်တံတား တည်ဆောက်ရန် တတိယဦးစားပေးအဖြစ်လည်းကောင်း ဒေသန္တရစီမံကိန်းများတွင် ထည့်သွင်း လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း(၃)ဦး၊ ရဲတပ်ဖွဲ့ဝင်(၄)ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်း(၁)ဦး၊ သစ်တောဦးစီးဌာနမှဝန်ထမ်း(၁)ဦး၊ အကောက်ခွန်ဦးစီးအရာရှိ(၁)ဦး၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်(၁)ဦး စုစုပေါင်း(၁၁)ဦးအား ဝန်ထမ်းစည်းမျဉ်း စည်းကမ်းအရ အရေးယူဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ အများပြည်သူများအနေဖြင့် ပူးပေါင်းဂိတ်များမှ တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်မှုရှိ/မရှိစစ်ဆေးမှုများကို ကြည်ဖြူစွာစစ်ဆေးခြင်းကို ပူးပေါင်းပေးပါရန်နှင့် ငွေကြေးကောက်ခံလာပါက သက်ဆိုင်ရာဂိတ်များတွင် တာဝန်ရှိသူများကို တိုင်ကြားရန် ဖုန်းနံပါတ်များ မြင်သာအောင် ဒွိနိုင်းချိတ်ဆွဲထားရှိပါသဖြင့် တိုင်ကြားခြင်းဖြင့် ကူညီပေးပါရန် တင်ပြလိုပါကြောင်း၊ လမ်းတစ်လျှောက်အကြမ်းဖက်သောင်းကြမ်းသူများမှ ဂိတ်များဖွင့်လှစ်ကာ ငွေကြေးကောက်ခံမှုများသိရှိပါကလည်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိတ်ဖက် အဖွဲ့များအနေဖြင့် အကြမ်းဖက်သောင်းကြမ်းသူများအား အခြေပြု၍မရအောင် ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

ဒုတိယမေးခွန်းအား ဖြေကြားရာတွင် မုံရွာမြို့သည် ရပ်ကွက်(၃၁) ရပ်ကွက်၊ ကျေးရွာအုပ်စု(၅၄)အုပ်စု၊ ကျေးရွာ(၁၇၁)ရွာ၊ အိမ်ထောင်စု(၁၁၁၀၀၀) ကျော်၊ လူဦးရေ(၃၅၃၀၀၀)ကျော်ဖြင့် နေထိုင်သည့်မြို့ဖြစ်ပါကြောင်း၊ မုံရွာမြို့အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက သက်ဆိုင်သည့် လုပ်ငန်းများအား လူဝင်မှုစုပေါင်းရုံးနှင့်ဌာနဆိုင်ရာရုံးများ၊ လုံခြုံရေးကောင်းမွန်ပြီး ပြည်သူသွားလာနိုင်သည့် အားကစားရုံများတွင် One Stop Service ဖြင့် မုံရွာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆောင်ရွက်ပေးမှုအခြေအနေများကိုလည်း ဆို့ရှည်မိဒီယာမှတစ်ဆင့် ပြည်သူများအား အသိပေးခဲ့သည့်အတွက် ယခုကာလအတွင်း ပြည်သူများမှ အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကဒ်ပြား(၃၆၂)ဦး၊ အသက်(၁၈)ပြည့်နိုင်ငံသားစိစစ်ရေးကဒ်ပြား(၃၁၁)ဦး၊ အသက်(၁၀) ပြည့်မှ (၁၈)ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလဲလှယ် ထုတ်ပေးသူ(၅၃၆)ဦး၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား ပျောက်ဆုံးပျက်စီးဟောင်းနွမ်းဆွေးမြေ့ မထင်ရှားဖြစ်၍ မိတ္တူထုတ်ပေးသူ(၆၇၁)ဦး၊ မွေးဖွားကြောင်း မှတ်ပုံတင်သူ(၇၃၉)ဦး၊ သေစာရင်းပယ်ဖျက်သူ(၇၈)ဦး၊ အိမ်ထောင်စုအတွင်း ပြောင်းဝင်လာသူ(၁၇၂)ဦး၊ အိမ်ထောင်စုအတွင်းမှ ပြောင်းထွက်သွားသူ(၁၀၇)ဦးတို့အား ရုံးပိတ်ရက်များအပါ အပြိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့မှစ၍ အသက်(၁၀)နှစ်ပြည့်နှင့် အသက်(၁၈)နှစ်အောက်နိုင်ငံသားများအား တိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် ပေါင်းစပ်ညှိနှိုင်း၍ စာရင်းရယူကာ လမင်းစီမံချက်ဖြင့် အခြေခံပညာကျောင်းများတွင် မြေပြင်ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးခြင်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံထားပြီး ဖြစ်ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် သက်ဆိုင်သည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးရန် ဖိတ်ခေါ်သည့် ရပ်ကွက်/ကျေးရွာများရှိပါက ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရေး လုံခြုံရေးအစီအမံများ ရေးဆွဲကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်၊

× × × × × × ×



ဦးထိန်မင်း၊ ဝန်းသို့(၁)



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး

ဝန်းသို့မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးထိန်မင်းက နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာများကို လစဉ်ပုံမှန် သတ်မှတ်ရက်များတွင် အဆင်ပြေလွယ်ကူစွာ ထုတ်ယူခွင့်ရရှိရေး မည်သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေး၀န်ကြီး ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီး ဦးဆန်း၀င်း က နိုင်ငံ့၀န်ထမ်းလစာများ၊ အငြိမ်းစား၀န်ထမ်းများ ထုတ်ယူခွင့်ရရှိရေးအတွက် မြန်မာ့စီးပွားရေးဘဏ်မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလာသည့် ဘဏ္ဍာငွေသယ်ယူခွင့် ကိစ္စရပ်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ကာကွယ်ရေး ဦးစီးချုပ်ရုံးသို့ ဆက်လက်တင်ပြခဲ့ပါကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အနောက်မြောက်တိုင်းစစ်ဌာနချုပ်သို့ ညွှန်ကြားဆောင်ရွက်ခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အခွံနှိမ်နိုင်ငံ့ဝန်ထမ်းလစာနှင့် အငြိမ်းစားပင်စင် လစာများ သက်ဆိုင်ရာဘဏ်များတွင် ရောက်ရှိရေးအတွက် သင့်ရာနည်းလမ်းဖြင့် ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဘဏ်များသို့ ရောက်ရှိပါက နိုင်ငံ့၀န်ထမ်း လစာနှင့် အငြိမ်းစားပင်စင်လစာများကို သတ်မှတ်ရက်အတွင်း အခွံနှိမ်မိထုတ်ပေးရန် ညွှန်ကြားထားရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးခင်မောင်လွင်၊ တမူး(၁)



လူမှုရေးရာဝန်ကြီး

တမူးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးခင်မောင်လွင်က နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသော ကျောင်းသူ/သားများအတွက် ပုံနှိပ်စာအုပ်နှင့်စာရေးကိရိယာများအား တမူးမြို့သို့ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က နိုင်ငံတော်မှ ကျောင်းသား/သူများအား အခမဲ့ထောက်ပံ့ပေးလျက်ရှိသော ပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများအား တမူးမြို့သို့ ရောက်ရှိရေးအတွက် ရနိုင်သမျှ နည်းလမ်းများအသုံးပြု၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်များတွင် တမူးခရိုင်အတွက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသော ကျောင်းသုံးပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ပေးသော လုံခြုံရေးပါ သင်္ဘောများဖြင့် မန္တလေးမြို့၊ ဂေါဝိန်ဆိပ်ကမ်းမှ ကလေးဝဆိပ်ကမ်းထိလည်းကောင်း၊ ကလေးဝဆိပ်ကမ်းမှ ကလေးခရိုင်ဂိုထောင်ထိလည်းကောင်း ပို့ဆောင်ပေးနိုင်ခဲ့ပါကြောင်း ၄င်းမှတစ်ဆင့် ကလေးမှ တမူးသို့ သွားလာနေသည့် ခရီးသည်တင်ယာဉ်ကားများ၊ ကုန်တင်ကားများတွင် သိုဒ့က်၍ ပို့ဆောင်ခြင်း၊ ရထတ်ယာဉ်အကြုံဖြင့် ပို့ဆောင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လမ်းခရီးတွင် မသမာသူအဖျက်သမားများမှ ရှာဖွေတွေ့ရှိသွားပါကလည်း ဖျက်ဆီးခံရသည့်သာဓကများ၊ ဖြစ်စဉ်များလည်းရှိခဲ့ဖူးပါကြောင်း၊ သို့ဖြစ်ပါ၍ အချို့သောပစ္စည်းများကို လမ်းခရီးလုံခြုံရေးအခက်အခဲကြောင့် ပေးပို့နိုင်ခြင်းမရှိဘဲ ကလေးခရိုင်ဂိုထောင်များတွင် သိမ်းဆည်းထားကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသော ကျောင်းသုံးပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ပေးသော လုံခြုံရေးပါသင်္ဘောများဖြင့် မန္တလေးဂေါဝိန်ဆိပ်ကမ်းနှင့် မုံရွာဆိပ်ကမ်းအသီးသီးမှ တင်ဆောင်၍ ကလေးဝဆိပ်ကမ်းသို့လည်းကောင်း၊ ကလေးဝဆိပ်ကမ်းမှ ကလေးခရိုင်ဂိုထောင်ထိလည်းကောင်း ပို့ဆောင်၍ စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ လမ်းခရီးလုံခြုံရေးကောင်းမွန်ပါက ကလေးခရိုင်ဂိုထောင်မှ တမူးခရိုင်ထိ ဆက်လက်ပို့ဆောင် ပေးသွားမည် ဖြစ်ပါကြောင်းနှင့် လမ်းခရီးလုံခြုံရေးအခြေအနေများကြောင့် တမူးမြို့သို့ ပေးပို့ဖြန့်ဝေနိုင်ခြင်းမရှိသော ကျောင်းသုံးပစ္စည်းများအတွက် ၄င်းတန်ဖိုးနှင့် ညီမျှသော တန်ဖိုးငွေအား ကူညီထောက်ပံ့ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးတင်ဝင်း၊ အရာတော်(၁)



လူမှုရေးရာဝန်ကြီး

အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးတင်ဝင်းက အရာတော်မြို့နယ်၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်နိုင်ရန် ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများအား အမြန်ဆုံးဖြည့်ဆည်းရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အရာတော်မြို့ပြည်သူ့ဆေးရုံသည်(၂၅)ကုတင်ဆံ့ဆေးရုံတစ်ရုံဖြစ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဆေးရုံလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေဦးစီးဇယားများအရ (၁)ရက်လျှင် ပျမ်းမျှ ပြင်ပလူနာ(၁၇)ဦးနှင့် အတွင်းလူနာ(၇)ဦးခန့် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ လက်ရှိဝန်ထမ်းအင်အားအခြေအနေအရ လက်ထောက်ဆရာဝန်(၁)ဦး၊ အကူသူနာပြုများအပါအဝင်(၅)ဦး၊ ကျွမ်းကျင်ဝန်ထမ်း(၄)ဦး၊ အခြားဝန်ထမ်း(၆)ဦးတို့ဖြင့် ကျန်းမာရေးကုသမှုလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ ဆေးဝါးများထုတ်ယူပို့ဆောင်ပေးလျက်ရှိပါကြောင်း၊ ကျေးရွာရပ်ကွက်များရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်-၁(၁)ဦး၊ အဆင့်-၂(၂)ဦး၊အဆင့်-၄(၁၇)ဦး၊ သားဖွားဆရာမ(၈)ဦး၊ ဌက်ဖျားဆေးဖြန်း (၁)ဦး၊ ဓာတ်ခွဲကျွမ်းကျင်(၁)ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၄င်းအပြင် ၂၀၂၆ ခုနှစ်၊ မုံရွာမြို့နယ်၊ ပြည်ကြီးရပ်ကွက်အတွင်း ဆေးရုံကြီးတစ်ရုံ ဖွင့်လှစ်ရန် ရည်ရွယ်ချက်ရှိကြောင်း၊ ဆေးရုံကြီးဖွင့်လှစ်ပြီးပါက ဆေးရုံတွင် ဆရာဝန်အရေးပေါ်ဌာန၊ ဆရာဝန်ကုသရေးဌာန၊ ဆရာဝန်ကလေးဌာန၊ ဆရာဝန်သားဖွားမီးယားဌာန၊ ဆရာဝန်ခွဲစိတ်ကုသရေးဌာန၊ ဆရာဝန်ဆေးဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ ဆေးဝါးဌာန၊ ဆရာဝန်ကျန်းမာရေးဌာန၊ ဆရာဝန်ပါးစပ်ရောဂါဌာန၊ ဆရာဝန်မျက်စိဌာန၊ ဆရာဝန်နားနာဌာန၊ ဆရာဝန်အရေပြားဌာန၊ ဆရာဝန်ရောဂါရှာဖွေရေးဌာန၊ ဆရာဝန်ရူးသွပ်ရောဂါဌာန၊ ဆရာဝန်ဓာတုရောဂါဌာန၊ ဆရာဝန်ကင်ဆာရောဂါဌာန၊ ဆရာဝန်ဒဏ်ရာကုသရေးဌာန၊ ဆရာဝန်ဒေသဆိုင်ရာကျန်းမာရေးဌာန၊ ဆရာဝန်ဒေသဆိုင်ရာကုသရေးဌာန၊ ဆရာဝန်ဒေသဆိုင်ရာဆေးဌာန၊ ဆရာဝန်ဒေသဆိုင်ရာမျက်စိဌာန၊ ဆရာဝန်ဒေသဆိုင်ရာနားနာဌာန၊ ဆရာဝန်ဒေသဆိုင်ရာအရေပြားဌာန၊ ဆရာဝန်ဒေသဆိုင်ရာဓာတုရောဂါဌာန၊ ဆရာဝန်ဒေသဆိုင်ရာကင်ဆာရောဂါဌာန၊ ဆရာဝန်ဒေသဆိုင်ရာဒဏ်ရာကုသရေးဌာန၊ ဆရာဝန်ဒေသဆိုင်ရာသားဖွားမီးယားဌာန၊ ဆရာဝန်ဒေသဆိုင်ရာရူးသွပ်ရောဂါဌာန၊ ဆရာဝန်ဒေသဆိုင်ရာခွဲစိတ်ကုသရေးဌာန၊ ဆရာဝန်ဒေသဆိုင်ရာရောဂါရှာဖွေရေးဌာန၊ ဆရာဝန်ဒေသဆိုင်ရာကလေးဌာန၊ ဆရာဝန်ဒေသဆိုင်ရာသွေးဌာန၊ ဆရာဝန်ဒေသဆိုင်ရာသားအိမ်ခေါင်းပါးရောဂါဌာန၊ ဆရာဝန်ဒေသဆိုင်ရာသားအိမ်ခေါင်းပါးကင်ဆာရောဂါဌာန၊ ဆရာဝန်ဒေသဆိုင်ရာသားအိမ်ခေါင်းပါးကုသရေးဌာန၊ ဆရာဝန်ဒေသဆိုင်ရာသားအိမ်ခေါင်းပါးဌာန၊ ဆရာဝန်ဒေသဆိုင်ရာသွေးရောဂါဌာန၊ ဆရာဝန်ဒေသဆိုင်ရာသွေးကင်ဆာရောဂါဌာန၊ ဆရာဝန်ဒေသဆိုင်ရာသွေးကုသရေးဌာန၊ ဆရာဝန်ဒေသဆိုင်ရာသွေးဌာန၊ ဆရာဝန်ဒေသဆိုင်ရာအရေးပေါ်ဌာန၊ ဆရာဝန်ဒေသဆိုင်ရာအရေးပေါ်ကုသရ

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(နဝမနေ့)ကျင်းပ



တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယမှန်အစည်းအဝေး(နဝမနေ့) ကို (၁၇- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၇၇) ဦးတို့ တက်ရောက်ကြပါသည်။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးအောင်မင်းကျော်သူ၊ ဘုတလင်(၁)



လူမှုရေးရာဝန်ကြီး

ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးအောင်မင်းကျော်သူက မုံရွာမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံနည်းပညာရပ်များကို KG+10,11,12 အတန်းများ၌ မည်မျှအထိ စီမံသင်ကြားအကောင်အထည်ဖော်နေသည်၊ အဆိုပါပညာရပ်များကို သင်ယူပြီးမြောက်သော လူငယ်များအတွက် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကျောင်းနှုတ်ထွက်နှုန်း လျော့ကျစေရန်အတွက် အစိုးရအနေဖြင့် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က မြန်မာနိုင်ငံတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ဖွင့်လှစ်ထားပါကြောင်း၊ ၄င်းကျောင်းများဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးနှင့်ရေးကြီးဆုံးဖြစ်သော လူသားအရင်းအမြစ် ကျွမ်းကျင်လုပ်သားများကို အောင်ခြေအဆင့်မှစ၍ ပြုစုပျိုးထောင်ရန်ဖြစ်ပါကြောင်း၊ အခြေခံပညာ Grade-9 အောင်မြင်ပြီးသည့် ကျောင်းသူ/သားများသည် ၄င်းကျောင်းများ၊ ၄င်းအတန်းများသို့ တက်ရောက်ခွင့်ရှိပါကြောင်း၊ ၄င်းတို့သည် Grade-12 ထိ ပညာသင်ယူပြီးပါက ပညာအရည်အချင်းထူးချွန်မှုပေါ်မူတည်၍ မိမိတို့ဝါသနာပါရာ ပညာရပ်များဖြစ်သော စက်မှုတက္ကသိုလ်(TU)၊ နည်းပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်(သို့)မွေးမြူရေးဆိုင်ရာ တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ခွင့်ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်မတက်ဖြစ်လျှင်လည်း စက်မှု Institude(GTI)၊ စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်ကာ ဒီပလိုမာဘွဲ့များ ရယူနိုင်မည့် အခွင့်အလမ်းများရှိပါကြောင်း၊ Grade-12 ပြီးဆုံးပြီး အထက်တင်ပြပါ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များသို့ တက်ရောက်နိုင်ခြင်းမရှိပါကလည်း သက်ဆိုင်ရာဌာနများမှ ဌာနဝန်ထမ်းများအဖြစ် တာဝန်ချထားဆောင်ရွက်ပေးပြီး ဝန်ထမ်းအဖြစ် ဆက်လက်

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

သူနာပြုသိပ္ပံကျောင်းမှ သင်တန်းဆင်းသူနာပြုသင်တန်းသားများအနက်မှ သူနာပြု(၂)ဦးကိုလည်း အရာတော်ပြည်သူ့ဆေးရုံကြီးသို့ ခန့်အပ်ထားပြီးဖြစ်ပါကြောင်း၊ မြို့နယ်အတွက် လိုအပ်လျက်ရှိသော မြို့နယ်ကုသရေးဦးစီးဌာနမှူး(၁)ဦး ခန့်ထားနိုင်ရေးအတွက်လည်း တိုင်းကျန်းမာရေးဦးစီးဌာနမှ ကုသရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြတောင်းခံထားရှိ ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဒေါ်စန္ဒာသိန်း၊ မော်လိုက်(၁)



လူမှုရေးရာဝန်ကြီး

မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဒေါ်စန္ဒာသိန်းက မော်လိုက်ခရိုင် ဆေးရုံကြီးတွင် လိုအပ်နေသော ဆရာဝန်၊ဆရာမများ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က မော်လိုက်မြို့သည် ကုတင်(၅၀)ဆံ့ဆေးရုံတစ်ရုံရှိပါကြောင်း၊ ၄င်းဆေးရုံတွင် ဆေးရုံအုပ်(၁)ဦး၊ အထက်တန်းသူနာပြု(၂)ဦး၊ သူနာပြု(၃)ဦး၊ အကူသူနာပြု(၇)ဦး၊ ကျွမ်းကျင်ဝန်ထမ်း(၇)ဦး၊ ရုံးဝန်ထမ်း(၂)ဦးနှင့် အငယ်တန်းဝန်ထမ်း(၆)ဦး၊ စုစုပေါင်း(၂၈)ဦးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ၄င်းဆေးရုံမှ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇိုးသည် (၂၄-၄-၂၀၂၆)ရက်နေ့တွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ခွင့်ပြုမိခဲ့ကျထားပြီးဖြစ်သော်လည်း အစားထိုးတာဝန်ထမ်းဆောင် မည့်သူမရောက်သေးသည့်အတွက် မော်လိုက်ပြည်သူ့ဆေးရုံတွင် ဆက်လက်တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း။ ၄င်းနေရာသည် အစားထိုးရန် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်ထွန်း(ခေါ်)သန့်ဇော်မျိုးသည် အမိန့်စာထွက်ရှိထားပြီး လာရောက်တာဝန်ထမ်းဆောင်ရန်အတွက် တိုင်းဒေသကြီးဦးစီးဌာနမှ ခေါ်ယူထားပြီးဖြစ်ပါကြောင်း၊ လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များ ဦးစားပေးခန့်ထားပေးနိုင်ရန်အတွက်လည်း



ဦးအောင်မင်းကျော်သူ၊ ဘုတလင်(၁)



လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးအောင်မင်းကျော်သူက ဘုတလင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် ၂၀၂၁ ခုနှစ်၊ ဇွန်လမှစ၍ ရုံးဖွင့်လှစ်လည်ပတ်နိုင်ခြင်းမရှိသဖြင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် လျှပ်စစ်မီးအခွန်အခများ မရရှိခြင်းနှင့် နိုင်ငံတော်ပိုင်ပစ္စည်းများ ပျက်စီး/ပျောက်ဆုံးမှုများရှိနေခြင်း၊ မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက ဘုတလင်မြို့နယ် လျှပ်စစ်ဓာတ်အားပေးရုံးမှ ဓာတ်အားကောက်သည့်လုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ ၆ လပိုင်းတွင် ဆောင်ရွက်ခဲ့သော်လည်း နယ်မြေလုံခြုံရေးတည်ငြိမ်မှုမရှိခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းမှဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ ငွေတောင်းခံခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် နှောက်ယှက်ဖျက်ဆီးခြင်းများကြောင့် ဘုတလင်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှဝန်ထမ်းများနှင့် မိသားစုမှူးသည် မုံရွာမြို့ရှိ တိုင်း/ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ပြောင်းရွှေ့ပြီး ယာယီရုံးခန်းဖွင့်လှစ်၍ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၏ ကြီးကြပ်မှုနှင့် ရုံးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးတင်မင်းထွဋ်၊ ဖောင်းပြင်(၁)



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး

နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများမရရှိခြင်းကြောင့် တိုင်းဒေသကြီးလွှတ်တော်အင်ဂျင်နီယာရုံးနှင့် ဒေသအာဏာပိုင်များ၏ ခွင့်ပြုချက်နှင့် (၁၄-၆-၂၀၂၄) ရက်နေ့တွင် ဘုတလင်မြို့နယ်တစ်ခုလုံးကို လွှတ်တော်အားဖြတ်တောက်ပြီး (၁၅-၆-၂၀၂၄)မှစပြီး မီးသုံးစွဲသူများ၏ ဓာတ်အားခများကို ယာယီပိတ်ခဲ့ပါကြောင်း၊ ဓာတ်အားခရရှိသည့် ရေဘုတလင် မြစ်ရေတင်ရုံးခွဲ ခွဲရုံ(၁)ခုကို ဓာတ်အားဆက်လက်ပေးထားခဲ့ပါကြောင်း၊ မြို့နယ်လွှတ်တော်အင်ဂျင်နီယာရုံး ဘဏ္ဍာရေးဝန်ထမ်းများသည် အများပြည်သူ၏ ဓာတ်အားခကြွေးကျန်များကို ဖုန်းဖြင့် ဆက်သွယ်တောင်းခံခြင်း၊ အခြားဌာနဆိုင်ရာများနှင့် ရုံးစာထုတ်၍ တောင်းခံပြီး ရရှိသည့်ဓာတ်အားခများကို မုံရွာမြို့ရှိ ဘုတလင်ဘဏ်ခွဲ လွှတ်တော်ရုံးဘဏ်အကောင့်တွင် ပေးသွင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်ကြွေးကျန်များကိုလည်း ဆက်လက်ကောက်ခံလျက်ရှိပါကြောင်း၊ ဘုတလင်မြို့နယ်တွင်လက်ရှိနယ်မြေလုံခြုံရေးအခြေအနေအရ နိုင်ငံတော်ပိုင် လွှတ်တော်စက္ကူအခြေခံအဆောက်အဦနှင့် ဆက်စပ်ပစ္စည်းများ ပျက်ဆီးပျောက်ဆုံးမှု ရှိ/မရှိကို စာရင်းအတိအကျကောက်ခံနိုင်ခြင်း မရှိသေးပါကြောင်း၊ ဘုတလင်မြို့နယ်မီးပြန်ရရှိရန် နယ်မြေလုံခြုံရေးအခြေအနေ ကောင်းမွန်ပြီး ဝန်ထမ်းများ သွားရောက်တာဝန်ထမ်းဆောင်နိုင်မှသာ ဓာတ်အားပေးရုံ ထရန်စဖော်မာနှင့် ကျန်သည့်ဆက်စပ်ပစ္စည်းများ စနစ်တကျ စစ်ဆေးပြုပြင်ပြီး လွှဲပစ်အန္တရာယ်ကင်းရှင်းစွာဖြင့် ဓာတ်အားများပြန်လည်ဖြန့်ဖြူးပေးမည်ဖြစ်ပါကြောင်း၊ လွှဲပစ်စက်တ်အားခရရှိမှ ပြန်လည်ထူထောင်ပြီး ဓာတ်အားပေးစက်ရုံများ ၊ ဓာတ်အားလိုင်းများနှင့်ဓာတ်အားခွဲရုံများ ပြန်လည်လည်ပတ်နိုင်မည် ဖြစ်ပါကြောင်း၊ လွှဲပစ်ဓာတ်အားခရရှိရေးအတွက် အများပြည်သူကို ကူညီစည်းရုံးပေးရန်လည်း တင်ပြလိုပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးတင်မင်းထွဋ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဖောင်းပြင်မြို့ ပင်သာကျေးရွာသို့ ပညာရှင်များစေလွှတ်၍ စိမ့်စမ်းချောင်းမှ ရေရရှိရေးအတွက် လိုအပ်သော ပစ္စည်းကိရိယာများရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်းက ဖောင်းပြင်မြို့နယ်၊ ပင်သာကျေးရွာသည် အိမ်ခြေ(၂၃၃)အိမ်၊ လူဦးရေ(၉၃၈)ဦး နေထိုင်လျက်ရှိပါကြောင်း၊ လက်ရှိရေသုံးစွဲမှုအနေဖြင့် တွင်းတိမ်(၂၀) တွင်း၊ လက်တူးတွင်း(၄)တွင်းမှ သောက်သုံးရေများကို အသုံးပြုနေရသော်လည်း သောက်သုံးရေသည် ကျန်းမာရေးနှင့်မညီညွတ်သည့်ရေများဖြစ်ကြောင်း၊ ပင်သာကျေးရွာ၏ တောင်ဘက် ပေ(၄၀၀၀)ခန့်အကွာရှိ စိမ့်စမ်းရေထွက်သည့်နေရာသည် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပေးရန်အတွက် ကျေးရွာမှ တင်ပြလာမှုအပေါ်(၇-၂-၂၀၂၅)ရက်နေ့တွင် ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်သည့်အခါ နွေရာသီ ဧပြီလနှင့် မေလများတွင် ရေထွက်နှုန်းနည်းကြောင်း၊ တစ်နှစ်ပတ်လုံးရေရှိနိုင်သည့် ရေထွက်နေရာများကို ရှာဖွေပြီး ကောင်းမွန်သည့်ရေထွက်ရှိရာနေရာရရှိရန် တိုင်းတာရေး လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များခေါ်ပြီး ကွင်းဆင်းစစ်ဆေးရမည် ဖြစ်ပါကြောင်း၊ ကွင်းဆင်းရန်အခြေအနေကောင်းမွန်သည့်ကာလတစ်ခုကို ရောက်သည့် အချိန်တွင် ကျွမ်းကျင်ဝန်ထမ်းများအနေဖြင့် ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးသက်အောင်ဇော်က စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ အမှတ်(၂၀)(အ. မ. က) မူလွန်ကျောင်း မျက်နှာစာရှိလမ်းနှင့် ကျောင်းတောင်ဘက်ရှိလမ်းတို့အား ကျောင်းသား/သူများနှင့် ရပ်ကွက်နေပြည်သူများ သွားလာရေးအဆင်ပြေစေရန် မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် အမှတ်-၂၀(အ. မ. က)မူလွန်ကျောင်းကို ၁၉၉၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် ကျောင်းသား/သူ(၃၃၄)ဦး ပညာသင်ကြားလျက်ရှိပါကြောင်း၊ ပတ္တမြားရပ်ကွက်တွင် အိမ်ခြေ(၂၄၅)အိမ်၊ လူဦးရေ

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဖွဲ့စည်းမှုအား လွှတ်တော်၏ အာဏာပြဋ္ဌာန်းချယ်ခြင်း

လွှတ်တော်ဥက္ကဋ္ဌမှစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)၊ အတွင်းရေးမှူး-၁ အဖြစ် ဦးကျော်သူ၊ ကောလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး-၂ အဖြစ် ဦးတင်မောင်ဖြင့်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)နှင့် အဖွဲ့ဝင်များအဖြစ်-

(၁) ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဒေါ်ခင်ဝင်းကြည်၊ ထီးချိုင့်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးမော်လိပ်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၅) ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ကြည်း-၅၁၆၄၀၊ ဗိုလ်မှူးနေလင်းထွန်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၈) ကြည်း-၅၃၄၁၇၊ ဗိုလ်ကြီးရဲရန်နိုင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာပါသည်။

စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီဖွဲ့စည်းရန် အာမည်စာရင်းတင်သွင်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီအား ကော်မတီဝင်ဦးရေ(၁၁)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး၊ ဖွဲ့စည်းရန်လျာထားသော လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးကျော်လွင်ဦး၊ ကသာမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးမြင့်လေး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးသက်လွင်၊ အင်းတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးခင်မောင်လွင်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၈) ဒေါ်အေးအေးသန်း၊ ကသာမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၉) ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၁၀) ကြည်း-၅၁၆၄၀၊ ဗိုလ်မှူးနေလင်းထွန်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၁၁) ကြည်း-၇၄၄၅၀၊ ဗိုလ်ကြီးထက်အောင်ရွှိုင်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တို့ဖြစ်ပြီး

ကော်မတီဥက္ကဋ္ဌအဖြစ် ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး-၁ အဖြစ် ဒေါ်အေးအေးသန်း၊ ကသာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊ အတွင်းရေးမှူး-၂ အဖြစ် ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၁၆-၆-၂၀၂၆)ရက် ညနေ(၁၆း၀၀)အချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်းပေးပို့ကြရန် ကြေညာခဲ့ပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး နဝမနေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၇)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါသည်။

[တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို (၁၁ ။ ၃၀)နာရီအချိန်တွင် ရပ်နားပါသည်]

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

ဦးစီးဌာနမှ လွှဲပြောင်းယူခဲ့သည့်လမ်းဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး၏ ငွေလုံးငွေရင်းရန်ပုံငွေ(၅၁၇. ၂၃၀)သန်းဖြင့် မိုင်(၀/၀)မှ (၀/၄. ၂၂)ထိ (၄. ၂၂) ဖာလုံကို မူလ(၁၂)ပေအကျယ်ကတ္တရာလမ်းမှ (၁၈)ပေအကျယ် ကတ္တရာလမ်းခဲ့ပြီး ထပ်ပိုးလွှာခင်းခြင်း၊ လမ်းပခုံးတစ်ဖက်(၃)ပေအကျယ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၏ သာမန်ရန်ပုံငွေ(၁၆. ၆၀၇)သန်းနှင့် စမြိတ်ချောင်းဘေလီတံတား၏ ကြမ်းခင်းလက်ရမ်းပြုပြင်ရန်နှင့် သစ်သားလက်ရမ်းများ ဆေးသုတ်ခြင်းကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လာမည့်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေ လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိအပေါ်မူတည်၍ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးစိုင်းစံလှစိုး၊ ဟုမွလင်း(၁)



လှမ်ဝစစ်၊ ဝွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

ဟုမွလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးစိုင်းစံလှစိုး က ဟုမွလင်းမြို့ ဥရုချောင်းချဉ်းကပ်လမ်းအနီး ရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျနေပြီး ဥရုတံတားထိခိုက်လာနိုင်သည့်အတွက် အရေးနိမ့် ကာကွယ်ထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လှမ်ဝစစ်၊ ဝွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချင်းတွင်းမြစ်တစ်လျှောက်ရှိ မုံရွာ၊ ကလေး၊ ကလေးဝ၊ ဟုမွလင်း၊ ခန္ဓီးဒေသများရှိ ချင်းတွင်းမြစ်တစ်လျှောက် ရေကြောင်းသွားလာရေး ကမ်းပြိုထိန်းသိမ်းကာကွယ်ရေးများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဟုမွလင်းမြို့နယ် သဖန်းကုန်းကျေးရွာ ဥရုမြစ်ကမ်းပြိုကျမှုအခြေအနေကိုသိရှိရန် ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ကွင်းဆင်းတိုင်းတာစစ်ဆေးချက်အရ ဘိုးပိုင်အခြေပြု သံကူကွန်ကရစ်မြေထိန်းနံရံနှင့် ကွန်ကရစ်ပြားကပ်တမံ အလျား(၂၇၀)ပေအား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အသေးစိတ်ခန့်မှန်းခြေစာရင်းတွက်ကြည့်ရာတွင် (၉၆၇. ၀၀၀)သန်း ကုန်ကျသွားမည်ဖြစ်ပြီး ယခုနှစ် RE တွင်လည်း ရရှိလျှင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မရရှိလျှင်လည်း လာမည့်ဘဏ္ဍာရေးနှစ်များတွင် လျာထားတောင်းခံပြီး ရအောင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးမင်းဇော်၊ ကလေး(၂)



စည်ပင်သာယာရေးဝန်ကြီး

ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးမင်းဇော် က ကလေးမြို့တွင် ဥပုဒ်ချောင်းမှတစ်ဆင့် ရေကြီးရေလျှံမှုများ နှစ်တိုင်းဖြစ်ပေါ်နေပြီး ရေကြီးရေလျှံသည့်အချိန်တွင် (၂၅ ပေ × ၁၅ ပေ)ရှိ သံကူကွန်ကရစ်တံတားသည် လက်ရှိ ကမ်းကပ်ခုံတစ်ဖက်ခြမ်း နိမ့်ဆင်းနေပြီး အချိန်မရွေး ပျက်စီးသွားနိုင်ပါသဖြင့် တံတားအသစ်တစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က မေးခွန်းပါတံတားသည် ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်နှင့် မင်္ဂလာဥယျာဉ်ရပ်ကွက်နယ်မြေ(၁)ဩဘာလမ်းပေါ်ရှိ ဥပုဒ်ချောင်းတံတားကို အရှည်(၄၀)ပေ၊ အကျယ်(၁၄)ပေ သံကူကွန်ကရစ်အသစ် ပြန်လည်တည်ဆောက်နိုင်ရန် ဒေသန္တရစီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိအပေါ်မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

Better Parliaments, Stronger Democracies

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးသက်အောင်ဇော်၊ စစ်ကိုင်း(၂)



စည်ပင်သာယာရေးဝန်ကြီး

(၉၁၁)ဦးရှိပြီး အမက(မူလွန်)ကျောင်း၏ မျက်နှာစာ အမာခံမြေသားလမ်းသည် လမ်းအရှည် ပေ(၄၈၅)ပေနှင့် လမ်းအကျယ်(၆၀)ပေ၊ လမ်းအနား(၁၄)ပေနှင့် လမ်းဘေးဝဲယာ မြေလမ်းမြောင်း(၃)ပေအကျယ်ရှိပါကြောင်း၊ ကျောင်း၏ အရှေ့ဘက်တောင်-မြောက်လမ်းသည် အမာခံမြေသားလမ်းဖြစ်ပြီး လမ်းအရှည် ပေ(၉၄၀)နှင့် လမ်းနယ်(၆၀)ပေ၊ လမ်းအနား(၁၂)ပေဖြစ်ပါကြောင်း၊ ရွှေမြင့်မိုရ်ရပ်ကွက်နှင့် ပတ္တမြားရပ်ကွက် ဆက်သွယ်ထားသည့် ၂၃ လမ်းမကြီးနှင့် ဆက်သွယ်ထားသည့် လမ်း ဖြစ်သည့်အတွက် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးအား ဒေသန္တရစီမံကိန်းထဲတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဖွဲ့စည်းရန်အတွက် အမည်စာရင်းတင်သွင်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥတ္ထဋ္ဌက ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၁၁)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး၊ ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၂) ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၃) ဒေါ်ခင်ဝင်းကြည်၊ ထီးချိုင့်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၄) ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၅) ဦးမော်လိပ်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၆) ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၇) ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၈) ဦးကျော်သူ၊ ကောလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၉) ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၁၀) ကြည်း-၅၁၆၄၀၊ ပိုလ်မှူးနေလင်းထွန်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
(၁၁) ကြည်း-၅၃၄၁၇၊ ပိုလ်ကြီးရဲရန်နိုင်၊
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တို့ဖြစ်ပြီး

ကော်မတီဥတ္ထဋ္ဌအဖြစ် ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး-၁ အဖြစ် ဦးကျော်သူ၊ ကောလင်းမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး-၂ အဖြစ် ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) တို့ကို တာဝန်ပေးအပ်ဖွဲ့စည်း သွားမည် ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၁၅-၆-၂၀၂၆)ရက် ညနေ(၁၅း၀၀)အချိန်နောက်ဆုံးထား၍ လွှတ်တော်ရုံး အကြီးအမှူးထံ အမည်စာရင်းပေးပို့ကြရန် ကြေညာခဲ့ပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့ကို ၂၀၂၆ခုနှစ်၊ ဇွန်လ (၁၅)ရက်၊ တနင်္လာနေ့ နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါသည်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အခမ်းအနားကို (၁၁း၁၅) နာရီတွင် ရပ်နားပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(သင္ကြန်မနေ့)ကျင်းပ



တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယမှန်အစည်းအဝေး(သင္ကြန်နေ့) ကို (၁၅- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၃၆) ဦးတို့ တက်ရောက်ကြပါသည်။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးတင်မောင်မြင့်၊ ဖောင်းပြင်(၂)



လူမှုရေးရာဝန်ကြီး

ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးတင်မောင်မြင့်က ကလေးမြို့၊ ကုတင် (၃၀၀) ဆံ့ ပြည်သူ့ဆေးရုံတွင် လိုအပ်နေသော ဝန်ထမ်းဆရာဝန်များနှင့် သူနာပြုများ ခန့်ထားပေးနိုင်ရေး၊ လုံလောက်သော ဆေးဝါးများ ရောက်ရှိနိုင်ရေး၊ ဆေးရုံသုံးလုပ်ငန်းများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေး အတွက် လိုအပ်သော Solar System ဖြင့် လျှပ်စစ်မီးရရှိရေးအတွက် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်က ကလေးမြို့ ကုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ကုသရေးဌာနအနေဖြင့် ဖျားနာ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ အရိုး၊ မျက်စိ၊ စိတ်ကျန်းမာရေးဌာန၊ ကုသဌာန၊ ဓာတ်ခွဲဓာတ်မှန်ဌာန ဌာနကြီး(၉)ခုရှိပြီး အထူးကုဆရာဝန်ကြီး၊ အထူးကုဆရာဝန်၊ လက်ထောက်အထူးကုဆရာဝန်၊ စုစုပေါင်း(၁၂)ဦးဖြင့် လည်ပတ်လျက်ရှိပါကြောင်း၊ လက်ထောက်ဆရာဝန်(၁၄)ဦးကို တာဝန်ချထားပေးပြီးဖြစ်ပါကြောင်း၊ ၎င်းအပြင် ထပ်မံလိုအပ်လျက်ရှိသည့် လက်ထောက်ဆရာဝန်ရရှိရေးအတွက် ကုသရေးဦးစီးဌာန(ရုံးချုပ်)သို့တင်ပြထားပြီးဖြစ်ပါကြောင်း၊ သူနာပြုအင်အားအနေဖြင့် အကူသူနာပြုအပါအဝင် စုစုပေါင်း(၆၀)ဦး ခန့်ထားတာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ သစ်လွင်သူနာပြုများကိုလည်း တာဝန်ချထားပေးပြီးဖြစ်ပါကြောင်း၊ ကလေးပြည်သူ့ဆေးရုံကြီးအတွက် ဘဏ္ဍာရေးနှစ်(၁)နှစ်အတွက် လိုအပ်သော ဆေးဝါးများကို ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ ခွင့်ပြုရန်ပုံငွေ အသုံးပြုပြီး တင်ဒါစနစ်ဖြင့် ဝယ်ယူ၍ တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ ဆေးရုံသို့ အရောက်ပို့စနစ်ဖြင့် ဝယ်ယူသုံးစွဲလျက်ရှိပါကြောင်း၊ ရုံးချုပ်မှ ထောက်ပံ့သော ဆေးနှင့်ဆေးပစ္စည်းများကို ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်၊ မန္တလေး)မှ မိမိတို့ဆေးရုံအစီအစဉ်ဖြင့် ထုတ်ယူရမည်ဖြစ်ပြီး ၎င်းထုတ်ယူမှုကိုလည်း တိုင်းဒေသကြီးအစိုးရမှ သယ်ဆောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာန အနေဖြင့်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်ပံ့ပိုးမှုဖြင့် ဆေးရုံအတွက် လိုအပ်သော ဆေးပစ္စည်းများကို ရေလမ်းကြောင်း၊ လေယာဉ်လမ်းကြောင်းများဖြင့် ရောက်ရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကလေးမြို့

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ(၁)ထပ်ကျောင်းဆောင်တစ်ဆောင်၊ (၉၀ပေ × ၃၀ပေ) သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင်၊ (၁၂၀ ပေ × ၃၀ ပေ) သွပ်မိုး အုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင် စုစုပေါင်းကျောင်းဆောင်(၃)ဆောင် ရှိပါကြောင်း၊ မူလတန်းအဆင့်ကျောင်းသား (၁၃၃) ဦး၊ အလယ်တန်းအဆင့်ကျောင်းသား(၁၂၇)ဦး၊ စုစုပေါင်း (၃၂၀)ဦးရှိပါကြောင်း၊ မူလတန်းလွန်ကျောင်း မိုင်းတောင်ကျေးရွာတွင် (၆၀×၃၀) ပေ သွပ်မိုးပျဉ်ခင်းပျဉ်ကာ ကျောင်းဆောင်တစ်ဆောင်ရှိပြီး မူလတန်းအဆင့် ကျောင်းသူ/သားဦးရေ (၄၁) ဦး၊ အလယ်တန်းအဆင့် ကျောင်းသူ/သားဦးရေ(၁၇)ဦး၊ စုစုပေါင်း(၅၈)ဦး ရှိပါကြောင်း၊ အသစ်ဆောက်ကျောင်းဆောင်များ စာရင်းတွင် ၄င်းကျောင်းများအတွက် လျာထားပြီး ဤရုံး၏ ၂၆-၅-၂၀၂၆ ရက်စွဲပါစာဖြင့် တိုင်းဒေသကြီးစီမံကိန်းရုံး၊ မုံရွာမြို့သို့ (၅)နှစ်တာကာလ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းအသစ်များတွင် တင်ပြတောင်းခံပေးပို့ထားပြီး ဖြစ်ပါကြောင်းနှင့် လင်းဖားကျေးရွာနှင့် မင်းဆင်ကျေးရွာတို့ကိုလည်း ထပ်မံတင်ပြတောင်းခံနိုင်ရေး သက်ဆိုင်ရာ ခရိုင်/မြို့နယ်များသို့ ဆက်သွယ်အကြောင်းကြား ဆောင်ရွက်ထားပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးခင်မောင်လွင်၊ တမူး(၁)



လူမှုရေးရာဝန်ကြီး

တမူးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးခင်မောင်လွင်က တမူးမြို့ရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တမူးမြို့ ကုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံတွင် လိုအပ်နေသော ဆရာဝန်များနှင့် သူနာပြုဆရာမများ ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်က တမူးမြို့ကုတင် (၁၀၀) ပြည်သူ့ဆေးရုံသည် လက်ရှိ ဆေးရုံအုပ်ကြီး (၁)ဦးနှင့် အထူးကုဆရာဝန်သွား(၁)ဦးရှိပါကြောင်း၊ ၎င်းအနက် အထူးကုသွားဆရာဝန်သည် ရန်ကုန်မြို့တွင် ဘွဲ့လွန်သင်တန်းတက်ရောက်လျက်ရှိပါကြောင်း၊ လက်ရှိ ဆေးရုံအုပ်ကြီးနှင့် သူနာပြုကြီး (၃)ဦး၊ အထက်တန်းသူနာပြု(၁)ဦး၊ သူနာပြု (၃)ဦး၊ အကူသူနာပြု(၄)ဦး၊ စုစုပေါင်း(၁၁)ဦး တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ ၎င်းအပြင် ချင်းပြည်နယ်၊ ဟားခါးပြည်သူ့ဆေးရုံကြီးမှ ပြောင်းရွှေ့ဝင်ရောက်လာသော သူနာပြု (၁)ဦးကိုလည်း ၈-၅-၂၀၂၆ ရက်နေ့ ရက်စွဲပါစာဖြင့် တာဝန်ချထားခဲ့ရာ လုံခြုံရေးအခြေအနေအရ တမူးမြို့သို့ သွားရောက်ရန်အတွက် ကလေးမြို့တွင် စောင့်ဆိုင်းလျက်ရှိပါကြောင်း၊ သစ်လွင်သူနာပြု(၁)ဦးကိုလည်း (၂၉-၅-၂၀၂၆) ရက်စွဲပါစာဖြင့် ခန့်ထားပြီးဖြစ်၍ တမူးမြို့ဆေးရုံသို့သွားရောက် တာဝန်ထမ်းဆောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ တမူးမြို့ ကုတင် (၁၀၀) ဆေးရုံအတွက် လစ်လပ်လျက်ရှိသော အထူးကု ဆရာဝန်များဖြစ်သည့် ကလေးအထူးကု၊ ဆေးပညာအထူးကု၊ သားဖွားမီးယပ် အထူးကု၊ မေ့ဆေးအထူးကု၊ ခွဲစိတ်အထူးကု၊ စုစုပေါင်း အထူးကုဆရာဝန်(၅)ဦးနှင့် လက်ထောက်ဆရာဝန် (၄)ဦးတို့အား ခန့်ထားပေးနိုင်ရေးအတွက် ညွှန်ကြားရေးမှူးချုပ်၊ကုသရေးဦးစီးဌာန၊နေပြည်တော်သို့ (၂၀-၈-၂၀၂၅) ရက်နေ့တွင် တင်ပြတောင်းခံထားပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဒေါ်မာမာဝင်း၊ ကျွန်းလှ(၂)



လျှပ်စစ်၊ ဓွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

ကျွန်းလှမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာမာဝင်းက ကျွန်းလှမြို့တွင် ယနေ့အချိန်ထိ လျှပ်စစ်မီးပြတ်တောက်နေမှုအား ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးရန်နှင့် မြို့နယ်အတွင်း အဓိကကျသော ဆက်သွယ်ရေးလမ်းမကြီးအား ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ ဓွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက မေးခွန်းပါလမ်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး ကျွန်းလှ-သဖန်းဆိပ် လမ်းမိုင်တိုင်(၀/၀)မှ (၁၀/၀) ထိ (၁၀)မိုင်ကွာဝေးသည့်လမ်းဖြစ်ပါကြောင်း၊ လမ်းအကျယ်(၁၂)ပေသည် ကတ္တရာလမ်းဖြစ်သော်လည်း ဆောင်ရွက်ခဲ့သည့်သက်တမ်းမှာကြာမြင့်နေပြီး နယ်မြေလုံခြုံရေးအခြေအနေအရ ရန်ပုံငွေကန့်သတ်ချက်အရ အဆိုပါလမ်းအား ထိန်းသိမ်းရေးနှင့်တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေး

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဦးအောင်လင်းဆန်း၊ ရွေး (၂)



လူမှုရေးရာဝန်ကြီး



ဦးမြတ်ကို၊ ခန္ဓီး(၁)



လူမှုရေးရာဝန်ကြီး

ပေးပို့ရန်ကျန်ရှိသော ကျောင်းသုံးပစ္စည်းများကိုလည်း တပ်မတော်ရဟတ်ယာဉ် (၀) အကြိမ်ဖြင့် ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးခရိုင်ပညာရေးမှူးရုံးနှင့် တိုင်းဒေသကြီးပညာရေးမှူးတို့ ချိတ်ဆက်၍ မော်တော်ကားလမ်းဖြင့်လည်း ပို့ဆောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိဖြစ်ပါကြောင်း၊ ဒုတိယမေးခွန်းအားဖြေကြားရာတွင် ရွေးမြို့သည် ပုဂ္ဂလိကဓာတ်ဆီအရောင်းဆိုင်(၅)ဆိုင်ရှိကြောင်း၊ ၄င်းအရောင်းဆိုင်များသို့ တစ်ပတ်လျှင် နိုင်ငံတော်မှ ခွင့်ပြုပေးထားသော စက်သုံးဆီ ၉၂ (၇၈၇၃)ဂါလံ၊ ၉၅ (၁၂၁၃)ဂါလံ၊ ရိုးရိုးဒီဇယ်(၄၉၄၄)ဂါလံ၊ ပရီမီယံဒီဇယ် (၇၈၅၂)ဂါလံကို အပတ်စဉ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသဖြင့် လုံလောက်မှုရှိပါကြောင်း၊ ဆရာ/မများအနေဖြင့် ၄င်းစက်သုံးဆီအရောင်းဆိုင်များတွင် လွတ်လပ်စွာ ဝယ်ယူနိုင်ပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

× × × × × × ×

ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးမြတ်ကိုက ခန္ဓီးမြို့နယ်အတွင်း ကျောင်းများတွင် ပညာရေးမြှင့်တင်နိုင်ရေးအတွက် ကျောင်းဖွင့်ခွင့်အမိ ဆရာ/မများ ခန့်ထားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် ဒုတိယမေးခွန်းအနေဖြင့် ခန္ဓီးမြို့အရှေ့ ကောက်တောင်းကျေးရွာ၊ မိုင်းနောင်ကျေးရွာ၊ လင်းဖား ကျေးရွာ၊ လောင်ပကျေးရွာ၊ မင်းဆင်ကျေးရွာနှင့်ဇီးဖြူကုန်းရပ်ကွက်တို့ရှိ အန္တရာယ်ရှိသော ကျောင်းအို၊ ကျောင်းဟောင်း စာသင်ကျောင်းများအား ဖျက်သိမ်း၍ အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က ခန္ဓီးမြို့နယ်တွင် အထက်တန်းအဆင့်သင် ကျောင်း(၈)ကျောင်းရှိပါကြောင်း၊ အလယ်တန်းအဆင့်သင်ကျောင်း(၃၂)ကျောင်း၊ မူလတန်းအဆင့်သင်ကျောင်း(၉၂) ကျောင်း ရှိပါကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အထက်တန်းအဆင့်သင် ကျောင်းသားဦးရေ (၁၃၂၀)ဦး၊ အထက်တန်းအဆင့်သင်သည့်ဆရာဦးရေ(၄၅)ဦးရှိပါကြောင်း အလယ်တန်းအဆင့် သင်သည့် ကျောင်းသားဦးရေ(၂၄၉၇)ဦး၊ အလယ်တန်းဆင့်သင် ဆရာဦးရေ(၃၆)ဦး၊ မူလတန်းအဆင့်သင် ကျောင်းသားဦးရေ (၆၂၈၃)ဦး၊ မူလတန်းအဆင့်သင်ကျောင်းဆရာ/မဦးရေ(၁၅၆)ဦး ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အမိအခြေခံပညာဦးစီးဌာန(ရုံးချုပ်)မှ ၎င်းဒေသအတွက် ကျောင်းဆရာ/မများ ခန့်ထားရေးအတွက် (၉-၂-၂၀၂၆)ရက်စွဲပါစာဖြင့် ဘီအီးဒီ သင်တန်းဆင်း(၆)ဦးကို အထက်တန်းပြအဖြစ်လည်းကောင်း၊ (၁၄-၅-၂၀၂၆)ရက်စွဲပါစာဖြင့် အထက်တန်းပြအပြောင်းအရွှေ့(၄)ဦး၊ မူလတန်းကျောင်းအုပ်၊ အလယ်တန်းပြ၊ မူလတန်းပြမှ အထက်တန်းပြရာထူးတိုး(၁)ဦး၊ ဒု-အလယ်တန်းပြ၊ ဒု-မူလတန်းပြမှ အထက်တန်းပြရာထူးတိုး(၅)ဦး၊ ဒု-အလယ်တန်းပြ၊ ဒု-မူလတန်းပြမှ မူလတန်းကျောင်းအုပ်ရာထူးတိုး(၂)ဦး၊ မူလတန်းပြ အပြောင်းရွှေ့(၁)ဦး ၊ မူလတန်းကျောင်းအုပ် အပြောင်းအရွှေ့(၃)ဦး၊ ဒု-အလယ်တန်းပြအပြောင်းအရွှေ့(၂)ဦး၊ ဒု-မူလတန်းပြ အပြောင်းအရွှေ့(၁)ဦး၊ လက်ထောက်မူလတန်းပြ အပြောင်းအရွှေ့(၁၀)ဦး စုစုပေါင်း (၃၅)ဦးနှင့် ခန့်ထားဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ၁-၆-၂၀၂၆ ရက်နေ့အထိ အပ်နှံကျောင်းသား/သူများအနေဖြင့် အထက်တန်းအဆင့်(၄၄၃)ဦး၊ အလယ်တန်းအဆင့် (၁၇၀၆)ဦး၊ မူလတန်းအဆင့်(၃၄၂၅)ဦး ရှိပြီး အထက်တန်းအဆင့် ဆရာ ၉၅၉ ဦး၊ အလယ်တန်းအဆင့်ဆရာ (၃၈) ဦး၊ မူလတန်းအဆင့်ဆရာ(၁၉၈)ဦး ရှိပါကြောင်း၊ ကျောင်းဆရာနှင့်ကျောင်းသားအချိုးမှာ ခန္ဓီးမြို့နယ်အတွင်း အထက်တန်းအဆင့်အချိုး(၁း၈)ဦး၊ အလယ်တန်းအဆင့် (၁း၄၅)ဦး၊ မူလတန်းအဆင့်(၁း၁၇)ဦး ရှိပါကြောင်း၊ ကျောင်းသားပျော်ကျောင်းများဖြစ်ရေး၊ ဆရာ ပျော်သောကျောင်းများဖြစ်ရေး ရပ်ရွာပြည်သူလူထုနှင့် တာဝန်ရှိသူများမှလည်း ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရေး မေတ္တာရပ်ခံလိုပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

ဒုတိယမေးခွန်းအားပြန်လည်ဖြေကြားရာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မူလတန်းလွှန် အရှေ့ကောက်တောင်းကျေးရွာတွင် (၆၀ ပေ × ၃၀ ပေ) သွပ်မိုးပျဉ်ကာ(၂)ထပ်ကျောင်းဆောင် တစ်ဆောင်သာရှိပြီး မူလတန်းအဆင့် ကျောင်းသားဦးရေ(၆၇)ဦး၊ အလယ်တန်းအဆင့်ကျောင်းသားဦးရေ(၃၉)ဦး၊ စုစုပေါင်း (၁၀၆)ဦးရှိပါကြောင်း၊ အ. မ. က-လောင်ပကျေးရွာတွင် (၈၀ ပေ × ၃၀ ပေ) သွပ်မိုးပျဉ်ကာ ပျဉ်ခင်းပျဉ်ကာကျောင်းဆောင်တစ်ဆောင်ရှိပြီး မူလတန်းအဆင့် ကျောင်းသား(၁၂၂)ဦး ရှိပါကြောင်း၊ အ. မ. က-ဇီးဖြူကုန်းကျေးရွာတွင် (၈၀ပေ ×၃၀ပေ)

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ

ကုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံသုံးလုပ်ငန်းများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်လျက်ရှိသော Solar system တပ်ဆင်နိုင်ရေး အတွက် ကလေးမြို့၊ ကုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ခန်းမှန်းတွက်ချက်မှုနှင့် အတူ တင်ပြတောင်းခံထားပြီး ရရှိပါက ကုသရေးဦးစီးဌာန(ရုံးချုပ်)သို့ ဆက်လက် တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးထိန်မင်း၊ ဝန်းသို့(၁)



လူမှုရေးရာဝန်ကြီး

ဝန်းသို့မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးထိန်မင်းက သင်ရိုးညွှန်းတမ်း ပြဋ္ဌာန်းစာအုပ်များ၊ စာရေးကိရိယာဝတ်စုံ၊ သင်ထောက်ကူပစ္စည်းများ အချိန်မီရောက်ရှိရေး မည်သို့စီစဉ်ထားသည်ကို သိရှိလိုကြောင်းနှင့် သယ်ယူစဉ်ခက်ခဲသော ကျောင်းသုံးပရိဘောဂများအား အခြားနည်းလမ်းများဖြင့် ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် သင်ရိုးညွှန်းတမ်း ပြဋ္ဌာန်းစာအုပ်များ၊ စာရေးကိရိယာများ၊ ဝတ်စုံ၊ သင်ထောက်ကူပစ္စည်းများကို နယ်မြေဒေသအခြေအနေအရ ပုံရွာမြို့တွင် တွဲဘက်ဖွင့်လှစ်ထားသည့် ကောလင်းခရိုင်ပညာရေးမှူးရုံးသို့ ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ မြို့နယ်များမှ သက်ဆိုင်ရာခရိုင်ရုံးများသို့ ချိတ်ဆက်ပြီး ဆက်လက်ထုတ်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဒေသအခြေအနေအရ အလွန်ခက်ခဲသော မြို့နယ်များအားလည်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အချိန်မီရောက်ရှိရေး သက်ဆိုင်ရာ ကုန်တင်ယာဉ်၊ ယာဉ်တန်းများ၊ တပ်မတော်ယာဉ်တန်းများဖြင့် အချိန်မီပို့ဆောင်ပေးလျက်ရှိပါကြောင်းနှင့် သယ်ယူရန် ခက်ခဲသော ကျောင်းသုံးပရိဘောဂများကို အခြားနည်းလမ်းဖြင့် ထောက်ပံ့ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးအောင်လင်းဆန်း၊ ရွေး(၂)



လူမှုရေးရာဝန်ကြီး

ရွေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်လင်းဆန်းက ရွေးမြို့တွင် လက်ရှိ လျှပ်စစ်မီးပြတ်တောက်နေမှုကြောင့် စာသင်ကျောင်းများနှင့် ပညာရေးရုံးများ၊ ကျောင်းနှင့်ရုံးပိုင်းဆိုင်ရာကိစ္စများ ဆောင်ရွက်ရာတွင် ခက်ခဲမှုများရှိနေသဖြင့် ဆိုလာစနစ် တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က ရွေးမြို့ပေါ်တွင် ခရိုင်ပညာရေးမှူးရုံး၊ မြို့နယ်ပညာရေးမှူးရုံးအပါအဝင် အခြေခံပညာကျောင်း(၈)ကျောင်းရှိပါကြောင်း၊ ယခင်က ၄င်းရုံးများနှင့် ၄င်းကျောင်းများသည် လျှပ်စစ်မီးရရှိအသုံးပြုခဲ့ပါကြောင်း၊ ယင်းကျောင်း(၈)ကျောင်းသည် လက်ရှိပညာသင်နှစ်တွင်လည်း ဖွင့်လှစ်သင်ကြားနေသော ကျောင်းများဖြစ်ကြောင်း၊ ခရိုင်ရုံး၊ မြို့နယ်ရုံး(၂)ရုံးနှင့် အခြေခံပညာကျောင်းများတွင် ရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် မီးစက်ငယ်များ၊ လက်စွဲမီးစက်များဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးမြို့၊ ခရိုင်ပညာရေးမှူးရုံး၊ မြို့နယ်ပညာရေးမှူးရုံးအပါအဝင် အထက(၁)ရွေးတို့အတွက် ရုံးသုံး/ကျောင်းသုံး ကွန်ပျူတာ Laptop များ၊ Printer များ အသုံးပြုရန် လိုအပ်သည့် 3.5 KW High Brake Solar System တပ်ဆင်နိုင်ရေးအတွက် ခွဲဝေခွင့်ပြုပေးနိုင်ပါရန် ခရိုင်ပညာရေးမှူးရုံး၏ (၁-၆-၂၀၂၆) ရက်စွဲပါစာဖြင့် တောင်းခံခြင်းအား တိုင်းပညာရေးမှူးရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေချထားပေးနိုင်ပါရန် အခြေခံပညာဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ဧမးစွန်းမှား ဧမးမြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ



ဒေါ်ဆန်းစစ်ရှိန်၊ လေရှီး(၁)



လူမှုရေးရာဝန်ကြီး

လေရှီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဒေါ်ဆန်းစစ်ရှိန် က ထမံသီ-ဆွမ်ဝရာ-လေရှီးလမ်းပိုင်းအား လမ်းအဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လှုပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး (ကိုယ်စား) လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်က မေးခွန်း(က)အဆိုပါလမ်းသည် တိုင်းဒေသကြီးအစိုးရမှ စီမံခန့်ခွဲသည့်လမ်းစာရင်းတွင် ပါဝင်ပါကြောင်း၊ လမ်းသည် ကြံခိုင်မှုအားနည်းနေပြီး ပြုပြင်ရန် လိုအပ်သည့် ဘေလီတံတားနှင့် သစ်သားတံတား စုစုပေါင်း(၈)စင်း ရှိပါကြောင်း၊ တံတား(၈)စင်း အနက် (၃)စင်းမှာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်း(၃၄၇)သန်းဖြင့် ကျောက်စီကမ်းကပ်ခုံနှင့် ကွန်ကရစ်ကြမ်းခင်းလမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်တံတား(၅)စင်းအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များတွင် နှစ်အလိုက်ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊မေးခွန်း(ခ) ထမံသီ-လေရှီး-ပန်ဆပ်-ဆွမ်ဝရာလမ်းမှာ မျက်ကွယ်ကွေ့ လမ်းကျဉ်းနေရာများအား တောင်ဖြိုလမ်းချခြင်း/ Grade ချခြင်းကို မိုင်တိုင် ၆ မိုင် ၄ ဖာလုံမှ မိုင်တိုင် ၅၂ မိုင် ၄ ဖာလုံကြားရှိ စုစုပေါင်းလမ်းမိုင် ၁၀ မိုင် ၁ ဖာလုံ ဆောင်ရွက်ပေးရန် လိုအပ်လှက်ရှိသော်လည်း ရန်ပုံငွေကန့်သတ်ချက်အရ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ လျာထားတင်ပြနိုင်ခြင်းမရှိသေးပါကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်များတွင် လမ်းအပိုင်းအလိုက် နှစ်စဉ် ရန်ပုံငွေများ တင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မေးခွန်း(ဂ)အနေဖြင့် အတက်အဆင်းမတ်ဆောက်ပြီး ပျက်စီးနေသော ကတ္တရာလမ်းပိုင်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ရန် ရန်ပုံငွေ ကန့်သတ်ချက်အရ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ လျာထားနိုင်ခြင်းမရှိခဲ့ပါကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေ လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးစိုင်းစံလှစိုး၊ ဟုမွလင်း(၁)



လူမှုရေးရာဝန်ကြီး

ဟုမွလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးစိုင်းစံလှစိုးက ဟုမွလင်းမြို့နယ်အတွင်းရှိ မဟာဗျူဟာလမ်း သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမွလင်း-ခန္ဓီးလမ်းအပိုင်း ဟုမွလင်း-နောင်ပိုအောင်ကြားရှိ ကွန်ကရစ်ခင်းရန် ကျန်ရှိသည့် လမ်းအပိုင်းအား ဦးစားပေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လှုပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး (ကိုယ်စား) လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်က ဟုမွလင်း-နောင်ပိုအောင်လမ်းပိုင်းသည် မိုင်တိုင် (၁၉၉/၄-၁၈၆/၀)အတွင်း လမ်းပိုင်းဖြစ်ပြီး (၁၃ မိုင် ၄ ဖာလုံ)ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် ကွန်ကရစ်လမ်း (၈ မိုင်)၊ ကတ္တရာလမ်း (၁. ၇၁ ဖာလုံ)၊ အမာခံလမ်း (၅ မိုင် ၂. ၃ ဖာလုံ) ဖြစ်ပါကြောင်း၊ ဟုမွလင်း-နောင်ပိုအောင်လမ်းပိုင်း မိုင်တိုင် (၁၉၉/၄-၁၈၆/၀)အတွင်း ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် မပါရှိသော်လည်း ရန်ပုံငွေ (၄၄၀. ၅)သန်းဖြင့် Box curvert တည်ဆောက်ခြင်း(၂)စင်း၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်း(၁)စင်း၊ တိုင်းဒေသကြီး သာမန်ရန်ပုံငွေ(၁၉. ၃)သန်းဖြင့် လမ်းမျက်နှာပြင် ပျက်စီးခြင်းများအား ကျောက်ရောမြေဖြင့် ပြုပြင်ခြင်း၊ (၁. ၇၅ ဖာလုံ) ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အမာခံလမ်းအဖြစ် ကျန်ရှိသည့် (၅ မိုင်၊

ဧမးစွန်းမှား ဧမးမြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ



ဦးအောင်မင်းကျော်သူ၊ ဘုတလင်(၁)



စီမံကိန်း၊ စီပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး

ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးအောင်မင်းကျော်သူက အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်အကြပ်ကိုင်မှုများကြောင့် ဌာနမှ နှုတ်ထွက်ခဲ့ကြရသည့် ဝန်ထမ်းများအား သနားငဲ့ညှာသောအားဖြင့် အလုပ်ပြန်ဝင်လိုပါက ပြန်ဝင်နိုင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ပြန်မဝင်နိုင်သည့် သူများကိုလည်း သေချာစွာစိစစ်၍ သင့်တင့်သည့် ပင်စင်မျိုး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦးက မေးခွန်းပါဝန်ထမ်းများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့အစိန့်ကြော်ငြာစာအမှတ်(၆၉/၂၀၂၄)ဖြင့် ထုတ်ဝေထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးတင်မင်းထွဋ် က ဖောင်းပြင်မြို့၊ ကျွန်းရွှေဝါရပ်ကွက်၊ အမှတ်(၈၇)မူလတန်းလွန်ကျောင်းအား အလယ်တန်းခွဲ(သို့)အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်က ၂၀၂၆ ခုနှစ်၊ ဧပြီလ(၂၇)ရက်နေ့မှ (၂၈)ရက်နေ့အထိ အခြေခံပညာဦးစီးဌာနနေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်းများအရ ကျောင်းများ အဆင့်တိုးမြှင့်ရာတွင် သတ်မှတ်ထားသည့် ကျောင်းသားဦးရေ သတ်မှတ်ထားသည့် ကျောင်းအကျယ်အဝန်းတို့ ရှိရန် လိုအပ်ပါကြောင်း၊ အလယ်တန်းကျောင်းသည် အထက်တန်းကျောင်းနှင့် (၃)မိုင်ခန့်အကွာအဝေးတွင် ရှိရမည်ဖြစ်ပြီး တောင်ပေါ်မြစ်ချောင်းများခံပါက (၂)မိုင်အကွာအဝေးနှင့်အထက် ရှိရမည် ဖြစ်ပါကြောင်း၊ ကျောင်းအဆင့်တိုးမြှင့်လိုပါက ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ သဘောတူညီချက်၊ တောင်းဆိုချက်များနှင့် သက်ဆိုင်ရာကျောင်းအုပ်မှူးမြို့နယ်ပညာရေးမှူးရုံးသို့ တင်ပြလျှောက်ထားရမည်ဖြစ်ပါကြောင်း၊ မြို့နယ်ပညာရေးမှူးရုံးသို့ တင်ပြလျှောက်ထားရမည်ဖြစ်ပါကြောင်း၊ မြို့နယ်



ဦးတင်မင်းထွဋ်၊ ဖောင်းပြင်(၁)



လူမှုရေးရာဝန်ကြီး

ပညာရေးမှူးမှ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီး ခရိုင်ပညာရေးမှူးရုံး၊ ၇င်းမှ တိုင်းပညာရေးမှူးရုံး၊ ၇င်းမှ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ကျောင်းအဆင့်တိုးမြှင့်ခြင်း လုပ်ငန်းစဉ် များအား ပညာရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်စားလှယ်ကြီး မေးမြန်းသည့် အ. မ. က မူလတန်းလွန်ကျောင်း ကျွန်းရွှေဝါသည် အထက်တန်းကျောင်း ဖောင်းပြင်နှင့်(၂)မိုင်ခန့် ကွာဝေးပါကြောင်း၊ ကျောင်း၏ အကျယ်အဝန်းသည် (၁. ၆၉၈)ကေသာရှိပါကြောင်း၊ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ခြင်းအား ဆောင်ရွက်လိုပါက သတ်မှတ်ချက်များနှင့်အညီ မြို့နယ်ပညာရေးမှူးရုံးမှ တစ်ဆင့် အဆင့်ဆင့် တင်ပြတောင်းခံနိုင်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးအောင်လင်းဆန်း က ရေဦးမြို့တွင် လက်ရှိဖွင့်လှစ်ထားသော စာသင်ကျောင်း(၁၀)ကျောင်းမှ ကျောင်းသား/သူများအတွက် ကျောင်းသုံးပစ္စည်းများအား ကျောင်းဖွင့်ချိန်အမီ အဆင်ပြေချောမွေ့စွာ သယ်ယူနိုင်ရေးနှင့် ကျောင်းဖွင့်ချိန်တွင် ဆရာ/မများနှင့် ဝန်ထမ်းများ သွားလာရေး အဆင်ပြေစေရန် ဓာတ်ဆီလုံလောက်စွာ ရောင်းချပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်က နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် ပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်ရုံးများသို့ အရောက် ပို့ဆောင်ပေးလျက်ရှိပါကြောင်း၊ လက်ရှိလုံခြုံရေးအခြေအနေအရ သွားလာရန်ခက်ခဲသောခရိုင်၊ မြို့နယ်များသို့လည်း ရနိုင်သမျှသော နည်းလမ်းများအသုံးပြု၍ ပို့ဆောင်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ရေဦးမြို့နယ်အတွင်း ဖွင့်လှစ်ထားသောကျောင်း(၁၀)ကျောင်းရှိပါကြောင်း၊ ၎င်းကျောင်းမှ ကျောင်းသူ/သားများအတွက် ကျောင်းသုံးပစ္စည်းများကို လမ်းခရီးလုံခြုံရေးအခြေအနေများကြောင့် ပေးပို့ဖြန့်ဝေရန် အခက်အခဲရှိပါကြောင်း၊ ကျောင်းသုံးဗလာစာအုပ် ၃၀၀ ဒါဇင်အား ၂၅-၃-၂၀၂၆ ရက်နေ့တွင် တပ်မတော်ရဟတ်ယာဉ်(၁)ကြိမ်ဖြင့် ပေးပို့ထားပြီးဖြစ်ပါကြောင်း၊

ဧမးခွန်းများ ဧမးဖြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ

၂. ၃ ဖာလုံ)အား သတ်မှတ်လမ်းအကျယ်ရရှိရန် (၄၀ ပေ)အကျယ် လမ်း တာပေါင်တင်ခြင်းနှင့် (၁၈ ပေ)အကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လာမည့်ဘဏ္ဍာရေးနှစ်များတွင် လမ်းအပိုင်းအလိုက် ရန်ပုံငွေလျာထားတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်အပေါ် မူတည်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးကျော်စိုးဦး၊ ခင်ဦး(၂)



စည်ပင်သာယာရေးဝန်ကြီး

ခင်ဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးကျော်စိုးဦးက မြင်းမူမြို့အတွင်းရှိ ဓာတ်မြေဩဇာ၊ ပိုးမွှားကာကွယ်ဆေး အစရှိသော စိုက်ပျိုးရေးသုံးသွင်းအားစုများ ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရသဖြင့်လည်းကောင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာ(၁၀၆၂)စီးအတွက် စက်သုံးဆီများကိုလည်းကောင်း သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရောင်းချပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး (ကိုယ်စား)စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က မြင်းမူမြို့နယ်သည် ၂၀၂၆-၂၀၂၇ မိုးစပါးစိုက်ပျိုးရာသီ၌ (၁၂၁၃၈)ဧကော လျာထားစိုက်ပျိုးသွားမည်ဖြစ်ရာ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး(၂၅၀၀)ဧကော စိုက်ပျိုးရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပြီး မျိုး၊ မြေ၊ ရေ နည်းလမ်းများနှင့်အညီ လိုအပ်သည့် သွင်းအားစု ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိရေးအတွက် မိုးစပါးပန်းတိုင်(၂၅၀၀)ဧကအတွက် ယူရီးယားဓာတ်မြေဩဇာ စွမ်းအင်မှ (၃၃၇၅)အိတ် သမ/ကျေးလက်မှ (၃၇၅)အိတ် စုစုပေါင်း(၃၇၅၀)အိတ် တင်ပြထားရှိပြီးဖြစ်ပါကြောင်း၊ ကျန်မိုးစပါးစိုက်ဧက(၉၆၃၈)အတွက် လိုအပ်သည့် ယူရီးယားဓာတ်မြေဩဇာများကိုလည်း ထပ်မံတင်ပြပြီး ရောင်းချရန် ခွင့်ပြုချက်ရပါက တောင်သူများလက်ဝယ်သို့ သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချ နိုင်ရေး သက်ဆိုင်ရာဌာနများမှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဈေးနှုန်းများသည့် သွင်းအားစု ဓာတုပိုးသတ်ဆေးများအစား သဘာဝပိုးသတ်ဆေးများ ပြုလုပ်၍လည်းကောင်း၊ တမာပိုးသတ်ဆေးများ ဝယ်ယူဖြန့်ဖြူးခြင်းဖြင့်လည်းကောင်း အစားထိုးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြင်းမူမြို့နယ်အတွင်း လယ်ယာသုံးစက်သုံးဆီများအတွက် ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီများမှ တစ်ဆင့် မြင်းမူမြို့နယ်အတွင်း ရောင်းချလျက်ရှိသည့် ဆီဆိုင်များနှင့် ချိတ်ဆက်ပြီး မိုးစပါးစိုက်ကေပြည့်မီရေး၊ မြေပြုပြင်ခြင်းလုပ်ငန်းများ (၈၀၈၈)ကေအတွက် ဒီဇယ်(၄)ဂါလံနှုန်းဖြင့်(၃၂၃၅၂)ဂါလံ၊ ရေတင်ခြင်းလုပ်ငန်းတွင်(၂၀၈၃)ကေအတွက် ဒီဇယ်(၄)ဂါလံနှုန်းဖြင့်(၈၃၃၂)ဂါလံ၊ ရိတ်သိမ်းခြင်းလုပ်ငန်းတွင် (၄၀၄၅)ကေအတွက် ဒီဇယ်(၄)ဂါလံနှုန်းဖြင့်(၁၆၁၈၀)ဂါလံ၊ ခြွေလှေ့သယ်ယူခြင်းလုပ်ငန်းတွင်(၆၀၆၆)ကေအတွက် ဒီဇယ်(၁. ၅)ဂါလံနှုန်းဖြင့် (၉၀၉၉)ဂါလံ စုစုပေါင်း(၆၅၆၅)ဂါလံ တင်ပြထားပြီး ဖြစ်ကြောင်းနှင့်ခွင့်ပြုချက်ရရှိပါက စက်သုံးဆီဆိုင်များမှတစ်ဆင့် တောင်သူများ လက်ဝယ်သို့ ဖြန့်ဖြူးရောင်းချနိုင်ရေး သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

× × × × × × ×

မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်ကြူကြူစိန်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ (က) ပါ ဥပဒေပြုရေးကဏ္ဍ ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အဆောက်အဦနှင့် ပတ်ဝန်းကျင်အား (၁၂)လရာသီ စိမ်းလန်းစိုပြေသန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ ဌာနတစ်ခုအား သီးသန့်တာဝန်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် ဒုတိယမေးခွန်းအနေဖြင့် မုံရွာမြို့ မြို့ပေါ်ရပ်ကွက်ရှိ အများပြည်သူသွားလာနေသော လမ်းမကြီးများ အပေါ်ထိရောက်အောင် ကျူးကျော်ပြီး ရောင်းချမည့် ပစ္စည်းများ စုပုံခြင်းတို့ကို သက်ဆိုင်ရာဌာနများမှ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံးအဆောက်အဦပတ်ဝန်းကျင်သန့်ရှင်းရေး၊ အပြိုက်သိမ်းဆည်းရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သာယာလှပရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝန်းအတွင်းဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေးအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်အဆောက်အအုံပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ရုပ်ပိုင်းဆိုင်ရာကဏ္ဍများကိုအကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် ဌာနများမှ ဌာနစုအလိုက် တာဝန်ပေးအပ်နိုင်ရေး တိုင်းဒေသကြီးလွှတ်တော် သန့်ရှင်းသာယာလှပရေးအတွက်

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(အဋ္ဌမနေ့)ကျင်းပ



တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယမှန်အစည်းအဝေး(အဋ္ဌမနေ့) ကို (၁၆- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၇၅) ဦးတို့ တက်ရောက်ကြပါသည်။

ဧမးခွန်းများ ဧမးဖြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ



ဦးကျော်လွင်ဦး၊ ကသာ(၂)



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး

သြဂုတ်လ ၂၃ ရက်နေ့တွင် တိုက်ခိုက်ခဲ့သဖြင့် ခေတ္တလက်လွတ်ခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကသာမြို့တွင် အခြေပြု၍ နဘား၊ အင်းတော်၊ မော်လူးသို့ ချီတက်သိမ်းပိုက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် အင်းတော်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပါကြောင်း၊ အင်းတော်မြို့အား ပြန်လည်ထိန်းချုပ်ပြီးနောက် မြို့နေပြည်သူလူထု လုံခြုံမှုအတွက် နယ်မြေရှင်းလင်းခြင်း၊ မိုင်းရှင်းလင်းခြင်း လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှစ၍ အင်းတော်ဒေသခံပြည်သူများ စတင်ဝင်ရောက်နေထိုင်ခဲ့ပါကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအား မုံရွာမြို့မှတစ်ဆင့် စစ်ကိုင်း-ထီးချိုင့်-ကသာ-အင်းတော် လမ်းကြောင်းအတိုင်း လုံခြုံရေးယာဉ်များဖြင့် ၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် အင်းတော်မြို့သို့ ပို့ဆောင်ခဲ့ပါကြောင်း၊ ဒေသခံပြည်သူများ စတင်ဝင်ရောက်နေထိုင်ခဲ့သည့် ၂၀၂၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ အမျိုးသား(၃၅)ဦး၊ အမျိုးသမီး(၇၄)ဦး၊ စုစုပေါင်း(၁၀၉)ဦး ဝင်ရောက်နေထိုင်လျက်ရှိပြီး ယခုအခါ မန္တလေးမြို့မှ အင်းတော်မြို့သို့ ယခင်အခြေအနေများထက် လုံခြုံရေးပိုမိုကောင်းမွန်စွာ သွားလာနိုင်ပါကြောင်း၊ မြို့နေပြည်သူလူထုလုံခြုံရေးအတွက် လိုအပ်သည့်လုံခြုံရေးဆိုင်ရာကိစ္စများအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များဖြင့် ပူးပေါင်းပြီး ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ကသာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်လွင်ဦးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လုံခြုံရေးအရ ပြန်လည်ထိန်းချုပ်နိုင်သော မြို့နယ်များတွင် တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့အစီအမံများ ဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက အင်းတော်မြို့အား KIA/PDFသောင်းကျန်းသူများမှ ၂၀၂၄ ခုနှစ်၊

ဓမ္မနွန်းများ ဓမ္မမြန်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဒေါ်ကြကြစိန်၊ မုံရွာ(၂)



စည်ပင်သာယာရေးဝန်ကြီး

သီးသန့် သန့်ရှင်းရေးအဖွဲ့ထားရှိရန် လိုအပ်သည့်အသုံးစရိတ်များကို ရသုံးခန့်မှန်း ခြေစာရင်းတွင် ထည့်သွင်းရေးဆွဲပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း ဖြေကြားခဲ့ပါသည်။

ဒုတိယမေးခွန်းနှင့်ပတ်သက်၍ မုံရွာမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ကျူးကျော်စွေးသည်များကို လမ်းမကြီးများ၊ လမ်းဘေးဝဲယာတစ်လျှောက် စွေးရောင်းချမှုမပြုဘဲ သတ်မှတ်ထားသည့် စွေးများတွင် သွားရောက်ရောင်းချရန် လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေး၊ လမ်းကြောပိတ်ဆို့မှု မဖြစ် ပေါ်စေရေး၊ စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ယာဉ်များ၊ စနစ်တကျရပ်နားထားရှိရန် နှင့် အမှိုက်ကန်များကို လမ်းမကြီးပေါ်တွင် လွယ်လင့်တကူမစွန့်ပစ်ဘဲ အဖွဲ့မှ သတ်မှတ်ထားသည့် အမှိုက်ကန်၊ အမှိုက်ပုံးများတွင် သွားရောက်စွန့်ပစ်ရေးကို စည်ပင်သာယာရေးဝန်ထမ်း(၂)ဖွဲ့ဖြင့် မေတ္တာရပ်ခံသည့် နည်းလမ်းများ၊ စည်းရုံးသည့် နည်းလမ်းများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနည်းလမ်း၊ အသိပညာပေးခြင်းနည်းလမ်းတို့နှင့် စည်းကမ်းထိန်းသိမ်းဆောင်ရွက်နေပါကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ရန် ပြည်သူများ ပူပေါင်းပါဝင်ရေး၊ စည်ပင်သာယာရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ ပြစ်မှုပြစ်ဒဏ်များကို သိရှိလိုက်နာစေရေး အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူ၍ နှိုးဆော်စည်းရုံးခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုက်နာဆောင်ရွက်ခြင်းမရှိသူများကိုလည်း သတိပေးအကြောင်းကြားစာ(၃)ကြိမ် ပေးပို့သွားမည်ဖြစ်ပြီး လိုအပ်ပါက တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် လက်ရှိတွင် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့(၂)ဖွဲ့နှင့် လုပ်ဆောင် ရာတွင် တိုးတက်မှုများရှိပါကြောင်း၊ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ယခင်က စွေးသည်များရှိပါကြောင်း ယခုအခါတွင် လုံးဝပပျောက်သည့်အနေအထားမဟုတ် သော်လည်း လျော့နည်းသွားကြောင်း၊ ပြင်ပရွှေရောင်းဝယ်သည့်ဆိုင်များသည် လမ်းဘေး ပလက်ဖောင်းပေါ်တွင် ကျူးကျော်နေခြင်းအား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွှေတော်ဝင် ဆေးခန်းရှေ့တွင် ဆိုင်ကယ်များ၊ ကားများ ရပ်နားမှုစနစ်မကျခြင်းကိုလည်း ပိုင်ရှင် များအား ခေါ်ယူအသိပေးခြင်းများ လုပ်ဆောင်နေပါကြောင်း၊ ကျောက္ကာလမ်းမကြီး ပေါ်ရှိ မြနဂါးစတိုးဆိုင်ရှေ့တွင်လည်း လမ်းဘေး Traffic Jump များ ဆိုင်ရှေ့ ရပ်နားထားသည့်များကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားခဲ့ပါသည်။

× × × × × × ×

၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ(၁၀)အရ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဥပဒေကြမ်းများ တင်သွင်းခြင်း အာဆိုတင်သွင်းခြင်း၊ မေးခွန်းမေးမြန်းခြင်းပြုနိုင်သည်။

အထူးကိစ္စရပ်များ လေ့လာစုံစမ်းစီစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

လွှတ်တော်ဥက္ကဋ္ဌမှ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးကိစ္စရပ်များ လေ့လာစုံစမ်းစီစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဦးမင်းမင်းဇေယျာမြင့်၊ စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)၊ အတွင်းရေးမှူး-၁ အဖြစ် ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး-၂ အဖြစ် ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)နှင့် အဖွဲ့ဝင်များအဖြစ်-

(၁) ဦးသောင်းစိန်၊ ကလေးမြို့
(၂) ဦးဌေးအောင်၊ ကလေးမြို့
(၃) ဦးသန်းအေး၊ ကလေးမြို့
(၄) ဦးတင်ဝင်း၊ ကသာမြို့
(၅) ဦးစိန်ထွန်း၊ ကသာမြို့
(၆) ဦးစိုးနိုင်၊ စစ်ကိုင်းမြို့
(၇) ဦးရဲမြင့်အောင်၊ စစ်ကိုင်းမြို့
(၈) ဦးအောင်ညီဦး၊ မုံရွာမြို့
(၉) ဦးဟန်ဇော်ထွန်း၊ မုံရွာမြို့
(၁၀) ဦးမျိုးဝင်းကြီး၊ မုံရွာမြို့
(၁၁) ဦးထွန်းထွန်းဦး၊ မုံရွာမြို့
(၁၂) ဦးကျော်စိုး၊ မုံရွာမြို့
(၁၃) ဦးမင်းဆန်း၊ မုံရွာမြို့
(၁၄) ဦးသိန်းဇော်၊ မော်လိုက်မြို့
(၁၅) ဦးခင်မောင်ဆွေ၊ ဟုမ္မလင်းမြို့
(၁၆) ဦးတင်မောင်ဦး၊ ဟုမ္မလင်းမြို့
(၁၇) ဦးမောင်ဆွေ၊ ယင်းမာပင်မြို့
(၁၈) ဦးစိုးမြင့်၊ ရွှေဘိုမြို့
(၁၉) ဦးကျော်ဝင်း၊ ကောလင်းမြို့
(၂၀) ဦးတင်မြင့်၊ တန့်ဆည်မြို့
(၂၁) ဦးရှိသီး၊ လေရှိုးမြို့
(၂၂) ဦးခင်မောင်ရွှေ၊ တမူးမြို့
(၂၃) ဦးသန်းစိန်၊ ကန့်ဘလူမြို့
(၂၄) ဦးဉာဏ်တင့်၊ ကန့်ဘလူမြို့
(၂၅) ဦးဟတ္ထိရန်းနီ၊ ခန္တီးမြို့
(၂၆) ဦးစိန်သောင်း၊ ထီးချိုင့်မြို့
(၂၇) ကြည်း-၄၁၂၇၂၊ ပိုလ်မှူးကြည်သာအောင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် နှင့် သက်တမ်းတို့ကို လွှတ်တော်ကသဘောတူအတည်ပြုကြောင်း ကြေညာပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၂၆ခုနှစ်၊ ဇွန်လ (၁၆)ရက်၊ အင်္ဂါနေ့၊ နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါသည်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့အခမ်းအနားကို (၁၁း၀၅) နာရီတွင် ရပ်နားပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒသမနေ့)ကျင်းပ



တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယမှန်အစည်းအဝေး(ဒသမနေ့) ကို (၁၈- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၇၉) ဦးတို့ တက်ရောက်ကြပါသည်။

ဓမ္မစွန်းမှား ဓမ္မဖြန်းခြင်း၊ ဓမ္မကြားခြင်းကထာ



ဦးအောင်မင်းကျော်သူ၊ ဘုတလင်(၁)



စိမ်ကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး

ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးအောင်မင်းကျော်သူက ယခင်ဒုတိယအကြိမ်တိုင်းဒေသကြီးအစိုးရအဖွဲ့ သက်တမ်းကာလ မြို့နယ်(၃၇)မြို့နယ်သို့ ချထားပေးသော မြေသယ်ယာ၌၊ မြေကော်ယာဥနှင့် လမ်းကြိတ်စက်ယာဉ်များကို ယခုအခါ မည်သူမှ ထိန်းသိမ်းစောင့်ရှောက်ထားသည်၊ ဌာနဆိုင်ရာများနှင့် ဌာနဆိုင်ရာများမှ ဌာနဆိုင်ခြင်းအတွက် စက်ပေါင်းတစ်နာရီ(၁၀၀၀/-)ကျပ် အပါအဝင် ဘတ်ဟိုး(၈)နာရီ တစ်ဂျူတီအတွက်(၁၅၀၀၀၀/-)ကျပ်၊ လမ်းကြိတ်စက်(၈)နာရီ တစ်ဂျူတီအတွက်(၁၀၀၀၀၀/-)ကျပ်၊ မြေသယ်ယာဉ်(၈)နာရီတစ်ဂျူတီအတွက် (၈၀၀၀၀/-)ကျပ်နှုန်းဖြင့် သတ်မှတ်ထားပြီးဌာနရေးခြင်းအတွက် ဌာနအဖွဲ့အစည်း ရေးခြင်းအတွက် ဌာနအဖွဲ့အစည်းများ မည်မျှရရှိကောက်ခံထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦးက ၂၀၂၁ ခုနှစ်၊ နိုင်ငံရေးဖြစ်စဉ်ဖြစ်ပြီးနောက်ပိုင်းတွင် ယာဉ်နှင့် ယန္တရားကြီးကြပ်ရေးကော်မတီအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ပါဝင်သည့် အဖွဲ့ဝင်(၈)ဦးဖြင့် မြို့နယ်အလိုက် ပြန်လည်ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ယာဉ်နှင့်ယန္တရားများကို လုပ်ငန်းဆောင်ရွက်ရာတွင် ကော်မတီဝင်များမှ တွေ့ဆုံညှိနှိုင်းမှတ်တမ်းဖြင့် ဦးစားပေးလုပ်ငန်းများအလိုက် ဆောင်ရွက်စေခဲ့ပါကြောင်း၊ ယာဉ်နှင့်ယန္တရားများ လုပ်ငန်းဆောင်ရွက်ရာတွင် ရန်ပုံငွေ ကောက်ခံမှုနှင့် ပတ်သက်ပြီး ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ငွားရမ်းခြင်းအတွက် စက်မောင်းတစ်နာရီ(၁၀၀၀/)ကျပ်အပါအဝင် ဘတ်ဟိုး(၈)နာရီ တစ်ဂျူတီအတွက် (၇၅၀၀၀/-)ကျပ် လမ်းကြိတ်စက်(၈)နာရီတစ်ဂျူတီအတွက် (၅၀၀၀၀/-)ကျပ်၊ မြေသယ်ယာဉ် (၈)နာရီ တစ်ဂျူတီအတွက် (၄၀၀၀၀/-)ကျပ်ဖြင့် ငွားရမ်းဆောင်ရွက်ရန်ဆုံးဖြတ်ထားပါကြောင်း၊

ဓမ္မစွန်းမှား ဓမ္မဖြန်းခြင်း၊ ဓမ္မကြားခြင်းကထာ



ဦးမြင့်ကျော်၊ မင်းကင်း(၂)



စည်ပင်သာယာရေးဝန်ကြီး

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က ဦးဖိုးကြောင်း၏ နေအိမ်အရှေ့မှ ဦးသိန်းအောင်၏ နေအိမ်အရှေ့အထိ ပျက်စီးနေသည့်လမ်းပိုင်းအား မင်းကင်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ကွင်းဆင်းတိုင်းတာရာတွင် အဆိုပါအိမ်နှစ်အိမ်ကြားရှိ မူလကွန်ကရစ်လမ်းသည် အရှည် ၁၈၉၀ ပေ၊ အကျယ် ၁၈ ပေရှိသည့်အနက် ၆၇၀ ပေသည် ကွန်ကရစ်လမ်းသားများ ပျက်စီးနေပါကြောင်း၊ ပျက်စီးနေသည့် စုစုပေါင်း ၁၁၇၀ ပေ၊ အကျယ် ၈၀ ပေအား ဒေသန္တရစီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေ ရရှိမှုပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းရန် အာမည်စာရင်းတင်သွင်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖ(၂၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးမင်းမင်းဇေယျာမြင့် စစ်ကိုင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)
(၂) ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၃) ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၄) ဦးဌေးအောင်၊ ကလေးမြို့
(၅) ဦးသန်းအေး၊ ကလေးမြို့
(၆) ဦးတင်ဝင်း၊ ကသာမြို့
(၇) ဦးစိန်ထွန်း၊ ကသာမြို့
(၈) ဦးစိုးနိုင်၊ စစ်ကိုင်းမြို့
(၉) ဦးရဲမြင့်အောင်၊ စစ်ကိုင်းမြို့
(၁၀) ဦးဟန်ဇော်ထွန်း၊ မုံရွာမြို့
(၁၁) ဦးမျိုးဝင်းကြီး၊ မုံရွာမြို့
(၁၂) ဦးထွန်းထွန်းဦး၊ မုံရွာမြို့
(၁၃) ဦးကျော်စိုး၊ မုံရွာမြို့
(၁၄) ဦးသိန်းဇော်၊ မော်လိုက်မြို့
(၁၅) ဦးခင်မောင်ဆွေ၊ ဟူမလင်းမြို့
(၁၆) ဦးမောင်ဆွေ၊ ယင်းမာပင်မြို့
(၁၇) ဦးစိုးမြင့်၊ ရွှေဘိုမြို့
(၁၈) ဦးကျော်ဝင်း၊ ကောလင်းမြို့
(၁၉) ဦးတင်မြင့်၊ တန့်ဆည်မြို့
(၂၀) ဦးရှိသီး၊ လေရှိုးမြို့
(၂၁) ဦးခင်မောင်ရွှေ၊ တမူးမြို့
(၂၂) ဦးသန်းစိန်၊ ကန့်ဘလူမြို့
(၂၃) ဦးဥာဏ်တင့်၊ ကန့်ဘလူမြို့
(၂၄) ဦးစိန်သောင်း၊ ထီးချိုင့်မြို့
(၂၅) ကြည်း-၄၁၂၇၂၊ ဗိုလ်မှူးကြည်သာအောင်

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ဖြစ်ပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ဦးမင်းမင်းဇေယျာမြင့်၊ စစ်ကိုင်းမြို့နယ်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)၊ အတွင်းရေးမှူး(၁)အဖြစ် ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူး(၂)အဖြစ် ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ တို့ကို တာဝန်ပေးအပ်ဖွဲ့စည်း သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၁၂-၆-၂၀၂၆)ရက် ညနေ(၁၆း၃၀) အချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံး အကြီးအမှူးထံ အမည်စာရင်းပေးပို့ကြရန် ကြေညာခဲ့ပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၂၆ခုနှစ်၊ ဇွန်လ (၁၂)ရက်၊ သောကြာနေ့ နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါသည်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဋ္ဌမနေ့အခမ်းအနားကို (၁၁း၀၇) နာရီတွင် ရုပ်နားပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကျင်းပ



တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယမှန်အစည်းအဝေး(ဆဋ္ဌမနေ့) ကို (၁၂- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၇၅) ဦးတို့ တက်ရောက်ကြပါသည်။

ဧမးခွန်းများ ဧမးဖြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ



ဒေါ်ကြူကြူစိန်၊ မုံရွာ(၂)



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး

မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်ကြူကြူစိန် က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့လွယ်ကူလုံခြုံ မြန်ဆန်စွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် ဒုတိယမေးခွန်းအနေဖြင့် မုံရွာမြို့နယ်လဝကနုံးအနေဖြင့် မှတ်ပုံတင် ပြုလုပ်ရာ၌ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအတွင်းသို့ ကွင်းဆင်းပြီး One Stop Service ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ပြည်သူများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အစိုးရအနေဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် လမ်းခရီးခွဲ စစ်ဆေးရေးဂိတ်များ၊ လုံခြုံရေးအဖွဲ့များအား ငွေကြေးကောက်ခံမှုမရှိစေရေးအတွက် သက်ဆိုင်ရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများသို့လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ သက်ဆိုင်ရာကွပ်ကဲမှုဌာနချုပ်နှင့် တပ်နယ်များသို့လည်းကောင်း၊ ညွှန်ကြားချက်များထုတ်ပြန်ပြီး အကြိမ်ကြိမ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ လုံခြုံရေးအဖွဲ့ဝင်များအနေဖြင့် ဖြတ်သန်းသွားလာသည့် ကုန်ပစ္စည်းများအား ငွေကြေးကောက်ခံမှုမရှိစေရေး၊ ကောက်ခံပါက ပြင်းပြင်းထန်ထန် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ကြောင်းကို လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် အရာရှိစစ်သည်များနှင့်ဌာနဆိုင်ရာများအား သိရှိကြောင်း အကြိမ်ကြိမ် သတိပေးလက်မှတ်ရေးထိုးထားသည့် မှတ်တမ်းများရှိကြောင်း ငွေကြေးကောက်ခံမှုနှင့် ပတ်သက်၍ တာဝန်ရှိသူ အရာရှိ(၇)ဦး၊ အခြားအဆင့်(၁)ဦး၊ စုစုပေါင်း(၈)ဦးအား စစ်စည်းကမ်းအရ ထိရောက်စွာအရေးယူဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင်

စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီဖွဲ့စည်းမှုအား လွှတ်တော်၏ အာဏာပြဋ္ဌာန်းရယူခြင်း

လွှတ်တော်ဥက္ကဋ္ဌမှစစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)၊ အတွင်းရေးမှူး-၁အဖြစ် ဒေါ်အေးအေးသန်း၊ ကသာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)၊ အတွင်းရေးမှူး-၂အဖြစ် ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)နှင့် အဖွဲ့ဝင်များအဖြစ်-

(၁) ဦးကျော်လွင်ဦး၊ ကသာမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးမြင့်တင်၊ ကွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးမြင့်လေး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၅) ဦးသက်လွင်၊ အင်းတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးခင်မောင်လွင်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၇) ကြည်း-၅၁၆၄၀၊ ဗိုလ်မှူးနေလင်းထွန်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၈) ကြည်း-၇၄၄၅၀၊ ဗိုလ်ကြီးထက်အောင်ရွှိုင်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဖွဲ့စည်းရန်အတွက် အာမည်စာရင်းတင်သွင်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အားကော်မတီဝင်ဦးရေ(၁၁)ဦးဖြင့်ဖွဲ့စည်းမည်ဖြစ်ပြီး၊ ဖွဲ့စည်းရန်လျာထားသော လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးမင်းဇော်၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးတိုးမြင့်၊ ဒီပဲယင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးမင်းဆွေ၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးအုံကျော်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဒေါ်ဆန်းစစ်ရှိန်၊ လေရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၁၀) ကြည်း-၅၃၇၂၈၈၊ ဗိုလ်မှူးငြိမ်းချမ်းကို
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၁၁) ကြည်း-၅၃၄၁၇၊ ဗိုလ်ကြီးရဲရဲနိုင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ဖြစ်ပြီး

ကော်မတီဥက္ကဋ္ဌအဖြစ် ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး-၁ အဖြစ် ဦးကျော်နိုင်ဝင်း၊ ယင်းမာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး-၂ အဖြစ် ဒေါ်ဆန်းစစ်ရှိန်၊ လေရှိုးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)တို့ကို တာဝန်ပေးအပ် ဖွဲ့စည်း သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၁၇-၆-၂၀၂၆)ရက် ညနေ(၁၆း၀၀)အချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံး အကြီးအမှူးထံ အမည်စာရင်းပေးပို့ကြရန် ကြေညာခဲ့ပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒသမနေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၈)ရက်၊ ကြာသပတေးနေ့၊ နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါသည်။

[တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို (၁၁း၀၅)နာရီအချိန်တွင် ရပ်နားပါသည်]

ဧမးခွန်းများ ဧမးဖြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ

၂. ၃ ဖာလုံ)အား သတ်မှတ်လမ်းအကျယ်ရရှိရန် (၄၀ ပေ)အကျယ် လမ်း တာပေါင်တင်ခြင်းနှင့် (၁၈ ပေ)အကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လာမည့်ဘဏ္ဍာရေးနှစ်များတွင် လမ်းအပိုင်းအလိုက် ရန်ပုံငွေလျာထားတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်အပေါ် မူတည်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×



ဦးကျော်စိုးဦး၊ ခင်ဦး(၂)



စည်ပင်သာယာရေးဝန်ကြီး

ခင်ဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးကျော်စိုးဦးက မြင်းမူမြို့အတွင်းရှိ ဓာတ်မြေဩဇာ၊ ပိုးမွှားကာကွယ်ဆေး အစရှိသော စိုက်ပျိုးရေးသုံးသွင်းအားစုများ ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရသဖြင့်လည်းကောင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာ(၁၀၆၂)စီးအတွက် စက်သုံးဆီများကိုလည်းကောင်း သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရောင်းချပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး (ကိုယ်စား)စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က မြင်းမူမြို့နယ်သည် ၂၀၂၆-၂၀၂၇ မိုးစပါးစိုက်ပျိုးရာသီ၌ (၁၂၁၃၈)ဧကော လျာထားစိုက်ပျိုးသွားမည်ဖြစ်ရာ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး(၂၅၀၀)ဧကော စိုက်ပျိုးရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပြီး မျိုး၊ မြေ၊ ရေ နည်းလမ်းများနှင့်အညီ လိုအပ်သည့် သွင်းအားစု ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိရေးအတွက် မိုးစပါးပန်းတိုင်(၂၅၀၀)ဧကအတွက် ယူရီးယားဓာတ်မြေဩဇာ စွမ်းအင်မှ (၃၃၇၅)အိတ် သမ/ကျေးလက်မှ (၃၇၅)အိတ် စုစုပေါင်း(၃၇၅၀)အိတ် တင်ပြထားရှိပြီးဖြစ်ပါကြောင်း၊ ကျန်မိုးစပါးစိုက်ဧက(၉၆၃၈)အတွက် လိုအပ်သည့် ယူရီးယားဓာတ်မြေဩဇာများကိုလည်း ထပ်မံတင်ပြပြီး ရောင်းချရန် ခွင့်ပြုချက်ရပါက တောင်သူများလက်ဝယ်သို့ သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချ နိုင်ရေး သက်ဆိုင်ရာဌာနများမှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဈေးနှုန်းများသည့် သွင်းအားစု ဓာတုပိုးသတ်ဆေးများအစား သဘာဝပိုးသတ်ဆေးများ ပြုလုပ်၍လည်းကောင်း၊ တမာပိုးသတ်ဆေးများ ဝယ်ယူဖြန့်ဖြူးခြင်းဖြင့်လည်းကောင်း အစားထိုးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြင်းမူမြို့နယ်အတွင်း လယ်ယာသုံးစက်သုံးဆီများအတွက် ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီများမှ တစ်ဆင့် မြင်းမူမြို့နယ်အတွင်း ရောင်းချလျက်ရှိသည့် ဆီဆိုင်များနှင့် ချိတ်ဆက်ပြီး မိုးစပါးစိုက်ကေပြည့်မီရေး၊ မြေပြုပြင်ခြင်းလုပ်ငန်းများ (၈၀၈၈)ကေအတွက် ဒီဇယ်(၄)ဂါလံနှုန်းဖြင့်(၃၂၃၅၂)ဂါလံ၊ ရေတင်ခြင်းလုပ်ငန်းတွင်(၂၀၈၃)ကေအတွက် ဒီဇယ်(၄)ဂါလံနှုန်းဖြင့်(၈၃၃၂)ဂါလံ၊ ရိတ်သိမ်းခြင်းလုပ်ငန်းတွင် (၄၀၄၅)ကေအတွက် ဒီဇယ်(၄)ဂါလံနှုန်းဖြင့်(၁၆၁၈၀)ဂါလံ၊ ခြွေလှေ့သယ်ယူခြင်းလုပ်ငန်းတွင်(၆၀၆၆)ကေအတွက် ဒီဇယ်(၁. ၅)ဂါလံနှုန်းဖြင့် (၉၀၉၉)ဂါလံ စုစုပေါင်း(၆၅၆၅)ဂါလံ တင်ပြထားပြီး ဖြစ်ကြောင်းနှင့်ခွင့်ပြုချက်ရရှိပါက စက်သုံးဆီဆိုင်များမှတစ်ဆင့် တောင်သူများ လက်ဝယ်သို့ ဖြန့်ဖြူးရောင်းချနိုင်ရေး သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

× × × × × × ×

မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်ကြူကြူစိန်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ (က) ပါ ဥပဒေပြုရေးကဏ္ဍ ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အဆောက်အဦနှင့် ပတ်ဝန်းကျင်အား (၁၂)လရာသီ စိမ်းလန်းစိုပြေသန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ ဌာနတစ်ခုအား သီးသန့်တာဝန်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် ဒုတိယမေးခွန်းအနေဖြင့် မုံရွာမြို့ မြို့ပေါ်ရပ်ကွက်ရှိ အများပြည်သူသွားလာနေသော လမ်းမကြီးများ အပေါ်ထိရောက်အောင် ကျူးကျော်ပြီး ရောင်းချမည့် ပစ္စည်းများ စုပုံခြင်းတို့ကို သက်ဆိုင်ရာဌာနများမှ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်က စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံးအဆောက်အဦပတ်ဝန်းကျင်သန့်ရှင်းရေး၊ အပြိုက်သိမ်းဆည်းရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သာယာလှပရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝန်းအတွင်းဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေးအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်အဆောက်အအုံပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ရုပ်ပိုင်းဆိုင်ရာကဏ္ဍများကိုအကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် ဌာနများမှ ဌာနစုအလိုက် တာဝန်ပေးအပ်နိုင်ရေး တိုင်းဒေသကြီးလွှတ်တော် သန့်ရှင်းသာယာလှပရေးအတွက်

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(အဋ္ဌမနေ့)ကျင်းပ



တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယမှန်အစည်းအဝေး(အဋ္ဌမနေ့) ကို (၁၆- ၆ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၇၅) ဦးတို့ တက်ရောက်ကြပါသည်။

ဧမးခွန်းများ ဧမးဖြန်းခြင်း၊ ဧဖြေကြားခြင်းကဏ္ဍ



ဦးကျော်လွင်ဦး၊ ကသာ(၂)



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး

သြဂုတ်လ ၂၃ ရက်နေ့တွင် တိုက်ခိုက်ခဲ့သဖြင့် ခေတ္တလက်လွတ်ခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကသာမြို့တွင် အခြေပြု၍ နဘား၊ အင်းတော်၊ မော်လူးသို့ ချီတက်သိမ်းပိုက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် အင်းတော်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပါကြောင်း၊ အင်းတော်မြို့အား ပြန်လည်ထိန်းချုပ်ပြီးနောက် မြို့နေပြည်သူလူထု လုံခြုံမှုအတွက် နယ်မြေရှင်းလင်းခြင်း၊ မိုင်းရှင်းလင်းခြင်း လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှစ၍ အင်းတော်ဒေသခံပြည်သူများ စတင်ဝင်ရောက်နေထိုင်ခဲ့ပါကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအား မုံရွာမြို့မှတစ်ဆင့် စစ်ကိုင်း-ထီးချိုင့်-ကသာ-အင်းတော် လမ်းကြောင်းအတိုင်း လုံခြုံရေးယာဉ်များဖြင့် ၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် အင်းတော်မြို့သို့ ပို့ဆောင်ခဲ့ပါကြောင်း၊ ဒေသခံပြည်သူများ စတင်ဝင်ရောက်နေထိုင်ခဲ့သည့် ၂၀၂၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ အမျိုးသား(၃၅)ဦး၊ အမျိုးသမီး(၇၄)ဦး၊ စုစုပေါင်း(၁၀၉)ဦး ဝင်ရောက်နေထိုင်လျက်ရှိပြီး ယခုအခါ မန္တလေးမြို့မှ အင်းတော်မြို့သို့ ယခင်အခြေအနေများထက် လုံခြုံရေးပိုမိုကောင်းမွန်စွာ သွားလာနိုင်ပါကြောင်း၊ မြို့နေပြည်သူလူထုလုံခြုံရေးအတွက် လိုအပ်သည့်လုံခြုံရေးဆိုင်ရာကိစ္စများအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များဖြင့် ပူးပေါင်းပြီး ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

× × × × × × ×

ကသာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်လွင်ဦးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လုံခြုံရေးအရ ပြန်လည်ထိန်းချုပ်နိုင်သော မြို့နယ်များတွင် တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့အစီအမံများ ဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက အင်းတော်မြို့အား KIA/PDFသောင်းကျန်းသူများမှ ၂၀၂၄ ခုနှစ်၊

ဖေးစွန်းများ ဖေးမြှင်းခြင်း၊ ဖြေကြားခြင်းကဏ္ဍ



ဒေါ်ကြူကြူစိန်၊ မုံရွာ(၂)



စည်ပင်သာယာရေးဝန်ကြီး

သီးသန့် သန့်ရှင်းရေးအဖွဲ့ထားရှိရန် လိုအပ်သည့်အသုံးစရိတ်များကို ရသုံးခန့်မှန်း ခြေစာရင်းတွင် ထည့်သွင်းရေးဆွဲပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း ဖြေကြားခဲ့ပါသည်။

ဒုတိယမေးခွန်းနှင့်ပတ်သက်၍ မုံရွာမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ကျူးကျော်စွေးသည်များကို လမ်းမကြီးများ၊ လမ်းဘေးဝဲယာတစ်လျှောက် စွေးရောင်းချမှုမပြုဘဲ သတ်မှတ်ထားသည့် စွေးများတွင် သွားရောက်ရောင်းချရန် လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေး၊ လမ်းကြောပိတ်ဆို့မှု မဖြစ် ပေါ်စေရေး၊ စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ယာဉ်များ၊ စနစ်တကျရပ်နားထားရှိရန် နှင့် အမှိုက်ကန်များကို လမ်းမကြီးပေါ်တွင် လွယ်လင့်တကူမစွန့်ပစ်ဘဲ အဖွဲ့မှ သတ်မှတ်ထားသည့် အမှိုက်ကန်၊ အမှိုက်ပုံးများတွင် သွားရောက်စွန့်ပစ်ရေးကို စည်ပင်သာယာရေးဝန်ထမ်း(၂)ဖွဲ့ဖြင့် မေတ္တာရပ်ခံသည့် နည်းလမ်းများ၊ စည်းရုံးသည့် နည်းလမ်းများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနည်းလမ်း၊ အသိပညာပေးခြင်းနည်းလမ်းတို့နှင့် စည်းကမ်းထိန်းသိမ်းဆောင်ရွက်နေပါကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ရန် ပြည်သူများ ပူပေါင်းပါဝင်ရေး၊ စည်ပင်သာယာရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ ပြစ်မှုပြစ်ဒဏ်များကို သိရှိလိုက်နာစေရေး အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူ၍ နှိုးဆော်စည်းရုံးခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုက်နာဆောင်ရွက်ခြင်းမရှိသူများကိုလည်း သတိပေးအကြောင်းကြားစာ(၃)ကြိမ် ပေးပို့သွားမည်ဖြစ်ပြီး လိုအပ်ပါက တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် လက်ရှိတွင် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့(၂)ဖွဲ့နှင့် လုပ်ဆောင် ရာတွင် တိုးတက်မှုများရှိပါကြောင်း၊ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ယခင်က စွေးသည်များရှိပါကြောင်း ယခုအခါတွင် လုံးဝပပျောက်သည့်အနေအထားမဟုတ် သော်လည်း လျော့နည်းသွားကြောင်း၊ ပြင်ပရွှေရောင်းဝယ်သည့်ဆိုင်များသည် လမ်းဘေး ပလက်ဖောင်းပေါ်တွင် ကျူးကျော်နေခြင်းအား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွှေတော်ဝင် ဆေးခန်းရှေ့တွင် ဆိုင်ကယ်များ၊ ကားများ ရပ်နားမှုစနစ်မကျခြင်းကိုလည်း ပိုင်ရှင် များအား ခေါ်ယူအသိပေးခြင်းများ လုပ်ဆောင်နေပါကြောင်း၊ ကျောက္ကာလမ်းမကြီး ပေါ်ရှိ မြနဂါးစတိုးဆိုင်ရှေ့တွင်လည်း လမ်းဘေး Traffic Jump များ ဆိုင်ရှေ့ ရပ်နားထားသည့်များကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားခဲ့ပါသည်။

× × × × × × ×

၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ(၁၀)အရ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဥပဒေကြမ်းများ တင်သွင်းခြင်း အာဆိုတင်သွင်းခြင်း၊ မေးခွန်းမေးမြန်းခြင်းပြုနိုင်သည်။

အထူးကိစ္စရပ်များ လေ့လာစုံစမ်းစီစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

လွှတ်တော်ဥက္ကဋ္ဌမှ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးကိစ္စရပ်များ လေ့လာစုံစမ်းစီစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဦးမင်းမင်းဇေယျာမြင့်၊ စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)၊ အတွင်းရေးမှူး-၁ အဖြစ် ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး-၂ အဖြစ် ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)နှင့် အဖွဲ့ဝင်များအဖြစ်-

(၁) ဦးဌေးအောင်၊ ကလေးမြို့
(၂) ဦးသန်းအေး၊ ကလေးမြို့
(၃) ဦးတင်ဝင်း၊ ကသာမြို့
(၄) ဦးစိန်ထွန်း၊ ကသာမြို့
(၅) ဦးစိုးနိုင်၊ စစ်ကိုင်းမြို့
(၆) ဦးရဲမြင့်အောင်၊ စစ်ကိုင်းမြို့
(၇) ဦးဟန်ဇော်ထွန်း၊ မုံရွာမြို့
(၈) ဦးမျိုးဝင်းကြီး၊ မုံရွာမြို့
(၉) ဦးထွန်းထွန်းဦး၊ မုံရွာမြို့
(၁၀) ဦးကျော်စိုး၊ မုံရွာမြို့
(၁၁) ဦးသိန်းဇော်၊ မော်လိုက်မြို့
(၁၂) ဦးခင်မောင်ဆွေ၊ ဟုမ္မလင်းမြို့
(၁၃) ဦးမောင်ဆွေ၊ ယင်းမာပင်မြို့
(၁၄) ဦးစိုးမြင့်၊ ရွှေဘိုမြို့
(၁၅) ဦးကျော်ဝင်း၊ ကောလင်းမြို့
(၁၆) ဦးတင်မြင့်၊ တန့်ဆည်မြို့
(၁၇) ဦးရှိသီး၊ လေရှီးမြို့
(၁၈) ဦးခင်မောင်ရွှေ၊ တမူးမြို့
(၁၉) ဦးသန်းစိန်၊ ကန့်ဘလူမြို့
(၂၀) ဦးဉာဏ်တင့်၊ ကန့်ဘလူမြို့
(၂၁) ဦးစိန်သောင်း၊ ထီးချိုင့်မြို့
(၂၂) ကြည်း-၄၁၂၇၂၊ ဗိုလ်မှူးကြည်သာအောင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် နှင့် သက်တမ်းတို့ကို လွှတ်တော်ကသဘောတူအတည်ပြုကြောင်း ကြေညာပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၂၆ခုနှစ်၊ ဇွန်လ (၁၆)ရက်၊ အင်္ဂါနေ့၊ နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါသည်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့အခမ်းအနားကို (၁၁း၀၅) နာရီတွင် ရပ်နားပါသည်။